www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၀၂၄/၂၀၀၃ (၇)
မျက်နှာဖုံးခွင့်ပြုချက် ၈၉၃/၂၀၀၃ (၈)

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ ၅၀၀

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (မျိုးတေးသံစာပေ)
ပုလဲမြို့ ၃၊ ရွှေနံ့သာကျေးရွာ၊
မင်္ဂလာဒုံမြို့နယ်။

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၁၀၀ ကျပ်

ကွန်ပျူတာ
Dream City

ချစ်ဇောဟုန်

# ဆုအဉ္ဇလီ

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





"ကျုပ်က 'အချစ်' ဆိုတာကို စိတ်ကူးယဉ်တတ်တဲ့ အရူးတွေရဲ့ အလုပ်လို့ ထင်ခဲ့တယ်၊ 'အချစ်' ဆိုတဲ့ စကားဟာ ကျုပ်ဘဝအတွက် ရယ်စရာဟာသတစ်ခုပဲ...

ကျုပ်ဘဝမှာ မင်းနဲ့မတွေ့ခင်အချိန်ထိ လောကကြီးဟာ ပျော်ရွှင်စရာအပြည့်လို့ ထင်ခဲ့သမျှ မင်းနဲ့ကျမှ 'အချစ်' ဆိုတဲ့အရာဟာ ကျုပ်ရင်ဘတ်ကြီးထဲကို ဒုန်းခနဲ စိတ်ဝင်စားခြင်း ခံလိုက်ရတယ်...

ကျုပ်ရင်ဘတ်ထဲက အဲဒီအချစ်ဆူးကြီးကို ကျုပ်ဘယ်လိုနည်းနဲ့မှ ပြန်နုတ်လို့မရတော့ဘူး၊ ဘယ်လိုအရာတွေကမှ ကျုပ်ရဲ့အချစ်ကို ရိုက်ချိုးဖျက်ဆီးလို့ မရဘူး...

ကျုပ်ဘဝမှာ နောင်တမရဆုံးကတော့ မင်းကို ချစ်မိတာပဲ၊ ကျုပ်ရဲ့အချစ်က မင်းအပေါ်မှာ ကမ္ဘာတည်မယ့်အချစ်ပဲ..."

ဘလှသိန်းတင်



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာပေါ်မှာ ဘယ်သူမှ ဖန်တီးလို့မရတဲ့ စေခိုင်းလို့မရတဲ့ သူ့အလိုလို ဖြစ်ပေါ်လာတဲ့ အရာဟာ 'အချစ်'ပဲ...

အချစ်ဆိုတဲ့ ပန်းလေးတစ်ပွင့်ဟာ အင်မတန်ကို နူးညံ့တယ်၊ သိမ်မွေ့လွန်းတယ်၊ ဒီလို နူးညံ့သိမ်မွေ့လွန်းတဲ့ အချစ်ကို အကြမ်းဖက်ယူမယ်ဆိုရင်တော့ အဲဒီလူလောက် ကမ္ဘာပေါ်မှာ မိုက်မဲတာမရှိဘူးလို့ ကျွန်မ ထင်တယ်"

ထားယုနွယ်



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေ ဒက်ဒီရယ်၊ ထား အလာကိုတောင် မစောင့်တော့ဘူး၊ ထား ကို လောကကြီးထဲမှာ တစ်ယောက်တည်း စိတ်ချသွားပြီလား ရှင်၊ အဟင့် ဟင်"

ထား၏ကြေကွဲဖွယ်ကောင်းသော ငိုရှိုက်သံသဲ့သဲ့က တိတ်ဆိတ်ငြိမ်သက်နေသော ညှော်ခန်းကျယ်ကြီးထဲသို့ ပျံ့နှံ့သွား၏။ ဒေါ်စောမြမှာလည်း ထား၏ငိုသံကြောင့် မျက်ရည်စတို့ စို့စွတ်လာလျက် အတန်ငယ်နွမ်းနေပြီဖြစ်သော အင်္ကျီလက်ဖျားဖြင့် ပင့်ကာတို့ထိလိုက်သည်။ ထို့နောက် ဒီနေ့မှ ခရီးရောက်မဆိုက် ကြေကွဲမှုနှင့်ဆုံနေရသော တူမဖြစ်သူကို ဖြေသိမ့်ဖို့ကြိုးစား၏။

"ကြီးမြလဲ အစ်ကို့အတွက် စိတ်ထိခိုက်ရပါတယ်ကွယ်၊ ရုတ်တရက်ကြီး ထဖြစ်တာဆိုတော့ ထားဆီကို အကြောင်းမကြားလိုက်နိုင်ဘူး၊ ဆုံးမှပဲ ဖုန်းဆက်ဖြစ်တယ်၊ တကယ်တော့ အစ်ကို့ဟာ မမခင် ဆုံးပြီးကတည်းက စိတ်ဓာတ်ကျနေခဲ့တာပါကွယ်"

ထား သည် ငိုရှိုက်နေရာမှ ဖခင်ဖြစ်သူ၏ ရုပ်အလောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ုးစိုက်ကြည့်မိသည်။ အသားများညိုကာ ပိန်ကျသွားသော ဖေဖေသည် မိခင်ရှိတုန်းကနှင့် တခြားစီ၊ တကယ်ကို အရွယ်ကျသွားပါလား။ မိခင်ဖြစ်သူက လွန်ခဲ့သောသုံးနှစ်က ဆုံးပါးခဲ့၏။ မိသားစု သုံးယောက်သာရှိသော ဘဝမှာ မိခင်ဆုံးတော့ ထား နှင့် ဖေဖေ နှစ်ယောက်သာ ကျန်ခဲ့သည်။ ထိုစဉ်က ထား တက္ကသိုလ်မှာ ပထမ နှစ်တက်နေပြီ။

"မေမေ လဲမရှိတော့ အိမ်မှာ ဖေဖေတစ်ယောက်တည်းရယ် ထား ကျောင်းဆက်မတက်ဘဲ အိမ်မှာနေမယ် ဖေဖေ"

ဖခင်ဖြစ်သူကို မှဲ့ညှာကာ သူမဆိုတော့ ဖေဖေ ခါးသီးစွာ ပြုံးဆန်၏။

"မဟုတ်တာ သမီးရယ်၊ လူတွေဟာ လောကကြီးထဲက တစ်နေ့တော့ ခွဲခွာရတာပါပဲ၊ တရားကို ဖေဖေ နားလည်ပါတယ်၊ ဖေဖေ့ အတွက် သမီး ဘာမှမစိုးရိမ်နဲ့၊ အိမ်မှာ မစောမြ တို့လဲ ရှိတာပဲ၊ သမီး ပညာရေးကိုသာ ဖြောင့်ဖြောင့်သင်ပါကွယ်"

"ဒါပေမဲ့ သမီးက--"

"တော်ပြီ သမီး၊ ဘာမှဆက်မပြောနဲ့တော့၊ ဖေဖေ့အတွက်နဲ့ သမီး ပညာရေးထိခိုက်စရာ မလိုဘူး၊ သမီး ဘွဲ့ရတဲ့ပုံကို ဖေဖေ မြင်ချင်တယ်၊ ဖေဖေ့ကို စိတ်ချမ်းသာစေချင်တယ်ဆိုရင် သမီး ကျောင်းဆက်တက်ပါ"

တစ်ချက်လွှတ် ဖေဖေ ၏စကားအဆုံးမှာ ထား ဘာမှပြန်မပြောနိုင်တော့။ ဖေဖေ့ကို ငယ်ငယ်ကတည်းက ချစ်ကြောက်ခဲ့ရတာမို့





ယခုလည်း ဖေဖေ့စကားကို နားထောင်ရမည် ဖြစ်သည်။ ထို့နောက် ဖေဖေ့ကို စိတ်မချစွာထားရင်း သူမ တက္ကသိုလ်ပြန်ရောက်ခဲ့၏။

ထား တက္ကသိုလ်တက်နေစဉ်အတွင်း ဒက်ဒီက လစဉ် အချိန်မှန် ငွေပို့ပေးခဲ့သည်။ ဒက်ဒီ၏ စီးပွားရေးလုပ်ငန်းများ မည်သို့ရှိမည် မသိသော်လည်း ထား အတွက် ကျောင်းစရိတ်ကိုတော့ အမြဲပို့လျှံစွာ ပို့သည်။

"သမီး ကျောင်းမှာ မျက်နှာအငယ်မခံနဲ့၊ သူများနည်းတူ သုံးပါ"ဟု ဆိုကာ ထား အတွက် လိုလေသေးမရှိစေရန် ပို့ပေးခဲ့ခြင်းပါ။ ထား မှာ ဒက်ဒီ၏မေတ္တာကြောင့် ကျောင်းတက်နေစဉ်ကာလ ပတ်လုံး ဘာမှမပူပန်ခဲ့ရ။ လူကြားထဲမှာ မျက်နှာမငယ်ခဲ့ရတာ ဒက်ဒီ ကျေးဇူးပင်။

တစ်နှစ်မှာ ကျောင်းပိတ်ရက်တစ်ချိန်သာ အိမ်ပြန်ခွင့်ရ၏။ ဒက်ဒီသည် ထား ပြန်လာတိုင်း အပြုံးဖြင့်ကြိုခဲ့သည်။ ဒက်ဒီ ၏ အပြုံးကိုမြင်ရတိုင်း ထား စိတ်ချမ်းသာခဲ့သည်။ နောက်ဆုံးတစ်ခေါက် ပြန်ပြီးချိန်မှာတော့ ဒက်ဒီက–

"သမီးလဲ ရှေ့နှစ်ဆိုရင် ကျောင်းပြီးတော့မယ်၊ ဒီတစ်နှစ် ကျောင်းပိတ်ရင် အိမ်မပြန်ဘဲ ဟိုမှာသင်တန်းတွေတက်ပါ၊ ဘွဲ့ရပြီး လိုအပ်တဲ့ သင်တန်းတွေတက်ထားတော့ တစ်နေ့ သမီး အလုပ်ဝင်ချင်တဲ့အခါ အဆင်သင့်ဖြစ်တာပေါ့"

"ဒါဆို ဒက်ဒီနဲ့ ဘယ်လိုတွေ့ရမလဲ"

ထား အတွက်တော့ ထိုသင်တန်းတွေထက် တိုက်ကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံးမှာ အဖော်မဲ့စွာရှိနေသော ဒက်ဒီ အတွက် စိတ်ပူပန်စွာ မေးမိ၏။ ထား အမေးကို ဒက်ဒီ ပြုံးသည်။

"ဒါများ လွယ်လွယ်လေး သမီးရယ်၊ သမီးကိုတွေ့ချင်ရင် ဒက်ဒီ လာမှာပေါ့"

ပေါ့ပါးစွာပြောလိုက်သော ဒက်ဒီကြောင့် ထား ၏စိတ်ပူပန်မှု လျော့သွားလျက် ထိုအစီအစဉ်ကို သဘောတူလိုက်ရ၏။ ထိုတစ်နှစ်က အိမ်မပြန်ဘဲ ဒက်ဒီ တက်စေချင်သော သင်တန်းကို တက်လိုက်သည်။ ဒက်ဒီ နှစ်ခေါက်သာလာ၍ ထား အတွက် ငွေများစွာပေးခဲ့သည်။

ဒက်ဒီပေးသမျှ ထား ယူထားပေမဲ့ ဒက်ဒီ၏စီးပွားရေးအခြေအနေကိုတော့ တစ်ခါမှ မမေးမိခဲ့။

"ဒက်ဒီ ပိန်သွားတယ်"ဟု ဆိုတော့–

"အလကားပါ သမီးရယ်၊ အသက်ကြီးလာတော့ အစားအသောက် နည်းနည်းပျက်တာပေါ့" ပြုံးလျက်ပြောကာ ထား ထိပ်ကို ဖွဖွပုတ်လျက်–

"ဒက်ဒီ အတွက် ဘာမှမပူနဲ့၊ သမီးသာ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်"ဟု ပြောခဲ့သည်။

သည်လိုမှာခဲ့သော ဒက်ဒီ က ယခုကျတော့ ရုတ်တရက်ဆုံးပါးသွားတဲ့အဖြစ်ဟာ သူမအတွက် အိပ်မက်လိုပါပဲ။

"ဒက်ဒီ ဒက်ဒီ ရယ်၊ ဒီလိုမှန်းသာသိရင် သမီး ဒက်ဒီ အနားက တစ်ဖဝါးမခွာခဲ့ပါဘူး"





ဒက်ဒီ ရင်ဘတ်ပေါ် မျက်နှာမှောက်ချလျက် သူမ သည်းထန်စွာ ငိုမိချိန်မှာ အပြင်ဘက်မှာ မိုးတွေ သည်းထန်စွာရွာနေ၏။

သည်မိုးနှင့်အတူ ထား ၏ဘဝတစ်ဆစ်ချိုးကို ပြောင်းလိမ့်မည်ဟု မထင်ခဲ့။

"ဟော ဦးဘလှသန်းတင့် တို့ပါလား၊ ကြွပါရှင် ကြွပါ"

ဒက်ဒီ အတွက် စိတ်ထိခိုက်လွန်းစွာ ငိုကြွေးနေသောသူမမှာ ကြီးမြ ၏အသံသဲ့သဲ့ကို ကြားလိုက်မိသလိုရှိပေမဲ့ လှည့်မကြည့်။ ဒီအချိန် ဒီအခါမှာ ထား ဘာကိုမှ စိတ်မဝင်စားနိုင် ထား ဘဝအတွက် အားကိုးအားထားရာ ရွှေတောင်ကြီးပြိုလဲရတဲ့အချိန် မဟုတ်လား။

ထိုစဉ် ညြရှသည်နှင့်အမျှ ညြစာသံတစ်မျိုးပါသော ဝါညက်သော ယောကျ်ားသံတစ်သံ ထွက်ပေါ်လာ၏။

"ငိုနေတာ ဘယ်သူလဲ ဒေါ်စောမြ"

"အစ်ကိုကြီး သမီးပါ ဦးဘလှသန်းတင်၊ ရန်ကုန်တက္ကသိုလ်မှာ တက်နေတယ်ဆိုတာ၊ ဒီနေ့ပဲ ရောက်တယ်"

"ဪ"

ထို့နောက် ကြီးမြ က ထား ထံလျှောက်လာလျက် ငိုရှိုက်နေသော ထား ၏ပခုံးကို လက်ဖြင့် အသာတို့ထိကာ–

"ထား ထား ရယ် ကိုယ့်စိတ်ကိုယ်ထိန်းပါကွယ်၊ ဟိုမှာ ဧည့်သည်တွေရောက်နေတယ်"

ကြီးမြ သတိပေးမှ ထား ငိုရှိုက်နေရာမှ ပတ်ဝန်းကျင်ကို သတိရလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ၊ ထား ငိုရှိုက်နေ၍မဖြစ် လုပ်စရာရှိသေး၏။ ဒက်ဒီ နာရေးအတွက် လာမေးသောဧည့်သည်များကို သောကကြားမှ ထား ဧည့်ခံရဦးမည်။ ထို့ကြောင့် မျက်ရည်များကို အသာတို့ထိ သုတ်ကာ ဧည့်ခန်းဆီသို့ ဖြည်းညှင်းစွာလှည့်အကြည့်–

“အို”

စူးရှတောက်ပသော မျက်လုံးတစ်စုံက ထား ကို တည်ငြိမ်စွာ စိုက်ကြည့်နေတာကြောင့် ရုတ်တရက် သူမ အနေရခက်သွားသလို ပါပဲ။ ထိုသူမှာ အသားအနည်းငယ်ညိုလျက် အရပ်အမောင်းမြင့်မား ကာ နဖူးကျယ်ကျယ် မျက်ခုံးကောင်းကောင်း မျက်လုံးတောက်တောက် နှာတံချွန်ချွန်ဖြင့် ပိရိသေသပ်သော နှုတ်ခမ်းအစုံက ဘာမဆို ပြတ်သား စွာလုပ်မည့်ဟန်ဖြင့် နက်မှောင်သောဆံပင်တိုတိုကို သေသပ်စွာ ဖြီး ထား၏။

အသက်အားဖြင့် လေးဆယ်ဝန်းကျင်လောက်ရှိပြီး နက်ပြာ ရောင် ရှိုင်ပုဆိုးကို အဖြူရောင်ရှပ်လက်ရှည် လည်ကတုံးအကျီနှင့် တွဲဝတ်ထားကာ အပေါ်မှ သက္ကလပ်အပါးစား မီးခိုးရောင်တိုက်ပုံ အကျီကို ထပ်ဝတ်ထား၏။ ခန့်ညားသော ထိုလူ၏အသွင်သည် ကြည့်လိုက်တာနှင့် လူကြီးလူကောင်းတစ်ယောက်ဟု ပြောစရာမလို၊ ထား ကိုကြည့်နေသော သူ့မျက်ဝန်းများက ကရုဏာရိပ်လွှမ်းနေသည် ဟု ထင်သည်။

သူနှင့် ထား တစ်ဦးနှင့်တစ်ဦး အကြည့်ချင်းဆုံစဉ် ကြီးမြ က မိတ်ဆက်ပေးလေသည်။





“ထား သူက အစ်ကိုကြီးရဲ့ အရင်းနှီးဆုံးမိတ်ဆွေ ဦးဘလှ သန်းတင်ပဲ၊ ဒီမြို့မှာတော့ ဂုဏ်သရေရှိလူကြီးတစ်ယောက်ပေါ့ …”

“အစ်ကိုကြီးဆုံးတော့ ဦးဘလှသန်းတင် လဲ အနားမှာရှိတယ်”

ဪ… ဒီလူဟာ ဒက်ဒီရဲ့ အခင်မင်ဆုံးမိတ်ဆွေဆိုပါလား အသိဖြင့် သူ့ကို အသိအမှတ်ပြုစွာ ကြည့်မိလျက်ဖြစ်သွား၏။

“ဟုတ်… ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ် အန်ကယ်”

“အို… ဘယ်နှယ် ထား ကလဲ၊ ဦးဘလှသန်းတင် လို့ ဂုဏ် အရ တပ်ခေါ်နေရပေမဲ့ အသက်လေးဆယ်ဝန်းကျင်ပဲ ရှိပါသေးတယ်၊ ထား ဒက်ဒီနဲ့က ညီအစ်ကိုလိုပဲ၊ အစ်ကိုကြီးလို့ ရင်းရင်းနှီးနှီးခေါ်ပါ ကွယ်”

ထား ၏ (အန်ကယ်)အခေါ်ကို ဦးဘလှသန်းတင် မျက်နှာ တစ်ချက်ပျက်သွားသလို ကြီးမြ မှာလည်း အားနာဟန်ဖြင့် အမြန် ဝင်ရောက်တားဆီးလေသည်။ ထို့နောက် ဦးဘလှသန်းတင် က သဘောထားကြီးသော အပြုံးဖြင့်–

“နေပါစေ ခေါ်စေမြ၊ ဒီအချိန်မှာ ထား စိတ်ထိခိုက်နေတာပဲ၊ ကျွန်တော့်အတွက် ဘယ်လိုခေါ်ခေါ် ကိစ္စမရှိပါဘူး––

“ထား ထား ရောက်မဆိုက် ခုလို စိတ်ထိခိုက်စရာနဲ့ ကြုံရတဲ့ အတွက် အစ်ကိုကြီး စိတ်မကောင်းပါဘူးကွယ်”

သူက သူမကို တစ်ရင်းတစ်နှီး ထား ဟု ပိုင်ပိုင်ခေါ်လိုက်၊ တစ်ဖန် ပြန်လည်အားပေးနေတာကြောင့် သူမ ယောင်အမ်းအမ်း ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ရှင်၊ ထား မရှိတုန်းမှာ ဒက်ဒီ အနားမှာ အဖော်အဖြစ်ရှိပေးတဲ့အတွက်–"

သူက ညင်သာစွာ ခေါင်းခါယမ်း၏။

"ဒါ ကျေးဇူးတင်စရာ မဟုတ်ပါဘူးဗျာ၊ အန်ကယ် လိုလူမျိုးက တကယ့်ကို ခင်မင်လေးစားစရာကောင်းတာပါ၊ ရုတ်တရက် အန်ကယ် ဆုံးတော့ အစ်ကိုကြီး အများကြီးစိတ်ထိခိုက်ရပါတယ်"

တကယ်ပဲ စိတ်မကောင်းသည့်အသွင်ဖြင့် ဦးဘလှသန်းတင်၏ ကြည်လင်သောမျက်နှာမှာ ညှိုးသွားရလေ၏။

ဒက်ဒီ အကြောင်းမို့ သူမ မျက်ရည် အိခနဲဝိုင်းလာကာ ဟန်မဆောင်နိုင်ဘဲ တစ်ချက်ငိုရှိုက်မိလိုက်၏။ ဦးဘလှသန်းတင်က စိတ်မကောင်းဟန်ဖြင့် သက်ပြင်းတစ်ချက်ချကာ–

"ငိုပါ ထား၊ ဒီအချိန်မှာ စိတ်ထဲရှိသမျှ အားရပါးရငိုလိုက်ပါကွယ်၊ စိတ်ကို ဘာမှ ချုပ်တည်းမထားပါနဲ့၊ အန်ကယ် နာရေးအတွက် ထား ဘာမှမပူပါနဲ့၊ အစ်ကိုကြီး အစစအရာရာ စီမံပေးပါ့မယ်"

ထိုစကားကြောင့် မျက်ရည်များကြားမှ သူမ ကျေးဇူးတင်စွာ ကြည့်လိုက်၏။

"ကျေး ကျေးဇူးတင်ပါတယ်ရှင်၊ ထား ကို ခွင့်လွှတ်ပါ"

သူမ ဆက်လက် ဟန်မဆောင်နိုင်တာမို့ ဦးဘလှသန်းတင် အနားမှခွာကာ အခန်းထဲသို့ပြေးဝင်ခဲ့တော့၏။ ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ သူမစိတ်ထဲ အထီးကျန်ကာ အားငယ်နေတာ အမှန်ပင်ဖြစ်၏။

* * *





သည်နေ့ ဒက်ဒီကို မြေချတဲ့နေ့၊ ထား ဘဝအတွက် စိတ်အထိခိုက်ရဆုံးနေ့ ဖြစ်သည်။ အိမ်မှထွက်ကတည်းက ထား မှာ စိတ်ထိခိုက်လွန်းရသဖြင့် ဘယ်ကားပေါ်ရောက်ကာ ဘယ်သူတွေ အနားမှာရှိတယ်ဆိုတာကို သတိမပြုမိနိုင်တော့။

"ဒက်ဒီရေ ဒက်ဒီ"

ဒက်ဒီကိုသာ တမ်းတရင်း ထား သည်းထန်စွာငိုကြွေးမိ၏။

"ထား ထားရယ်"

ဦးဘလှသန်းတင် မှာ သူ့ရှေ့တွင် မိန်းမလှလေးတစ်ယောက် သည်းထန်စွာငိုကြွေးနေတာကို ဒီတစ်ကြိမ်သာ နီးနီးကပ်ကပ် မြင်တွေ့ရတာမို့ တစ်သက်လုံးက ဘယ်မိန်းမအပေါ်မှ သနားရမှန်းမသိသော သူ့နှလုံးသားတွေက ထား အပေါ်ဝယ် ကရုဏာစိတ်များ ယိုဖိတ်လျက် သနားခြင်းက တားဆီး၍မရအောင်ပါပဲ။

ထား ကို စတွေ့သည့်နေ့မှစ၍ သူ့ရင်ထဲတွင် အောက်မှတ်ရရ ဖြစ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်စံ မှာ သမီးတစ်ယောက်ရှိတယ်ဆိုတာ သိပေမဲ့ သူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့။ မှန်တာပြောရလျှင် စိတ်မဝင်စားခဲ့ပါ။

သည်မြို့ကို သူပြောင်းလာတော့ ဦးမြတ်စံ တစ်ယောက် စီးပွား အတော်ကျနေပြီ။ မိန်းမကလည်း ဆုံးပြီးခါစအချိန် သမီးကလည်း အဝေးမှာရောက်နေတာကြောင့် ဦးမြတ်စံတစ်ယောက် လောကကြီးမှာ စိတ်ညစ်နေသမျှ သူနှင့်တွေ့ကာ ပျော်ရွှင်စရာများ စတင်တွေ့တော့၏။

"အန်ကယ် ကလဲဗျာ၊ လောကကြီးမှာ ပျော်ပျော်နေစမ်းပါ၊ ရခဲတဲ့လူ့ဘဝမှာ ကျွန်တော်ကတော့ ပျော်ပျော်နေတယ် အန်ကယ်"

တကယ်ပဲ သူ့ဘဝမှာ စိတ်ညစ်စရာဆိုတာ မရှိ၊ ချမ်းသာသည့် မျိုးရိုးမှ ဆင်းသက်လာတာ မဟုတ်ပေမဲ့ သူ၏ ပါးနပ်လည်ဝယ်မှု ကြောင့် ဒီနေ့ ဒီအချိန်မှာတော့ 'ဘလှသန်းတင်'ဟူ၍ လူကုံထံများ အလယ်မှာ မျက်နှာ မော်ကြွားနိုင်ခဲ့ပြီ။ သူ့ဘဝမှာ ကြိုက်နှစ်သက်တာ ဆို၍ အရက်နှင့် ငွေပင်။ ငွေရဖို့ဆို ဘာမဆိုလုပ်၏။ သူ့အတွက် အမြတ်အစွန်းကျန်မည့် အလုပ်မျိုးကို အမြဲတမ်း ရွေးချယ်တတ်သူ။ သူလုပ်သည့်လုပ်ငန်းတိုင်းသည် သူ့အတွက် အမြဲတမ်း အကျိုးအမြတ် ရှိသည်သာ။

စိတ်ဓာတ်ကျ၊ စီးပွားကျစပြုနေသော သူဌေးဦးမြတ်စံ ကို တွေ့တော့ သူ့အတွက် သားကောင်ဟုသာ မြင်ခဲ့၏။ ထို့ကြောင့် ဦးမြတ်စံ ကို ရင်းနှီးအောင်ပေါင်းကာ အမှောင်လောကသို့ တဖြည်း ဖြည်း ဆွဲခေါ်၏။

"လာ အန်ကယ်၊ ဒီတိုင်း စိတ်ဓာတ်ကျ မှိုင်နေမယ့်အစား





ကျွန်တော်တို့နဲ့ အပျော်လုပ်စမ်းပါ"

ဦးမြတ်စံ ကို ဖဲရိုက်တတ်အောင် သူ စတင်သင်ပေးခဲ့၏။ အထီးကျန်ဆန်ကာ စိတ်ဓာတ်ကျနေသော ဦးမြတ်စံသည် သူ၏ ဆွဲဆောင်မှုကို အလွယ်တကူ လက်ခံခဲ့၏။ အစပိုင်းများမှာ ဦးမြတ်စံ ကို အနိုင်ပေးကစားတာကြောင့် ဦးမြတ်စံတစ်ယောက် အတော်သဘော ကျသွားရလေသည်။ ဖဲမှတစ်ဆင့် ဂျင်၊ တစ်ချပ်မှောက် စသော လောင်းကစားနည်းများဖြင့် ဦးမြတ်စံ ကို ဆွဲဆောင်ခဲ့၏။ အထီးကျန် ဖြစ်နေသော ဦးမြတ်စံ သည် လောင်းကစားကို စွဲမက်လာကာ နောက်ဆုံး ပတ်ဝန်းကျင်ကို မေ့လျော့ခဲ့ပြီ။

အစပိုင်းရှိန်များက နိုင်သလောက် နောက်ပိုင်းမှာ ဦးမြတ်စံ ရှုံးတော့သည်။ ထိုအခါ ရှုံးမဲ့ဖြင့် ပို၍ကစား ပို၍ရှုံးနှင့် ဦးမြတ်စံ မှာ အကြွေးတွေပိုင်းလာလေ၏။

"အစ်ကိုကြီး အကြွေးတွေအတွက် မပူနဲ့၊ ကျွန်တော် ဆပ်ထားပါ့မယ်"

"ကျေးဇူးပဲ မောင်ဘလှသန်းတင် ရယ်၊ ကျုပ်တော့ ရှုံးထားသမျှ ပြန်ဆပ်ဖို့ကြိုးစားရမှာပဲ"

သို့သော် ရှုံးထားတာတွေ မဆပ်နိုင်သည့်အပြင် ထပ်၍ ထပ် ရှုံးကာ ဦးမြတ်စံ၏ စီးပွားရေးလုပ်ငန်းတချို့နှင့် လက်ရှိအိမ် ခြံကို သူ့ထံ အပေါင်ထားရလေတော့သည်။

"ဒီအကြောင်းတွေ ကျုပ်သမီးလေး သိလို့မဖြစ်ဘူး မောင် ဘလှသန်းတင်၊ ကျုပ် သမီးကို ပညာဖြောင့်ဖြောင့်သင်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အစ်ကိုကြီးရယ်၊ ကျွန်တော့်ဆီက ငွေလိုသလောက် ယူပါ"

အမြင်ရှိတာမို့ သူက ဦးမြတ်စံ စိတ်ကြိုက် ငွေတွေထုတ်ပေး၏။ ငွေလွယ်လွယ်ထုတ်ပေးသူရှိတာမို့ ဦးမြတ်စံ သည် ဘာကို လေးလေးနက်နက် မစဉ်းစားဘဲ လွယ်လွယ်သုံးတော့သည်။

သမီးဖြစ်သူထံလည်း ငွေကို ဟန်မပျက် ပုံမှန်ပို့ပေး၏ နောက်ဆုံးမှာတော့ အတိုးနှင့်အရင်းပေါင်းကာ ဦးမြတ်စံ တိုက်ကြီး သူ့နာမည်ဖြင့် လွှဲဖို့ပြောသည်။

ထိုနေ့က စာကြည့်ခန်းထဲမှာ ဦးမြတ်စံ နှင့်သူ နှစ်ယော တည်း။

"ကဲ အစ်ကိုကြီး၊ ကျွန်တော် အစ်ကိုကြီးကို ဘယ်လောက် တယ်ဆိုတာ အစ်ကိုကြီး သိပါတယ်၊ ဒါကြောင့် အစ်ကိုကြီးလိုသ ငွေ ကျွန်တော် လွယ်လွယ်ပဲထုတ်ပေးခဲ့တယ်၊ ဒါပေမဲ့ ခုတေ အစ်ကိုကြီး ယူထားတဲ့ငွေတွေဟာ အတိုးနဲ့အရင်းပေါင်းရင် မနည် တော့ဘူး၊ ဒါကြောင့် ဒီတိုက်ကို ကျွန်တော့်နာမည်နဲ့ လွှဲပေးပါ

"ဟင်..."

အလျှင်ကလို ရယ်ရယ်မောမောအသွင်မဟုတ်ဘဲ တည်ကြ သော မျက်နှာဖြင့် တောင်းဆိုလာသော သူ့ကို ဦးမြတ်စံ အံ့သြဟန် ကြည့်သည်။

"ကျုပ် ကျုပ် မလွှဲပေးနိုင်ဘူး"

ထိုအခါ သူက နှုတ်ခမ်းမဲ့မဲ့ပြုံးလျက် ဦးမြတ်စံ ကို စို ကြည့်၏။





"ဒါဆိုလဲ လွယ်ပါတယ်လေ၊ ခင်ဗျား ကျုပ်ဆီက ယူထားတဲ့ ဗိုက်ဆံတိုင်းမှာ ခင်ဗျားရဲ့လက်မှတ်ထိုးထားတာပဲ၊ ကျုပ် တရားရုံးက တစ်ဆင့် ပြောရတာပေါ့..."

"အဟွန်း တစ်ခုစိတ်မကောင်းစရာကတော့ ဒီအကြောင်းကို ခင်ဗျားရဲ့ တက္ကသိုလ်တက်နေတဲ့ သမီးလေးသိသွားရင်တော့ လူပုံ အလယ်မှာ ဘယ်လောက်မျက်နှာငယ်ပြီး ရှက်ရှာမလဲဆိုတာ"

သူ၏ ခြိမ်းခြောက်မှုက ဦးမြတ်စံ ရင်ကို ထိသွားသည်။ 'သမီး'ဟု ပါလာတာနှင့် ဦးမြတ်စံ မျက်နှာ အကြီးအကျယ်ပျက်ကာ–

"မင်း မင်း လူယုတ်မာ၊ ငါ့ကို ဒီလောင်းကစားနည်းတွေ သင်ပေးပြီး ငါ့ဘဝကို ဖျက်ဆီးတာ"

"ဟဲ ဟဲ ဒါတော့ အစ်ကိုကြီး ကြိုက်သလိုထင်ပါ၊ ဘယ်ကိစ္စ ဆို လူတွင်ပါမှ ကျားကိုက်တာပါ ခင်ဗျာ"

အစက ခင်မင်စရာကောင်းလှပြီဟု ထင်ခဲ့သော ဘလှသန်းတင် ၏မျက်နှာသည် ယခုတော့ ဦးမြတ်စံအတွက် ကြောက်စရာဘီလူး တစ်ကောင်နှယ် ဖြစ်ခဲ့ပြီ။ သို့သော် ဦးမြတ်စံ သိရချိန်က များစွာ နောက်ကျသွားပြီ။

"ကဲ အစ်ကိုကြီး အားတော့နာပါရဲ့၊ ဒီမှာ ကျွန်တော် အသင့် ယူလာတဲ့ စာချုပ်လေးပေါ် လက်မှတ်ထိုးပေးပါ"

လောကတွင် သူသနားညှာတာမည့်လူဟူ၍ တစ်ယောက်မှ မရှိဟု ထင်ထားသော ဘလှသန်းတင် က ယခုလည်း ဦးမြတ်စံ အပေါ် နည်းနည်းမှ သနားကရုဏာစိတ်မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်စံ မှာလည်း အကြွေးတွေအတွက် ပေးဆပ်စရာဟူ၍ ဒီတစ်လမ်းသာရှိတော့တာမို့ ကိုယ့်မိုက်ပြစ်ကိုယ်ခံကာ အံတင်းတင်း ကြိတ်လျက် နောက်ဆုံးမှာ စာချုပ်တွင် လက်မှတ်ထိုးပေးလိုက်ရ၏။

"ကျုပ် ကျုပ်ကို ကတိပေးစမ်းပါ၊ ဒီကိစ္စကို ကျုပ်သမီးလေး ကို အသိမပေးပါနဲ့"

"အင်း နောက်ခြောက်လအထိ ဒီအိမ်ပေါ်မှာ ခင်ဗျားကို နေခွင့်ပြုမယ်၊ ခင်ဗျားသမီးကိစ္စတော့ ခင်ဗျားဘာသာ ကြည့်ရှင်းပေါ့"

"မင်း... မင်း..."

"ဝုန်း"

"ဟင်..."

ရုတ်တရက် ဦးမြတ်စံ နေရာမှာပဲ လဲကျသွားတဲ့မို့ သူအံ့ဩ သွား၏။ သူ ဒူးထောက်ကာ ဦးမြတ်စံ ကို စမ်းလိုက်သည်။

သွားပြီ။

ဦးမြတ်စံ တစ်ယောက် ချက်ချင်းအသက်ပျောက်သွားတာပါ လား။ သူ စာချုပ်ကို အိတ်ထဲအမြန်ထည့်ကာ ဒေါ်စောမြ ကို အော် ထပ်ဆင်းခေါ်၏။ ထို့နောက် ဆရာဝန်ခေါ်သည်။

သူထင်သည့်အတိုင်း ဆရာဝန်ရောက်လာချိန်မှာတော့ ဦးမြတ်စံ အသက်ပျောက်နေပြီ။

ရုတ်တရက် ဦးနှောက်ကြောပြတ်ခြင်းတဲ့။

စိတ်ထိခိုက်ကာ ဖြစ်သွားရတဲ့အဖြစ်မို့ သူ အဖြစ်မကင်းသလို ဖြစ်ပေမဲ့ ထိုအချိန်မှာတော့ သူသည် ဦးမြတ်စံ ကို စိတ်မကောင်းစွာ သာ ကြည့်မိ၏။





ဦးမြတ်စံ ဦးမြတ်စံ နောင်ဘဝကျရင် ခင်ဗျား ကျုပ်လိုလူမျိုးနဲ့ မတွေ့ပါစေနဲ့ဗျာ။

သူ ရင်ထဲမှ တိုးတိတ်ဆုတောင်းသံကို တခြားလူတွေ ကြား သိလျှင်ဖြင့်--

ထို့နောက် သူက ဟန်မပျက် ဦးမြတ်စံ အတွက် များစွာ စိတ်ထိခိုက်ကြောင်း ပြောဆိုကာ နာရေးကိစ္စအတွက် တက်ကြွစွာ ကူညီ၏။

"တက္ကသိုလ်တက်နေတဲ့ သူ့သမီးကို အကြောင်းကြားပြီးပြီလား ဒေါ်စောမြ"

ဒေါ်စောမြ သည် ငိုရှိုက်နေရာမှ ခေါင်းညိတ်၏။ ထား ရောက်ချိန်မှာ သူ အိမ်ပြန်သွားချိန် ဖြစ်၏။

သူပြန်လာတော့ ထား ရောက်နေပြီး ဖခင်အလောင်းကို ကာ ရှိုက်ကြီးတငင်ငိုနေသော နက်မှောင်သော ဆံပင်ရှည်များ ဖြန့်ကျဲလျက် ဖြူဆွတ်သော အသားအရေဖြင့် နောက်ပိုင်းကကြည့်တာ နှင့်ပင် အချိုးအစားပြေပြစ်သော မိန်းကလေးတစ်ယောက်။

ဒေါ်စောမြ က သွားပြောချိန်တွင် အငိုမျက်ဝန်းများဖြင့် သူ့ ဆီသို့ ဖြည်းညှင်းစွာ လှည့်ကြည့်လာသော သောကအပူများကြားမှပင် လှမောလှပသည့် ထား ၏ရုပ်သွင်ကို သူကိုယ်တိုင်ပင် တစ်ခဏ တွင်း ငေးစိုက်ကြည့်ဖြစ်သွား၏။

"ဒါ အစ်ကိုကြီး သမီးလေ"

ဟု ဒေါ်စောမြ မိတ်ဆက်ပြောချိန်၌ ဦးမြတ်စံ ၏သမီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်လှပချောမောလိမ့်မည်ဟု မထင်ခဲ့။

သူ့တစ်သက်မှာ ယနေ့ချိန်ထိ အိမ်ထောင်မပြုပေမဲ့ မိန်းမ ပေါင်းများစွာကို တွေ့ခဲ့ပါ၏။ ဆက်ဆံခဲ့ဖူးပါ၏။ သို့သော် ဘယ် မိန်းမအပေါ်မှ တပ်မက်စွဲလမ်းခြင်းဆိုတာ မရှိခဲ့။ မိန်းမမှန်သမျှ သူ့အတွက် အပျင်းပြေဆော့ကစားစရာများဟုသာ ထင်ခဲ့သည်။

ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝလျက် ဒီအချိန်ထိ အိမ်ထောင် မပြုသေးသော သူ့ကို မိတ်ဆွေများက–

“ဘယ်လိုလဲဗျ ဦးဘလှသန်းတင်၊ ဒီနေ့ထိ တစ်ကိုယ်တည်း လူပျိုကြီးလုပ်နေရတာ မငြီးငွေ့ဘူးလားဗျ”

“ဦးဘလှသန်းတင် ရေ၊ လူ့ဘဝဆိုတာ အသက်လေးဆယ်မှ စတယ်ဆိုဗျ၊ ဟဲ ဟဲ ခင်ဗျားလေး ဘဝစသင့်ပြီထင်တယ်ဗျို့”

သူ့အရွယ် မိတ်ဆွေများမှာ အိမ်ထောင်ကိုယ်စီ သားသမီး ကိုယ်စီနှင့်ဖြစ်ကာ တစ်ကိုယ်တည်းဖြစ်နေသော သူ့ကို အထော့အငေါ့ တွေဖြင့် စကြ နောက်ကြပေမဲ့ သူကတော့ အပြုံးမပျက်။

“ကျုပ်တစ်သက်တော့ အိမ်ထောင်ပြုဖို့ဆိုတာ အတော်စဉ်းစား ရမယ့် ကိစ္စပဲဗျ--

“ဟဲ ဟဲ ကျုပ်လိုလူက အိမ်ထောင်ပြုရတာထက် တစ်ကိုယ် တည်းနေရတာကို ပိုကြိုက်တယ်ဗျ”

“ဒါ ခင်ဗျား အကြိုက်မတွေ့သေးလို့ ပြောတာပါဗျာ၊ တကယ် ‘အချစ်’ကို တွေ့လာရင် ခင်ဗျား ဒီစကားမျိုးပြောနိုင်မယ် မထင်ပါဘူး”

ထိုစကားကြောင့် သူ ဆတ်ခနဲ ပခုံးတွန့်လိုက်၏။





“သွားစမ်းပါဗျာ၊ ‘အချစ်’ဆိုတာ စိတ်ကူးယဉ်တတ်တဲ့ အရူး တွေရဲ့အလုပ်ပါ၊ ကျုပ်ကတော့ လက်တွေ့ကျတာကိုပဲ သဘောကျ တယ်၊ ကျုပ်ဘဝမှာ တန်ဖိုးထားတာက ကျုပ်ရဲ့လွတ်လပ်မှုပဲ”

“အင်း ဦးဘလှသန်းတင်၊ ခင်ဗျား နှလုံးသားမှာ ‘အချစ်’ ဆိုတာ မတွေ့တော့လဲ ခုချိန် ဒီလိုစကားမျိုးပြောနိုင်မှာပေါ့ဗျာ–

“အချစ်မရှိဘဲ ခင်ဗျား အမြဲတမ်း ပျော်ရွှင်နိုင်ပါစေလို့ ကျုပ် တို့ ဆုတောင်းပေးပါတယ်”

ထိုစဉ်က သူ့တို့စကားကို ရယ်မောကာနေခဲ့သော သူသည် ထား ကိုတွေ့ရချိန်မှာတော့ တုန်လှုပ်သွားရ၏။

ထား ၏မျက်ဝန်းများသည် သူ့နှလုံးသားကို ပြင်းထန်စွာ လှုပ်ရှားစေလျက် ထား ၏ငိုရှိုက်သံများက သူ့ရင်ကို ထိနိုက်စေပြီ။

ယခုလည်း ငိုရှိုက်နေသော ထား ကို သူ ဘယ်လိုနှစ်သိမ့် ရမှန်း မသိတော့။ မိန်းမလှတစ်ယောက်၏ မျက်ရည်က မာကျော ခက်ထန်လှသော သူ့နှလုံးသားကို ပျော့ပျောင်းနူးညံ့စေပါလား။

* * *



www.burmeseclassic.com

"ထား ထားရယ် သတိထားပါ၊ ဒီလောက်ငိုနေရင် ကြာရင် ထား နေမကောင်းဖြစ်လိမ့်မယ်"

သည်းထန်စွာငိုရှိုက်နေသော ထား ကို သူ တတ်နိုင်သမျှ နှစ်သိမ့်ကြည့်၏။ ထား က အငိုမျက်လုံးများဖြင့် သူ့ကိုလှည့်ကြည့်ကာ–

"ထား ဘယ်လိုဖြေရမလဲ၊ မာမီ မရှိကတည်းက လောကကြီးထဲမှာ ဒက်ဒီနဲ့ ထား နှစ်ယောက်တည်းကျန်ခဲ့တာ၊ ခုတော့ ဒက်ဒီ အသက်ပျောက်ချိန်မှာ ထား အနားမှာမရှိဘူး၊ ဒက်ဒီကို ထား ဘာမှ ပြုစုခွင့်မရလိုက်ဘူး၊ ထား ဒက်ဒီအပေါ်မှာ တာဝန်မကျေခဲ့ဘူးရှင် အဟင့် ဟင့်"

"အို ထားရယ်၊ ဒီလိုမတွေးပါနဲ့၊ တကယ်တော့ ထား ဟာ ထား ဒက်ဒီစကားနားထောင်ပြီး ကျောင်းသွားတက်တာကိုက ဖခင်စကားနားထောင်တဲ့ သမီးတစ်ယောက်အဖြစ် *တာဝန်ကျေပါတယ်* ကွယ်"

သူ ဘယ်လောက်နှစ်သိမ့်ပါစေ ထားသည် ခေါင်းကို တွင်





တွင်ခါယမ်းကာ ငိုရှိုက်မြဲ၊ ဦးမြတ်စံ ကို မြေချချိန်၌ ထား တစ်ယောက် နေရာမှာပဲ သတိလစ်ခဲ့လေ၏။

"အမယ်လေး... ထား ထား"

ဒေါ်စောမြ က ထား ကိုမွေ့ကာ စိုးရိမ်တကြီး ခေါ်၏။ သူ ထား ကိုယ်လေးကို 'ကောက်ခနဲပွေ့ချီကာ–

"ဖယ် ဖယ် ဒေါ်စောမြ၊ ထား ကို ကျွန်တော် အိမ်ခေါ်သွားမယ်၊ တိုကျမှ ဆရာဝန်ခေါ်မယ်"

"ဒါဆို ကျုပ်လဲ ပြန်လိုက်ခဲ့မယ်"

ဒေါ်စောမြနှင့်အတူ အိမ်ပြန်ကာ ထား အတွက် ဆရာဝန်ခေါ်လိုက်၏။ ဆရာဝန်ရောက်လာကာ ထား ကိုစမ်းသပ်ပြီး–

"လူနာ သိပ်စိတ်ထိခိုက်နေတယ်၊ အားလဲနည်းနေတယ်၊ ကောင်းကောင်းအနားယူပါစေ"

"ဟုတ်ကဲ့ ခင်ဗျာ"

ဆရာဝန် ပြန်သွားပြီးနောက် မကြာခင် ထား သတိရလာ၏။

"ဒက်ဒီ ဒက်ဒီ"

"ဟော ထား သတိရလာပြီလား၊ ထား သတိလစ်သွားလို့ ဆရာဝန်ခေါ်ရတယ်၊ ခုပဲ ဆရာဝန်ပြန်သွားတယ်"

သူက ထား ခုတင်ဘေးရှိခုံတွင် ဝင်ထိုင်ကာ ထား အား ကြင်နာစွာကြည့်ရင်း အကြောင်းစုံပြောပြလေ၏။

"ဦးဘလှသန်းတင် ကို ထား သိပ်အားနာပါတယ်ရှင်၊ ထား ကြောင့် ဦးဘလှသန်းတင် လဲ အလုပ်များရပြီနော်"

www.burmeseclassic.com



"အို ဘယ်လိုပြောလိုက်တာလဲ၊ ဒီအချိန်မှာ ထား တို့ကို ကူညီဖို့ဟာ ကျုပ်တာဝန်ပါ၊ ထား လဲ အန်ကယ်အတွက် ဘယ်လောက် စိတ်ထိခိုက်မယ်ဆိုတာ ကျုပ် ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ ကိုယ့် ကျန်းမာရေးလဲ ဂရုစိုက်စေချင်တယ်"

ရင်မှလာသော စေတနာဖြင့် ထိုစကားကို သူပြောရင်း လှပ သော ထား မျက်နှာလှလှလေးကို ခဏမျှစိုက်ကြည့်မိ၏။ အပူသောက များဖြင့် ထား သည် သူ၏အကြည့်ကို ဂရုမထားနိုင်ဘဲ ဖြူနုသော ပါးပြင်ပေါ်သို့ မျက်ရည်များ သွယ်ကျဆင်းလာရာ သူ ပင်သက် တစ်ချက်ရှိုက်လျက်–

"ငိုပြန်ပြီလား ထားရယ်၊ ထား ခေါင်းကိုက်နေပါ့မယ်၊ ရော့ ရော့ ဒီလက်ကိုင်ပဝါလေးနဲ့ သုတ်လိုက်"

သူက တိုက်ပုံအင်္ကျီ အပေါ်အိတ်ထဲတွင် အသင့်ပါသော အဖြူရောင်လက်ကိုင်ပဝါလေးကို ထုတ်ကာ ထား အား ပေးလိုက် သည်။

ထား သည် အားနာဟန်ဖြင့် လှမ်းယူကာ–

"ကျေးဇူးတင်ပါတယ်"ဟု ခပ်တိုးတိုးပြော၏။ ထိုစဉ် ဒေါ် စောမြ စွပ်ပြုတ်ပန်းကန်ဖြင့် အခန်းထဲဝင်လာသည်။

"ထား သတိရနေပြီပဲ၊ ရောက်ကတည်းက ထား ထမင်းမစား ဟင်းမစားနဲ့၊ ကြီးမြ စွပ်ပြုတ်လေးလုပ်လာတယ်၊ သောက်လိုက်ပါဦး ကွယ်"

အငွေ့တထောင်းထောင်းဖြင့် စွပ်ပြုတ်ပန်းကန်မှာ မွှေးပျံ့ကာ





သောက်ချင်စဖွယ်ကောင်းလှပေမဲ့ ထား မှာ ဘာမှစားချင်စိတ်မရှိ။

"ထား ဘာမှမစားချင်ဘူး ကြီးမြရယ်"

"ဒီလိုမလုပ်ပါနဲ့ကွယ်၊ အစ်ကိုကြီးအတွက် ထား ပူဆွေးတာ မှန်ပေမဲ့ ကိုယ့်ကျန်းမာရေးလဲ ဂရုစိုက်ရမယ် မဟုတ်လား၊ ဒီလိုသာ ဘာမှမစားဘဲနေမယ်ဆိုရင် ထား အတွက် စိုးရိမ်ရတယ်"

"ဟုတ်တယ် ဒေါ်စောမြ၊ ကျွန်တော်လဲ ခုပဲ ထားကို ဒီ အကြောင်းပြောနေတာ၊ ဘာပဲဖြစ်ဖြစ် အာဟာရဖြစ်အောင် နည်းနည်း တော့ သောက်လိုက်ပါ ထား ရယ်"

သူမကို ဝိုင်းဝန်းဂရုစိုက်နေကြတာမို့ ထား မှာ အားနာလာရ၏။ ကြီးမြ မှာ ဆွေမျိုးမို့ အကြောင်းမဟုတ်ပေမဲ့ ဦးဘလှသန်းတင် မှာ သူစိမ်းတစ်ယောက်ဖြစ်ပြီး သူမတို့အပေါ် အစစအရာရာ ကူညီတာ ကြောင့် အလေးထားရ၏။ ထို့ကြောင့် စွပ်ပြုတ်ပန်းကန်ကို ယူကာ အနည်းငယ်သောက်လိုက်သည်။

သည်တော့ ကြီးမြနှင့်အတူ ဦးဘလှသန်းတင် တို့၏ မျက်နှာ ပြုံးသွားရလေ၏။

"ဒီလိုမှပေါ့ ထား ရယ်၊ အန်ကယ်ရက်လည်ဆွမ်းကိစ္စအတွက် ဘာမှမပူပါနဲ့၊ ကျုပ်ပဲ တာဝန်ယူဆောင်ရွက်ပေးပါ့မယ်"

ထို့ကြောင့် ဦးဘလှသန်းတင်ကို ကျေးဇူးတင်စွာဖြင့် သူမ ကြည့်ရင်း–

"ဦးဘလှသန်းတင် ကိုလဲ အားနာလှပါတယ်။ ကူညီခဲ့တာ တွေလဲ များပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို သူစိမ်းဆန်တဲ့စကားမျိုး မပြောပါနဲ့ ထားရယ်၊ ကျုပ်အတွက်တော့ အန်ကယ်ဆိုတာ ကိုယ့်ဦးလေးသားချင်းတစ်ယောက်လိုပါပဲ၊ ဒေါ်စောမြ သိပါတယ်"

အနားတွင်ရှိသော ဒေါ်စောမြ ကိုကြည့်ကာ သူပြောသည်။

"ဟုတ်တယ် ထား၊ မောင်ဘလှသန်းတင် က အစ်ကိုကြီးရှိကတည်းက ဒီအိမ်မှာ တရင်းတနီး ဝင်ထွက်သွားလာနေကျပါ၊ ဒီလိုမျိုးအရေးမှာ သူကူညီတာ ကျေးဇူးတင်တာကလဲ တင်တာပေါ့၊ အားနာစရာတော့ မလိုပါဘူးကွယ်"

"ကဲ ကဲ ဒေါ်စောမြ ကတောင် ပြောနေပြီ၊ နောက်ဆို ကျုပ်ကို အားနာဖို့စကား ဘယ်တော့မှ မပြောနဲ့နော်၊ ဟုတ်လား ထား"

သူမ မျက်ဝန်းများကို စူးစိုက်ကြည့်ကာ သူပြောတာကြောင့် သူမ ယောင်ယမ်းခေါင်းညိတ်လိုက်ရ၏။ သူက ကျေနပ်သောအပြုံးဖြင့် တစ်ချက်မျှစိုက်ကြည့်ပြီးနောက်–

"ကဲ ဒါဆို ထား အေးအေးဆေးဆေး အနားယူဦး၊ ကျုပ်စီစဉ်စရာကိစ္စတွေ စီစဉ်လိုက်ဦးမယ်၊ ဒေါ်စောမြ ကလဲ ထား အနားမှာ နေလိုက်ပါ"

"အေးပါကွယ်"

"ကဲ ကျုပ်သွားမယ် ထား"

"ဟုတ်ကဲ့"

ကျောခိုင်းထွက်ခွာသွားသော သူ့ကိုကြည့်ကာ ထား သက်ပြင်းတစ်ချက် ဘာကြောင့် ချမိမှန်းမသိ။





ဘာပဲဖြစ်ဖြစ် ဒီလိုအချိန်မှာ ဦးဘလှသန်းတင် လို အစစအရာရာ အားကိုးဖွယ်လူတစ်ယောက်ရှိတာ ထား အတွက် များစွာတော်သေးသည်ဟု ဆိုရမည်ဖြစ်၏။ မဟုတ်ပါက ထား တစ်ယောက်တည်း သောကအပူများနှင့် ဘာလုပ်ရမှန်းမသိအောင် ယောင်ချာချာဖြစ်နေမှာ သေချာ၏။

* * *

သိန်းမင်းစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



သံည်နေ့တော့ ဒက်ဒီအတွက် ရက်လည်ဆွမ်းကျွေးဖြစ်၏။ မနက်ပိုင်းမှာပဲပြီးသွားတာကြောင့် နေ့ခင်းပိုင်းမှာ တစ်အိမ်လုံး ထား နှင့် ဒေါ်စောမြ တို့နှစ်ယောက်သာ အထီးတည်းကျန်ခဲ့၏။ ကြီးမြ မှာ တစ်ချိန်လုံးပင်ပန်းတာကြောင့် ခဏအိပ်ဦးမယ်ဟုဆိုကာ အခန်းထဲ ဝင်သွားသည်။

တစ်ယောက်တည်းကျန်ခဲ့သော ထား မှာ တိတ်ဆိတ်ခြောက် သွေ့နေသော အိမ်ကြီးကိုကြည့်လျက် ရင်မှာ ဒက်ဒီကိုသာ သတိရနေမိ၏။ ထို့ကြောင့် ဒက်ဒီ၏ အရိပ်အငွေ့များစွာရှိသော စာကြည့်ခန်းထဲသို့ သူမ ဝင်ခဲ့သည်။

ယခင်ကဆိုလျှင် သားအဖနှစ်ယောက် ဒီစာကြည့်ခန်းထဲမှာ စကားပြောကြ၊ ရယ်မောကြ၊ စာဖတ်ကြနှင့် နေခဲ့တာတွေကို အမှတ်ရကာ ထား မျက်ရည်လည်လာရ၏။

ဒက်ဒီ ဒက်ဒီ ရယ်။

ထား ဒက်ဒီကို တမ်းတမ်းတတ ဆွတ်ခေါ်လိုက်မိစဉ် စာကြည့်





ခန်းတံခါးပွင့်လာကာ—

"ဪ... ထား က ဒီရောက်နေတာကိုး"

အသံနှင့်အတူ သပ်ရပ်ခန့်ညားသော ဦးဘလှသန်းတင် ကို တွေ့လိုက်ရ၏။ သူသည် ထုံးစံအတိုင်း မီးခိုးရောင် ကွက်စိပ်လုံချည် ကို ကျိုးကန်းဥရောင် လည်ကတုံးရှပ်အင်္ကျီဖြင့် တွဲဝတ်ထားကာ အပေါ်မှ သက္ကလပ်အပါးစား အပြာရောင်တိုက်ပုံအင်္ကျီကို ထပ်ဝတ် ထား၏။

ဦးဘလှသန်းတင် ကို ကြည့်လိုက်တိုင်း အရိုန်မရွေး လူကြီး လူကောင်းတစ်ဦးဟန်အပြည့်မို့ တည်ကြည်ခန့်ထည်သော မျက်နှာ ထားဖြင့် လေးစားခင်မင်ဖွယ်ရာ ကောင်းလှ၏။

"အစ်ကိုကြီး ပါလား"

ထား သည် ဒက်ဒီနာရေးကိစ္စအတွက် အစမှအဆုံး ဦးဆောင် ကူညီခဲ့သော သူ့ကို အနေမစိမ်းတော့ဘဲ 'အစ်ကိုကြီး'ဟု ရင်းနှီးစွာ ခေါ်တတ်နေပြီ ဖြစ်သည်။

သူက နှုတ်ခမ်းအစုံကို ဖေကာ ပြုံးလိုက်ပြီး ညင်သာစွာ ခေါင်းညိတ်၏။

"ဟုတ်တယ် ထား၊ ဘုန်းကြီးတွေပြန်ပို့ရင်း အစ်ကိုကြီး အိမ် ခဏဝင်နေတာ၊ ထား ထမင်းမစားရသေးတာ သတိရလို့ အစ်ကိုကြီး ဟိုက်စွမ်က စားစရာတွေ ဝယ်လာတယ်"

"အို... အစ်ကိုကြီးရယ်၊ ဒုက္ခရှာလို့ ထား စားချင်စိတ်မရှိသေး လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခလို့မပြောပါနဲ့ ထား၊ ဒီအချိန်မှာ ထား တစ်ယောက်တည်း နေတာထက် အဖော်နဲ့နေရင် ကောင်းမယ်၊ ဘာလဲ ဒီအခန်းထဲဝင်ပြီး အန်ကယ်ကို သတိရနေတာလား"

ထား သည် မျက်ရည်လေးဝဲလျက် နှုတ်ခမ်းလေးမဲ့လျက် ဖြည်းလေးစွာ ခေါင်းကိုညိတ်၏။ ဦးဘလှသန်းတင် က သက်ပြင်း တစ်ချက်ရှိုက်ကာ–

"ဒီတိုင်းဆို ထား ကို ဒီအိမ်ကြီးမှာထားဖို့ရာအတွက် စပ်စက် စက်ပါလားကွယ်"

"ထား တော့ ဒီမှာပဲနေချင်တယ် အစ်ကိုကြီး၊ ဒက်ဒီ မရှိပေမဲ့ ဒက်ဒီ အငွေ့အသက်တွေကြောင့် ထား အတွက် လုံခြုံနွေးထွေးတယ် လို့ ယုံကြည်တယ်"

"အင်း အင်း၊ ထား ဒီလိုခံစားရတယ်ဆိုရင်တော့ ဝမ်းသာပါ တယ်၊ ဒါပေမဲ့ တစ်ယောက်တည်း ဝမ်းနည်းနေတာမျိုးတော့ မဖြစ် စေချင်ဘူးကွယ်"

ဦးဘလှသန်းတင် ၏ စေတနာစကားကြောင့် သူမ ကျေးဇူး တင်ရပါ၏။

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်"

"ကျေးဇူးဆိုတဲ့စကား ကျုပ်နဲ့ ထား ကြားမှာ ပြောစရာမလိုပါ ဘူးလေ၊ ကဲ လာပါ ထား ရယ်၊ အစ်ကိုကြီးလဲ ခုချိန်ထိ ထမင်း မစားရသေးဘူး၊ စားကြရအောင်နော်"

"အို... အစ်ကိုကြီး ခုချိန်ထိ ထမင်းမစားရသေးဘူးကိုး၊





ထား စိတ်မကောင်းလိုက်တာရှင်၊ အစ်ကိုကြီးအတွက် ထား ထမင်းပွဲ ပြင်ပေးပါ့မယ်"

"အစ်ကိုကြီး တစ်ယောက်တည်းဆိုရင်ဖြင့် မစားဘူး၊ ထား ပါ စားရမယ်"

ဦးဘလှသန်းတင် ၏ အကျပ်ကိုင်မှုကြောင့် ထား ခပ်လျော့ လျော့ ပြုံးမိသည်။ ထား ထမင်းစားဝင်အောင် သူ ဆွဲဆောင်နေတာပဲ။

"ကောင်းပါပြီရှင်၊ ကြီးမြ လဲ နိုးလိုက်ဦးမယ်"

"နိုးမနေပါနဲ့ ထား၊ ဒေါ်စောမြ လဲ တစ်ချိန်လုံး ပင်ပန်း ထားတာ အိပ်ပါစေ၊ သူ့အတွက် ဖယ်ထားကြတာပေါ့"

သူ့အကြံအတိုင်း ထား လက်ခံလိုက်၏။ အိမ်မှာရှိသောဟင်း များနှင့် သူဝယ်လာသောစားစရာများကြောင့် ထမင်းပွဲမှာ မြိုင်ဆိုင် သွားလေသည်။

သူနှင့် ထား က စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ သူက သူမပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့်ပေး၏။

"ရော့ ထား၊ ဒါက ဟိုက်စွမ်မှာ နာမည်ကြီးတဲ့ ပီကင်းဘဲကင် ဒါက ကြက်သားချဉ်စပ်"

"အို အစ်ကိုကြီး စားပါ၊ ထား ပန်းကန်ထဲ ပြည့်နေပြီ"

"အစ်ကိုကြီးက ထားကို စားစေချင်လို့ပါ၊ ဆယ့်နှစ်မျိုး ဟင်းချိုပူပူလေး သောက်လိုက်ပါဦး"

ထားမှာ သူ့ကို အားနာတာကြောင့် ခွတ်ကြိတ်မှိတ်ပြီးကာ ထမင်းတစ်ပန်းကန် ကုန်သွားရလေ၏။



www.burmeseclassic.com

"ကြည့်စမ်း၊ ထား ခုလိုထမင်းစားဝင်တာ အစ်ကိုကြီး သိပ်ဝမ်းသာတာပဲ၊ ထပ်ထည့်ပါဦး ထား"

"အို... ဟင့်အင်း၊၊ ဒါတောင် အစ်ကိုကြီးကို အားနာလို့ ထား မနည်းစားလိုက်ရတာ"

ထိုအပြောကြောင့် သူ့မျက်နှာမှာ ပြုံးချိုသွားကာ ထား ကို စိုက်ကြည့်လေ၏။

"ဒီအတိုင်းသာဆို ထား ထမင်းစားဝင်ဖို့ အစ်ကိုကြီး နေ့တိုင်းလာကျွေးရမလို ဖြစ်နေပြီ"

"မလုပ်ပါနဲ့ အစ်ကိုကြီးရယ်၊ ထား အတွက်နဲ့ ဘယ်သူ့မှ ဒုက္ခမရောက်စေချင်ပါဘူး၊ အစ်ကိုကြီးမှာလဲ ဒက်ဒီနာရေးကြောင့် အလုပ်အကိုင်တွေ ပျက်နေရောပေါ့နော်"

သူက ပြုံး၍ ညင်သာစွာခေါင်းခါယမ်း၏။

"အစ်ကိုကြီး အလုပ်တွေအတွက် လူယုံမန်နေဂျာတွေ ရှိပါတယ်၊ ကိစ္စမရှိပါဘူး"

အလုပ်ဆိုတော့မှ ထား သည် ရှေ့ဆက်ပြီး ဘာတွေလုပ်ရမည်ဆိုတာ သတိရလာ၏။ လက်ရှိအားဖြင့် ထား မှာ ကျောင်းပြီးဖို့ တစ်နှစ်လိုသေး၏။ ဒက်ဒီ ၏စီးပွားရေးလုပ်ငန်းတွေကိုကား တစ်ခုမှ နားမလည်။ ထိုအပြင် ဒက်ဒီ ဘာတွေလုပ်နေတယ်ဆိုတာလဲ ထား မသိခဲ့။ ညကျမှ ဒေါ်စောမြနှင့် နှစ်ယောက်ချင်းဆုံတွေ့မေးမြန်းဖို့ စဉ်းစားလိုက်၏။

"ဘာတွေစဉ်းစားနေတာလဲ ထား"





"ဩော် ထား ရှေ့ရေးအတွက် ဘာတွေဆက်လုပ်ရမလဲဆိုတာ စဉ်းစားနေတာပါ အစ်ကိုကြီး..."

"ထား အနေနဲ့ ကျောင်းတက်တာနဲ့ အချိန်တွေကုန်ပြီး ဒက်ဒီ ဘာစီးပွားတွေလုပ်ပြီး ဘာတွေကျန်ခဲ့တယ်ဆိုတာ ခုချိန်ထိ မသိရသေးဘူးလေ"

ထိုစကားကြောင့် ဦးဘလှသန်းတင် မျက်နှာ ကွက်ခနဲပျက်သွား၏။ သို့သော် ချက်ချင်းပင် ပြန်ပြင်ကာ မျက်နှာကို အပြုံးဆင်၍–

"အန်ကယ် စီးပွားလုပ်တာ ကျန်သင့်သလောက် ကျန်ပါတယ်၊ အစ်ကိုကြီးနဲ့ ရှယ်ယာလုပ်ငန်းတွေတောင် ရှိတယ်"

"အို... ဟုတ်လား"

သူ ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် ထား၊ ဒါကြောင့် ထား ရှေ့ရေးအတွက် ပူစရာမလိုပါဘူး၊ ဒါနဲ့ ထား ဒီတစ်နှစ်ကျောင်းဆက်တက်ရဦးမှာ မဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆို ထား ကျောင်းကို ပြီးအောင်တက်ပါ၊ ထား အတွက် ကုန်ကျတဲ့ငွေအားလုံးကို အစ်ကိုကြီး ပို့ပေးပါ့မယ်"

"ရှင်..."

ရုတ်တရက် သူ့စကားကို နားမလည်သလို ထား မျက်လုံးလေး ဝိုင်းသွား၏။ သည်တော့မှ ဦးဘလှသန်းတင် မှာ သူ့စကားလောသွားမှန်း သိလိုက်ကာ ချက်ချင်းပင်–



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဒြော့ အစ်ကိုကြီးပြောတာက ဒီလိုပါ၊ အစ်ကိုကြီးနဲ့ ရှယ်ယာလုပ်ထားတဲ့ အန်ကယ်လုပ်ငန်းတွေထဲက ရတဲ့အမြတ်အစွန်းငွေတွေကို ထား ဆီပို့ပေးမယ်လို့ပါ"

သည်တော့မှ ထား မျက်နှာလေး ကြင်လင်သွားလျက် သူ့ကို ကျေးဇူးတင်စွာ ကြည့်၏။

"ကျေးဇူးတင်ပါတယ်လို့တော့ မပြောတော့ဘူးနော် အစ်ကိုကြီး၊ ဒက်ဒီမရှိပေမဲ့ ဒက်ဒီအပေါ်သစ္စာရှိတဲ့ အစ်ကိုကြီးရဲ့စိတ်ကို ထား လေးစားပါတယ်"

"ရပါတယ်ကွယ်"

အမှန်တော့ ဘလှသန်းတင် လည်း ကိုယ့်ကိုယ်ကို အံ့ဩနေပါ၏။ တကယ်ဆို ဦးမြတ်စံ ၏ပိုင်ဆိုင်မှုအားလုံးမှာ သူ့ဆီရောက်နေပြီ။ ထား နှင့် ဘာမျှမဆိုင်တော့။ သူ၏ ပင်ကိုစိတ်ရင်းအတိုင်းသာဆိုလျှင်တော့ ဒီနေ့ပဲ ထား ကို ဒီတိုက်မှ မောင်းထုတ်ပစ်ရန်ပင်။

သို့သော် သူ ထား အပေါ် ဒီလိုမလုပ်ရက်။ ဦးမြတ်စံ မှာ ဘာမှမရှိတော့ကြောင့် ထား မျက်နှာလေးကိုကြည့်ကာ သူ မည်သို့ပြောရမည်နည်း။

သူ၏နှလုံးသားတွေသည် ထား နှင့်ကျမှ နူးညံ့ကာ ရက်စက်ဖို့ဆိုတာကို နည်းနည်းလေးမှ မတွေးနိုင်ဘဲ ထား အားရှိစေမည့် ထား စိတ်အားမငယ်စေဖို့ စကားတွေသာ ပြောနေမိသည်။

ကြည်လင်သွားသော ထား မျက်နှာလေးကို ကြည့်ကာ ထို စကားများအတွက် သူ နောင်တမရမိပေ။ ထား စိတ်ချမ်းသာမယ်





ဆိုလျှင် သူ ဘာမဆို လိုက်လျောရန်အသင့်ပင်။

ထိုစဉ် သူ့ထံ ဖုန်းလာတာကြောင့် အိမ်ပြန်ဖို့ဖြစ်လာ၏။

"ကဲ ထား ရေ၊ အစ်ကိုကြီးမှာ ကိစ္စရှိသေးလို့ အိမ်ပြန်လိုက်ဦးမယ်ကွယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ထား ကားနားထိလိုက်ပို့မယ်"

တကယ်ပဲ ထား က သူ့ကို ကားနားထိလိုက်ပို့၏။ ထား ၏ ထိုအပြုအမူကြောင့် သူ များစွာကြည်နူးသွားလျက် ထား ကို တစ်ယောက်တည်း ခွဲမသွားချင်အောင်ဖြစ်မိ၏။ သို့သော် သူ့စိတ်ဆန္ဒတွေကို မျိုသိပ်ရမည်ဖြစ်သည်။

"ကဲ ထား အစ်ကိုကြီး သွားတော့မယ်၊ ညနေ ဒါမှမဟုတ်ရင် မနက်ကြမှ စောစောလာမယ်၊ ထား လဲ အားရှိသွားအောင် နေ့ခင်းတစ်ရေးတစ်မော အိပ်လိုက်ပါ"

"ဟုတ်ကဲ့"

ထား ကိုလက်ပြကာ သူ ကားမောင်းထွက်သွားလေ၏။ သူ့ကားထွက်သွားမှ ထား လည်း တိုက်ထဲဝင်ခဲ့သည်။

ထား အနေဖြင့် ကျောင်းဆက်မတက်လိုပေမဲ့ ဒက်ဒီ အားပေးခဲ့သော ပညာရေးမို့ ပြီးဆုံးအောင်သင်ကြားရမည်ဖြစ်သည်။ ဒါဟာ ဒက်ဒီမရှိပေမဲ့ ဒက်ဒီ စကားကို နားထောင်တာတစ်ခုပဲ မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှေ့သို့ အငှားကားတစ်စီး ရှပ်လာတာကြောင့် ထား ကြည့်လိုက်တော့။

"ဟင်... ဒေါက်တာ"

ကားပေါ်မှ အသက်သုံးဆယ်ဝန်းကျင် အရပ်မြင့်မြင့် အသား ဖြူဖြူနှင့် ချောမောသန့်စင်သော လူတစ်ယောက်ဆင်းလာ၏။ ထိုလူမှာ ရေညှိစိမ်းရောင် သက္ကလပ်အပျော့ ဘောင်းဘီရှည်ကို အဖြူပေါ်မှာ အစိမ်းရောင်အစင်းလေးများပါသည့် ရှပ်လက်ရှည်အင်္ကျီဖြင့် တွဲဝတ် ကာ လှိုင်းထနေသော ဆံပင်များကို ခပ်တိုတိုညှပ်ထားသည်။

ထား ကို မြင်လိုက်တော့ ထိုလူ၏ နှုတ်ခမ်းပါးများ ပြုံးသွား လျက်–

"ထား"

"ဒေါက်တာ"

သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် တစ်ခဏမျှ ကြည့်မိပြီးနောက် ထား ကစတင်ကာ မျက်လွှာချရင်း–





"ဒေါက်တာ လိုက်လာတယ်နော်"

"ဟုတ်တယ် ထား၊ ကိုယ် ခရီးကပြန်ရောက်ရောက်ချင်း ထား ဒက်ဒီအကြောင်းကြားရတာနဲ့ ချက်ချင်း လိုက်လာတာ၊ အန်ကယ် အတွက် ကိုယ်စိတ်မကောင်းပါဘူးကွယ်"

ထား သည် မျက်တောင်ကော့များကို အသာပင့်ကြည့်လိုက်ရင်း ခေါင်းကို ညင်သာစွာညိတ်၏။

"ဒီနေ့ပဲ ရက်လည်တယ် ဒေါက်တာ၊ အဝေးကလိုက်လာတဲ့ ဒေါက်တာကို ကျေးဇူးတင်ပါတယ်၊ အိမ်ထဲဝင်ပါဦး"

ထား ကဦးဆောင်ကာ တိုက်ထဲဝင်ခဲ့ကြသည်။ ဒေါက်တာ မိုးမြတ် က ထား တို့၏ ရှေးကျသည်နှင့်အမျှ ခိုင်ခံ့ထူထဲလှသော တိုက်ကြီးနှင့် ဟန်ဆောင်မှုမပါ ရိုးသားရှင်းလင်းလှသော ဧည့်ခန်းကို တစ်ချက်အကဲခတ်ကြည့်သည်။

"ထိုင်ပါ ဒေါက်တာ"

သူ ခေါင်းညိတ်ပြီး ဆက်တီတွင်ဝင်ထိုင်၏။

"ခဏနော် ဒေါက်တာ၊ ထား ဒေါက်တာအတွက် ကော်ဖီ ဖျော်လိုက်ဦးမယ်"

"နေပါစေ ထား၊ ကိုယ် သောက်လာခဲ့ပြီ၊ ကိုယ် ထား နဲ့အတူ အန်ကယ်ရဲ့ နောက်ဆုံးခရီးကို လိုက်မပို့နိုင်တဲ့အတွက် ဝမ်းနည်းပါ တယ်"

"ဘယ်တတ်နိုင်မလဲ ဒေါက်တာ၊ ထား တောင် ဒက်ဒီအသက် ကို မမီလိုက်ဘဲ၊ ခုလို ဒေါက်တာ တကူးတကလိုက်လာပြီး မေး



www.burmeseclassic.com

www.burmeseclassic.com



ဖော်ရတာကိုပဲ ထား ကျေးဇူးတင်လှပါပြီရှင်"

ထား ၏ ခပ်စိမ်းစိမ်းစကားကြောင့် ဒေါက်တာမိုးမြတ် ခေါင်းကို ညင်သာစွာခါယမ်းလိုက်၏။

"ကိုယ့်ကို သူစိမ်းလိုမဆက်ဆံပါနဲ့ ထား ရယ်၊ ကိုယ်က ထား အတွက် သူစိမ်းမဟုတ်ပါဘူး"

သည်တော့မှ ထား ပင့်သက်လေးကျိတ်ရှိုက်ကာ ဒေါက်တာမိုးမြတ် ၏ ချောမောသန့်စင်သော မျက်နှာကို ခပ်ငေးငေးကြည့်မိ၏။

တကယ်တော့ ဒေါက်တာမိုးမြတ် သည် ထား ၏မေတ္တာကို တောင်းခံထားသူတစ်ယောက်သာ ဖြစ်သည်။ ထား အနေဖြင့် ပြတ်သားစွာ အဖြေမပေးသေးပေမဲ့ ဒေါက်တာမိုးမြတ် ကိုတော့ ရင်းနှီးစွာ ဆက်ဆံမိ၏။

မှန်တာပြောရလျှင် ထား ဘဝမှာ ချစ်ရေးဆိုသူတွေရှိပေမဲ့ ထား သည် တစ်ဦးတည်းသော ဒက်ဒီကိုငဲ့ညှာကာ အချစ်ရေးကို ဦးစားမပေးနဲ့ပေ။ ဒက်ဒီကို တစ်ပြန်တစ်လှည့် လုပ်ကျွေးဖို့သာ စိတ်ကရှိခဲ့သည်။ သို့သော် ယခုတော့ ထား ၏စိတ်ကူးတို့ ပျက်ပြယ်ခဲ့ရပြီ။

ဒက်ဒီ မမျှော်လင့်ဘဲ ဆုံးပါးသွားတာကြောင့် ထား အတွက် တစ်ကောင်ကြွက်ဖြစ်ခဲ့ရပြီ။ အားငယ်အထီးကျန်စိတ်တွေ သူ့အလိုလို ဝင်လာကာ လောကကြီးမှာနေရတာ မပျော်ရွှင်တော့သလို ဖြစ်နေ၏။

သည်အချိန် ခင်မင်ဖွယ်မိတ်ဆွေများသာ သူမအတွက် တွယ်တာစရာဖြစ်နေပြီ။





ထိုစဉ် ဒေါ်စောမြ ထွက်လာသည်။

"သြော် ကြီးမြ၊ ကြီးမြ ဒါ ထား ရဲ့မိတ်ဆွေ ဒေါက်တာမိုးမြတ်တဲ့၊ ရန်ကုန်က တကူးတကလာပြီး ဒက်ဒီနာရေးကိုလာမေးတာ"

"အို ဟုတ်လား၊ ခရီးဝေးကလာတာဆိုတော့ တကူးတကပါလားကွယ်၊ အစ်ကိုကြီးနာရေးအတွက် လာမေးတယ်ဆိုလို့ ကျေးဇူးတင်ပါတယ်ကွယ်--

"ဒါဆို ဒေါက်တာ ဒီမှာတည်းပါကွယ်"

"ဟုတ်တယ်၊ ဒေါက်တာ ထား တို့ဆီမှာတည်းပါရှင်"

"ဟာ မလုပ်ပါနဲ့ဗျာ၊ ထား တို့ဖိတ်ခေါ်တာကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ထား တို့ သောကဖြစ်နေချိန်မှာ ကျွန်တော့်ကြောင့် အနှောင့်အယှက် မဖြစ်စေချင်ပါဘူး၊ ကျွန်တော် မြို့ထဲက တည်းခိုခန်းမှာ တည်းပါတယ်"

ဒေါက်တာမိုးမြတ် က အလိုက်သိစွာ ငြင်းဆို၏။ အမှန်ဆို ထား ၏ဖိတ်ခေါ်မှုကို ဒီလိုအချိန်မျိုးသာမဟုတ်ပါက သူ လက်ခံမိမှာ သေချာသည်။ ယခုတော့ ချစ်ရသူက သောကဖြစ်နေချိန် မဟုတ်လား။

"ဒါဆိုရင်လဲ ဒေါက်တာ ဒီမှာရှိနေစဉ်အတွင်း စားရေးသောက်ရေးကို ထား တို့ တာဝန်ယူပါရစေရှင်"

"ဟုတ်ပါတယ် ဒေါက်တာ၊ ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို ဒီလောက်မှ ပြုစုခွင့်မရရင် အကြီးတို့ စိတ်ကောင်းမှာ မဟုတ်ဘူးကွယ်"

တူအရီးနှစ်ယောက်က ဝိုင်းဝန်းပြောတာကြောင့် ထိုကောင်းဆိုချက်ကို သူ လက်ခံလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော်လဲ ခွင့်နဲ့လာတာမို့ ဒီမှာ နှစ်ရက်လောက်ပဲ နေနိုင်မှာပါ၊ ထား တို့အတွက် တာဝန်လေး သလိုများ ဖြစ်နေမလား"

"အို ဘာတာဝန်မှ မလေးပါဘူးရှင်၊ ဒေါက်တာ့တစ်ယောက်စာ အတွက်နဲ့တော့ ထား တို့အဖို့ ထူးပြီး ဝန်မလေးပါဘူး၊ ထား ကို ခင်ရင် အားမနာပါနဲ့ ဒေါက်တာ"

ကြီးမြ ကတော့ စောစောကပင် နေရာမှထလျက် ထမင်းစားခန်းဘက် ထွက်သွား၏။ ခဏနေတော့ ကော်ဖီပန်းကန်နှင့်အတူ မုန့်မျိုးစုံဖြင့် ပြန်ထွက်လာသည်။

"ဒေါက်တာ သုံးဆောင်ပါဦးရှင်"

"အားနာစရာ ကြီးကြီးရယ်"

"အိုကွယ် အားမနာပါနဲ့၊ ထား ရဲ့မိတ်ဆွေဟာ ကြီးကြီးတို့ မိတ်ဆွေပေါ့"

ဒေါက်တာမိုးမြတ် မှာ အားနာသည့်ကြားကပင် ကြီးမြစေတနာကို လေးစားသည့်အနေဖြင့် ကော်ဖီယူသောက်လိုက်လေ၏။

"ဪ ဧည့်သည်ရောက်နေတာကိုး"

"အစ်ကိုကြီး"

ဦးဘလှသန်းတင် မှာ ရေချိုးပြီးခါစ လန်းဆန်းသည့်အသွင်ဖြင့် ဧည့်ခန်းထဲဝင်လာ၏။ သူ၏ဒရိုင်ဘာမှာ စားစရာများ ယူလာသော ခြင်းကို မီးဖိုထဲသို့ သွားပို့လေသည်။

ထား မှာ ဒေါက်တာမိုးမြတ် ဆီ စိတ်ရောက်သွားတာမို့ ဦးဘလှသန်းတင် ၏ ကားဝင်လာတာကို သတိမပြုမိလိုက်။ ဦးဘလှသန်းတင် ဧည့်ခန်းထဲရောက်မှပင် သိလိုက်၏။

ဦးဘလှသန်းတင် က ထား ကို ခေါင်းညိတ်ပြုံးပြကာ–

"အစ်ကိုကြီးလဲ ကိစ္စလေးတွေ တစ်နေ့လယ်လုံးရှုပ်နေတာနဲ့ ခုမှပဲ ရေချိုးပြီး ထွက်လာရတယ်...

"ဘယ်နှယ့်လဲ နေ့လယ်က ထား တစ်ရေးလောက်မှ အိပ်ပျော်ရဲ့လား"

"ဟုတ်ကဲ့ ခဏတစ်ဖြုတ်မှေးလိုက်ပါတယ်၊ ဪ ဒါနဲ့ အစ်ကိုကြီးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ထား ရဲ့မိတ်ဆွေ ဒေါက်တာမိုးမြတ်တဲ့၊ ရန်ကုန်ကလာပြီး ဒက်ဒီနာရေးအတွက် လာမေးတာပါ...

"ဒေါက်တာ ဒါ ဒက်ဒီမိတ်ဆွေ ဦးဘလှသန်းတင် ပါ၊ ဒက်ဒီ နာရေးကိစ္စမှာတော့ အစ်ကိုကြီးကပဲ အစစအရာရာ ကူညီစီစဉ်ပေးသူပေါ့"

ထား ၏မိတ်ဆက်မှုအဆုံးတွင် ယောကျ်ားသားနှစ်ယောက် အကြည့်ချင်းဆုံလေ၏။ ဦးဘလှသန်းတင် ၏ စူးရှသောမျက်လုံးအစုံနှင့် ဒေါက်တာမိုးမြတ်၏ တည်ငြိမ်သောမျက်လုံးများက လမ်းခုလတ်မှာ တိုးမိကြသည်။

ဦးဘလှသန်းတင် က တည်ငြိမ်စွာပြုံးလျက် ဒေါက်တာမိုးမြတ် အံ လက်ကမ်း၏။

"တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာ"

"ဟုတ်ကဲ့၊ ကျွန်တော်လဲ တွေ့ရတာဝမ်းသာပါတယ် ဦးဘလှသန်းတင်"







www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့နှစ်ယောက်၏အသံမှာ အနည်းငယ်ခြောက်ခြ
နေတယ်ဟု ထား ထင်မိသည်။ လက်ဆွဲနှုတ်ဆက်ကြပြီး ထိုင်မိ
ဦးဘလှသန်းတင် က–

"ဒေါက်တာက ဒီမြို့ကိုရောက်လာတဲ့ ဧည့်သည်ဆိုတော
ကျွန်တော့်ဆီမှာတည်းဖို့ ဖိတ်ခေါ်ပါရစေ"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော် တည်းခိုခန်း
စာရင်းပေးပြီးပါပြီ"

"ဟာ မဟုတ်တာ၊ ကျွန်တော်က တစ်ယောက်တည်းနေတာ
ကျုပ်လိုမိတ်ဆွေတစ်ယောက်ရှိလျက်နဲ့ ဒေါက်တာ တည်းခိုခန်း
တည်းရမယ်ဆိုတာ မဟုတ်သေးပါဘူး...

"ဒီမှာရှိတုန်း ဒေါက်တာရဲ့ စားဝတ်နေရေးကအစ ကျုပ်တာ
ယူပါရစေ"

"အားလုံးအတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါပေ
စားဖို့သောက်ဖို့ကို ထား တို့ကလဲ တာဝန်ယူထားတာမို့ ကျွန်တော
ငြင်းပါရစေ"

သူ၏ ကမ်းလှမ်းချက်ကို တစ်ချက်မှ လက်မခံတာကြောင့်
ဦးဘလှသန်းတင် မျက်နှာပျက်သွားရလေ၏။ သို့သော် ထိုသို့ဖြစ်တာ
ထား မရိပ်မိစေရ။ ချက်ချင်းပင် အပြုံးဖြင့် ထား ကိုကြည့်သည်။

"ဘယ်လိုပဲ ထားရဲ့၊ ထား ရဲ့မိတ်ဆွေက အစ်ကိုကြီးဖိတ်ခေါ်
တာကို ငြင်းနေတာချည်းပါပဲလားကွယ်၊ အစ်ကိုကြီးအိမ်က အားနာ
စရာမလိုကြောင်း ထား ပြောပေးပါဦး"





ထား မှာ ဒေါက်တာမိုးမြတ်နှင့် ဦးဘလှသန်းတင် တို့ကြားမှာ
သို့ပြောရမှန်းမသိ။

"ထား ကတော့ အစ်ကိုကြီး စေတနာကိုလဲသိနေ၊ ဒေါက်တာ
ပ်မပါတာကိုလဲ တိုက်တွန်းရခက်ပါတယ်ရှင်"

"အဟား ဟား ကြားထဲက ထား စိတ်ညစ်သွားရင် အစ်ကိုကြီး
ာင်းပန်ပါတယ်ဗျာ၊ ကဲ ဒေါက်တာ ကျွန်တော်က ခင်မင်မှုနဲ့
ပ်ခေါ်တာပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် ထမင်းစားဖိတ်တာကိုတော့
ါက်တာ လက်ခံရမယ်နော်"

"ဟုတ်ကဲ့၊ ဒီလောက်တော့ဖြစ်ပါတယ် ခင်ဗျာ"

သူတို့နှစ်ယောက် ပြေလည်သွားတော့မှ ထား ပြုံးနိုင်တော့၏။
ည်ယောကျ်ားနှစ်ဦးမှာ ထား အပေါ် တစ်ယောက်တစ်မျိုးတော့
ာင်းတာမို့ ဘယ်သူ့ဘက်မှ လိုက်ပြီးမပြောလို။

ကြီးမြ ကတော့ ဦးဘလှသန်းတင် ရောက်ကတည်းက မီးဖိုထဲ
သွား၏။ အတော်ကြာမှ ပြန်ထွက်လာကာ–

"ကဲ ကဲ ခုလောလောဆယ်တော့ ဒေါက်တာကော ဦးဘလှ
န်းတင်ကော ထမင်းပွဲပြင်ပြီးပါပြီ၊ တစ်ခါတည်း ဝင်စားကြပါ၊
ခေါ်ပါတယ်"

"ဟုတ်တယ်၊ အစ်ကိုကြီးကော ဒေါက်တာပါ ထမင်းစားဖို့
ါရှင်"

ဦးဘလှသန်းတင်နှင့် ဒေါက်တာက တစ်ယောက်ကိုတစ်
ာက် ကြည့်သည်။ ထို့နောက် ဦးဘလှသန်းတင်က နေရာမှထကာ–



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒေါက်တာ ကြွပါဗျာ၊ ကျုပ်အတွက်ကတော့ ထား တို့
အိမ်ဟာ စားအိမ်သောက်အိမ်လို ဖြစ်နေပါပြီ အဟွန်း"

ထိုစကားကြောင့် ဒေါက်တာမျက်နှာ ကွက်ခနဲပျက်သွားတာ
ထား သတိထားလိုက်မိ၏။ ဒေါက်တာ စိတ်ထဲ ထား နှင့် ဦးဘလှ
သန်းတင် ကို တစ်မျိုးထင်သွားသလား။

ဦးဘလှသန်းတင် မျက်နှာကြည့်လိုက်တော့ ပကတိမျက်နှာ
ကြည်လင်နေတာမို့ ဒီစကားကို ရိုးသားစွာပြောလိုက်တာပဲဟု ထား
ယူဆလိုက်၏။

"ကြွပါ ဒေါက်တာ"

ထား က ထပ်မံဖိတ်ခေါ်မှ ဒေါက်တာ နေရာမှထလာ
ထမင်းပွဲသည် ကြီးမြ၏ ကျွမ်းကျင်မှုဖြင့် မြိုင်ဆိုင်နေသည်။

ဦးဘလှသန်းတင်နှင့် ဒေါက်တာမိုးမြတ် က စားပွဲ၏ထိပ်
များတွင် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။ ထို့ကြောင့် ထား
ကြီးမြမှာ ဘေးတစ်ဖက်စီတွင် မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

"မောင်မိုးမြတ် အားမနာတမ်းစားကွယ်၊ အိမ်မှာရှိတာလေး
ဦးဘလှသန်းတင် ဝယ်လာတာတွေ ပေါင်းပြီးစီစဉ်လိုက်တာပဲ၊ နော
နေ့ကျရင်တော့ မောင်မိုးမြတ် အတွက် သက်သက်ချက်ပေးမယ်ကွ

"ဟာ... ရပါတယ် ကြီးကြီး၊ ကျွန်တော် ရှိတာနဲ့စားတတ်
တယ်၊ ကျွန်တော့်အတွက် တကူးတက ဘာမှမလုပ်ပါနဲ့ ခင်ဗျ
ကျွန်တော့်ကြောင့် ကြီးကြီးတို့ ဒုက္ခပိုမှာကို မလိုလားပါဘူး ခင်ဗျာ"

ဒေါက်တာမိုးမြတ် က အားနာစွာဖြင့် ပျာပျာသလဲပြော





ဦးဘလှသန်းတင် ကလည်း

"မနက်ဖြန် မနက်တော့ ဒေါက်တာကို ကျုပ်အိမ်မှာ ထမင်းစား
ဖို့ ဖိတ်ခေါ်ပါတယ်၊ ဒေါ်စောမြနဲ့ ထား လဲ ဒေါက်တာနဲ့အတူ ထမင်း
စားကြဖို့ ပြောပါရစေ"

ဒေါက်တာနှင့် ထား တို့ အကြည့်ချင်းဆုံသည်။

"ဒေါက်တာကို မနက်ဖြန်မနက်တော့ ထား တို့ကပဲ ကျွေးပါရ
စေ အစ်ကိုကြီး၊ အစ်ကိုကြီး ကျွေးချင်တယ်ဆိုရင် ညနေကျမှပဲ
ကျွေးပါ"

ထား ၏ခွင့်တောင်းမှုကို ဦးဘလှသန်းတင် ပြုံး၍ ခေါင်းညိတ်
သည်။

"ကောင်းပြီလေ၊ ဒေါက်တာက ထား ရဲ့ဧည့်သည်ဆိုတော့
ကျုပ် ဦးစားပေးရမှာပေါ့"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး၊ မနက်ဖြန် အစ်ကိုကြီးလဲ
ထား တို့ဆီ ထမင်းစားကြွပါ"

"မနက်ပိုင်းတော့ အစ်ကိုကြီးမအားလို့ လာနိုင်မှာမဟုတ်ဘူး
ထား၊ ညနေကျမှ ထား တို့ကိုလာခေါ်ရင် အစ်ကိုကြီး တို့ဆုံကြတာ
ပေါ့၊ ဒေါက်တာ မနက်ဖြန်ညနေ ကျုပ်ဆီကို ထမင်းစားကြွပါ
ခင်ဗျာ"

"ကောင်းပါပြီ ဦးဘလှသန်းတင်"

လေးဦးသား ထမင်းကို တိတ်ဆိတ်စွာစားပြီးနောက် ဧည့်ခန်းထဲ
ထွက်ကာ အချိုပွဲတည်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒေါက်တာလဲ တည်းခိုခန်းပြန်မှာဆိုရင် ကျုပ် တစ်ခါတည်း ဝင်ပို့ပေးခဲ့မယ်လေ"

ခြောက်နာရီကျတော့ ဦးဘလှသန်းတင်က ပြန်ဖို့နှုတ်ဆက်ရင်း ဒေါက်တာကို ပြော၏။ ပတ်ဝန်းကျင်မှာ အမှောင်သမ်းနေပြီမို့ ဒေါက်တာလည်း ပြန်ဖို့နှုတ်ဆက်သည်။

"ထား ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

"ဒေါက်တာ မနက်ကိုတော့ စောစောကြွပါနော်"

"ကောင်းပါပြီ"

ဦးဘလှသန်းတင် ကားနှင့် ဒေါက်တာ ပါသွားတာကို ကြည့်ရင်း ထား သက်ပြင်းတစ်ချက်ကို ဘာကြောင့်ချမိမှန်းမသိ။

* * *





"ထားနဲ့ ဦးဘလှသန်းတင် က အတော်ရင်းနှီးကြသလား"

မနက်ဆယ်နာရီလောက်မှာ ဒေါက်တာ ရောက်လာ၏။ ထမင်းစားခင် ခြံထဲဆင်းကာ လမ်းလျှောက်ရင်း စကားပြောမိကြသည်။ ဒေါက်တာ၏အမေးကြောင့် ထား ခြေလှမ်း တုံ့ခနဲရပ်ကာ အနီးရှိ ...ပန်းခြုံလေးမှာ အသာဝင်ထိုင်သည်။

"ဘယ်လိုပြောရမလဲ ဒေါက်တာ၊ ဦးဘလှသန်းတင် ကို ဒက်ဒီ ...ဆုံးတဲ့အချိန်မှ တွေ့ရတာဖြစ်ပေမဲ့ သူကပဲ အစစအရာရာ ကူညီ ...ပေးခဲ့တာမို့ ဒက်ဒီရဲ့ ရင်းနှီးတဲ့မိတ်ဆွေလဲ ဖြစ်နေတာကြောင့် ထား ...ရင်းနှီးသလို ဖြစ်မိတာပါ"

ဒေါက်တာမိုးမြတ်က ခေါင်းညိတ်သည်။

"ဒါဆို ထား သူ့အကြောင်း ဘာတွေသိလဲ"

"ဟင့်အင်း၊ ထား မှာ ဒက်ဒီအတွက် စိတ်သောကရောက်နေရ ...တာနဲ့ ပတ်ဝန်းကျင်ကို စိတ်မဝင်စားအားပါဘူး ဒေါက်တာ၊ ဒေါက်တာ ...နဲ့ ဦးဘလှသန်းတင် အကြောင်းကို ဘာတွေကြားထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ထား မေးရင်း ဒေါက်တာ၏ တည်ငြိမ်သောမျက်နှာကို အထဲ ခတ်သည်။ ဒေါက်တာက ပြုံး၍ ခေါင်းခါယမ်း၏။

"ကျွန်တော်က ဒီမြို့ကို မနေ့ကမှရောက်လာသူပါ ထား ဦးဘလှသန်းတင် ဆိုတာလဲ ထား မိတ်ဆက်ပေးလို့သိရတာပါ၊ ဒါပေမဲ့ ဦးဘလှသန်းတင် လိုလူက ဒီမြို့မှာတော့ မသိသူရှားတဲ့ပုံပါပဲ။ ကျွန်တော်တည်းတဲ့ တည်းခိုခန်းကို ဦးဘလှသန်းတင် ရှယ်ယာဝင်ထား သလိုလို ကြားရတာပါပဲ၊ ဦးဘလှသန်းတင် ဟာ ဒီမြို့မှာတော့ မြို့ မျက်နှာဖုံးတစ်ယောက်အနေနဲ့ လူတိုင်းသိသလို အိမ်ထောင်မရှိ လူပျိုကြီးဆိုတာလဲ အားလုံးကသိနေတာပဲ"

"ဒေါက်တာက အချိန်တိုတိုနဲ့ ဦးဘလှသန်းတင် အကြောင်း ကို ဒီလောက်သိတယ်"

"ဩော် ကျွန်တော် ပြောပြီးပါပကော၊ ဦးဘလှသန်းတင် လို လူကို လူတိုင်းသိတယ်လို့"

"ဒါဆို ကျွန်မ အတော်ညံ့သွားတာပဲ"

"ဘာကိုလဲ ထား"

"ဦးဘလှသန်းတင် အကြောင်းကို ဒေါက်တာလောက် မသိလို့ လေ၊ ဦးဘလှသန်းတင်မှာ အိမ်ထောင်မရှိဘူးဆိုတာလဲ ထား အခုမှ သိတာ"

တကယ်ပဲ ကိုယ့်အပူနှင့်ကိုယ်မို့ ထား မှာ ဦးဘလှသန်းတင် အကြောင်းကို စိတ်ဝင်စားဖို့ သတိမရပါ။

သို့သော် သူလာတိုင်း တစ်ယောက်တည်းမို့ အိမ်ထောင်မရှိဘူး





လားဟု တစ်ခါတစ်ရံ တွေးမိတတ်သေမဲ့ ဒါ ငါ့အလုပ်မဟုတ်ပါဘူး ဟုတွက်ဆကာ ထိုအကြောင်းကို ခေါင်းထဲမှထုတ်ပစ်တတ်၏။

"ထား က ကိုယ့်အပူနဲ့ကိုယ်မို့ပါ၊ ထား အနားမှာ လိုအပ်သမျှ ကူညီနေတဲ့ ဦးဘလှသန်းတင် ကို ကျေးဇူးတင်ဖို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့--"

ဒေါက်တာမိုးမြတ် က စကားမဆက်ဘဲ ရပ်ထားတာကြောင့် ဆက်မေးလိုက်၏။

"ဒါပေမဲ့ ဘာဖြစ်လဲ ဒေါက်တာ"

ထိုအခါ ဒေါက်တာက သိမ်မွေ့သောမျက်ဝန်းများဖြင့် ထား ကိုကြည့်၏။

"ကျွန်တော် ထား အတွက် စိုးရိမ်မိတယ်"

"အို..."

ထား မှာ ဒေါက်တာ၏ မထင်မှတ်သောစကားကြောင့် မျက် နှာ ဖျတ်ခနဲရဲမိသည်။ ဒေါက်တာ၏ နူးညံ့သော စကားသံများက ဆက်လက်ပေါ်လာသည်။

"တကယ်ပြောတာပါ ထား၊ ဦးဘလှသန်းတင် ဟာ အရွယ် အားဖြင့်လဲ ကောင်းတယ်၊ ရုပ်ရည်အားဖြင့်လဲ ခန့်ထည်တယ်၊ ငွေကြေး အားဖြင့်လဲ ပြည့်စုံလေတော့ မိန်းမသားတစ်ယောက်အတွက် ကျေနပ် လောက်စရာအချက်တွေနဲ့ မဟုတ်လား"

"ဒီလိုတွေးရင် ဒေါက်တာ မှားမှာပေါ့၊ ဒီမှာ ဒေါက်တာ 'အချစ်'ဆိုတာကို ဘယ်လိုအရာမျိုးကမှ မဆွဲဆောင်နိုင်ပါဘူး...



www.burmeseclassic.com

www.burmeseclassic.com



"အထူးသဖြင့် မိန်းမသားတွေဟာ တကယ်ချစ်မိလာပြီဆိုရင် အပေါ်ယံပကာသာဖြစ်တဲ့ ဒေါက်တာပြောတဲ့အချက်တွေကို မစဉ်းစားကြတော့ပါဘူး"

ထိုစကားကြောင့် ဒေါက်တာ မျက်ဝန်းတွေ လင်းလက်သွားသည်။

"ဒါဆို ကျွန်တော် မျှော်လင့်ချက်ရှိသေးတာပေါ့နော်"

"အို..."

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ထား၊ ဒီအချိန်မှာ ဒီလိုအကြောင်းမျိုး မပြောသင့်ဘူးဆိုတာသိပေမဲ့ ကျွန်တော် နောက်ကျမှာစိုးရိမ်တယ်"

ထားမှာ စိုးရိမ်နေသူကို မစိုးရိမ်ပါနှင့်ဟု မပြောနိုင်သလို အချစ်ရေးကိစ္စကိုလည်း ဒီအချိန်မှာ ထည့်မစဉ်းစားနိုင်သေးတာကြောင့် ဒေါက်တာကိုသာ ခွင့်လွှတ်ဖို့ပြောရ၏။

"ထား နားလည်ပါတယ် ဒေါက်တာ၊ ဒါပေမဲ့ ထားကို အချိန်ပေးဖို့ ပြောပါရစေ၊ ထား လေ ဒီအချိန်မှာ ဘာကိစ္စကိုမှ မစဉ်းစားချင်သေးလို့ပါ"

"ဟင်း ဟုတ်ပါတယ်လေ၊ ကျွန်တော် စိတ်လောသွားတဲ့အတွက် ခွင့်လွှတ်ပါ ထား"

"ရပါတယ် ဒေါက်တာ၊ ဟော ဟိုမှာ ကြီးမြ ထမင်းစားဖို့ လာခေါ်နေပြီ သွားစို့ ဒေါက်တာ"

ကြီးမြက သူတို့လာတာမြင်တော့ နေရာမှရုပ်သွားလျှောက်စောင့်၏။





"အတော်ပဲ ထား တို့လာတာနဲ့ ခုပဲ ထမင်းပွဲပြင်ပြီးတဲ့အကြောင်းလာပြောတာ"

"ဟုတ်ကဲ့"

ထမင်းဝိုင်းမှာ မနေ့ကလို ဦးဘလှသန်းတင် မပါတာကြောင့် စိတ်လွတ်လပ်သလို ခံစားကြရ၏။ ကြီးမြ ၏လက်ရာများဖြစ်သော ငါးသလောက်ပေါင်း၊ မရန်းသီးသုပ်၊ ကြက်သားဆီပြန်၊ ဆယ့်နှစ်မျိုးဟင်းချို၊ ဝက်သားချိုချဉ်ကြော်၊ တလချောင်ကြော်တို့ဖြင့် ဟင်းတွေကစုံလင်ကာ ထမင်းပွဲမှာ မြိုင်နေသည်။

"ဒေါက်တာ စားနော်"

ထား က ဒေါက်တာ ပန်းကန်တဲသို့ ဟင်းတွေ ခပ်ထည့်ပေးမိ၏။ မနေ့ကတော့ ဦးဘလှသန်းတင် ရှိနေတာကြောင့် စိတ်ထဲမလွတ်လပ်ကာ ဒေါက်တာကို ပြုစုချင်ပေမဲ့ ချုပ်ထိန်းခဲ့ရသည်။

ထား ၏ ဂရုတစိုက်အပြုအမူကြောင့် ဒေါက်တာ မျက်နှာကျေနပ်သွားရသည်။ ဦးဘလှသန်းတင် နှင့်ယှဉ်လျှင် သူ နောက်ကျန်ခဲ့သည်ကို စိုးရိမ်သမျှထား၏။ ထိုအပြုအမူလေးများကြောင့် သူ့အတွက် မျှော်လင့်စရာ အာရုံအပြည့်ပါလားဟု စိတ်တက်ကြွလာမိ၏။

ထား နှင့်အတူ ဒါပထမဆုံးအကြိမ် နှစ်ယောက်တည်း ထမင်းစားရတာမို့ ဒေါက်တာမိုးမြတ် ဘာ ဘာ မေ့နိုင်မည်မဟုတ်။

"စားလို့ကောင်းရဲ့လား ဒေါက်တာ"

"ကောင်းပါတယ် ထား၊ ချက်တဲ့ဟင်းအားလုံးကလည်း ကောင်းသလို ထားနဲ့အတူ နှစ်ယောက်တည်းစားရတဲ့ ထမင်းပွဲမို့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



တစ်သက် အမြိန်ဆုံးပါပဲလို့ ပြောပါရစေ"

"အို... ဒေါက်တာကလဲ"

ထား မျက်နှာကို ရှုံ့စိုက်စွာကြည့်လျက် အပြောကြောင့် မျက်နှာလေးနီရဲကာ ခေါင်းငုံ့သွားရ၏။

ထမင်းစားပြီးတော့လည်း အချိုပွဲက မြိုင်ဆိုင်လှ၏။

"သကျူရင် ဒေါက်တာကို ဦးဘလှသန်းတင် ထမင်းစားဖိတ်ထားတယ်မနော်"

"အင်း ကျွန်တော်ဖြင့် မတတ်သာလို့ လက်ခံရတယ်၊ သွားတောင် မသွားချင်ဘူး"

"ဒီလိုတော့မလုပ်ပါနဲ့ ဒေါက်တာ၊ တကယ်တမ်းမှာ အစ်ကိုကြီးက ခင်မင်ရောကောင်းပါတယ်"

"ဟုတ်ပါတယ်၊ ဦးဘလှသန်းတင်က သူ့မူရေးပိုင်းမှာ ကျွမ်းကျင်လိမ္မာတယ်ဆိုတာ...၊ ဒါပေမဲ့ ကိုယ်ပေါက်စလိုက်တာတော့ ထား တို့မျက်နှာကိုထောက်လို့ပါ...

"ဪ ဒါနဲ့ အဲဒီထမင်းစားပွဲ ထား တောလာမှာလား"

သို့သော် ဒေါက်တာ၏ မျက်ဝန်းမှာ မလာစေချင်သောအရိပ်တွေ သန်းနေသည်ဟု ထား ထင်၏။

"ထား မပြောတတ်သေးဘူး၊ ကြီးမြနဲ့ တိုင်ပင်လိုက်ဦးမယ် ဒေါက်တာ"

ဒေါက်တာက ပင့်သက်တစ်ချက်ရှိုက်ကာ ခေါင်းညိတ်၏။

"ထားလဲ ပိန်သွားတယ်၊ ကျန်းမာရေးဂရုစိုက်ဦးနော်"





"ခုလိုသတိပေးတာ ကျေးဇူးပါပဲ ဒေါက်တာ"

"ဟော ထား ကတော့လုပ်ပြီ၊ ကျွန်တော်ဟာ ထား ကျေးဇူးတင်ရမယ့်လူ မဟုတ်ပါဘူး၊ ထား အတွက် ကျွန်တော်ယူလာတဲ့ အားဆေးတွေကို မှန်မှန်သောက်နော်"

"စိတ်ချပါ ဒေါက်တာ"

အားဆေးတွေဆိုတာကြောင့် ဦးဘလှသန်းတင် ကို ဖျတ်ခနဲ သတိရမိ၏။ ထား သတိလစ်သွားစဉ်က ဆရာဝန်ခေါ်၍ပေးစဉ် အားနည်းကြောင်းသိကာ အားဆေးများဝယ်ပေးခဲ့တာကို ဒေါက်တာကို အသိမပေးဖြစ်တော့။

"ထား ရေ၊ ဦးဘလှသန်းတင်က ဖုန်းဆက်တယ်၊ ညနေ ထမင်းစားဖို့လာခေါ်မှာမို့လို့ ငါးနာရီလောက် အသင့်ပြင်ထားပါတဲ့"

"ရှင်... ဟုတ်ကဲ့"

ထား မှာ ခေါင်းညိတ်ရင်း ဒေါက်တာကို အားနာသလိုကြည့်မိ၏။

"ဒီ ထမင်းစားပွဲကို ထား လာဖို့ ဒေါက်တာ သဘောတူတယ် မဟုတ်လားဟင်"

"ကျွန်တော့်မှာ တားပိုင်ခွင့်မရှိပါဘူး ထား"

"ဒီလိုမပြောပါနဲ့ ဒေါက်တာရယ်"

ထိုအခါမှ ဒေါက်တာ ပြုံးကာ–

"အလကားပြောတာပါ ထား၊ ထား နဲ့ ဦးဘလှသန်းတင် တို့ဆိုတာ ကျွန်တော်မလာခင်ကတည်းက ရင်းနှီးခဲ့ကြတာပဲ၊

www.burmeseclassic.com



ကျွန်တော်ကြောင့် ထား အနှောင့်အယှက်ဖြစ်ရတာ မလိုပါဘူးလေ—

တာကယ်တော့ ဘယ်အရာမဆို မိတ်သာအဓိကပါ ထား၊ ထဲ ကျွန်တော်လဲ ပြန်ဦးမယ်၊ ထားလဲ အနားယူလိုက်တော့နော်"

ဒေါက်တာ နှုတ်ဆက်ပြီး ပြန်သွားချိန်၌ ထား အိပ်ခန်းထဲ ဝင်ကာ တစ်ကိုယ်တည်း စဉ်းစားမိ၏။

ဦးဘလှသန်းတင် နှင့် ဒေါက်တာမိုးမြတ်၊ ထိုယောကျ်ားသား နှစ်ယောက်က ထား ဘဝထဲ တစ်ယောက်တစ်မျိုး ဝင်လာလျက် သူ့ အပေါ် ဂရုတစိုက်ရှိနေတာ အတူတူပဲဟု သက်ပြင်းတစ်ချက်ကိုသာ ကျိတ်ချလိုက်မိတော့၏။





"ဦးဘလှသန်းတင် ကိုယ်တိုင်ဖိတ်ထားတာပဲ ထား ရယ်၊ သွားရမှာပေါ့၊ အစ်ကိုကြီးကိစ္စတုန်းက သူ ဘယ်လောက်ကူညီထားတယ်ဆိုတာ ထား အသိပဲ"

"ဒါကြောင့် ထား စဉ်းစားနေတာပေါ့၊ ဒက်ဒီကိစ္စပြီးတာမှ မကြာသေးဘူး၊ ထား က ဒီလို ထမင်းစားပွဲသွားရမယ်ဆိုတာ"

"အို ဘာဆိုင်လို့လဲ၊ ပတ်ဝန်းကျင်ဆိုတာ ထည့်တွက်သင့်တဲ့ နေရာမှ ထည့်တွက်ရမယ် ထား၊ ဒီနေရာ ကိုယ့်အပေါ်ကူညီခဲ့တဲ့ ဦးဘလှသန်းတင် လို လူမျိုးကလွဲပြီး ဘာကိုမှ အလေးထားစရာမလို ဘူး၊ သူဖိတ်တာကို လာတယ်ဆိုတာ သူ့ကို လေးစားကြောင်းပြတာ ပဲ၊ ကဲ ဘာမှစဉ်းစားမနေနဲ့ ပြင်တော့ဆင်တော့ ထား"

နောက်ဆုံးတော့ ကြီးမြ အဆုံးအဖြတ်ကိုယူကာ ထား တစ် ယောက် ဦးဘလှသန်းတင် ၏ ထမင်းစားပွဲကို တက်ဖို့ပြင်ရသည်။ ဒက်ဒီ ဆုံးပြီးခါစမို့ မျက်နှာကို မိတ်ကပ်ပါးပါးသာလူးကာ အရောင် မှိုင်းသော မီးခိုးရောင်ရင့်ရင့် နှစ်ထပ်စာဝမ်းဆက်ကိုဝတ်၍ ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



ရှည်များကို ခပ်မြင့်မြင့်ထုံးဖွဲ့ကာ ရွှေကလစ်ဖြင့် ဖိထားလိုက်၏။ လည်တိုင်ကြော့ကြော့မှာ ပုလဲတစ်ကုံးသာ ဆွဲ၍ ဘာလက်ဝတ်လက်စားမှ မဝတ်တော့။

ညနေငါးနာရီမထိုးခင် ဦးဘလှသန်းတင် အကြိုလွှတ်သော ကားရောက်လာ၏။ ကြီးမြ နှင့်အတူ သူမလိုက်လာခဲ့သည်။ မှန်တာပြောရလျှင် ဒါ ပထမဆုံးအကြိမ် ဦးဘလှသန်းတင် အိမ်သို့ ထား ရောက်ခြင်းပါ။

"ဟော… ထား"

မြို့စွန်ရှိ ကုန်းမြင့်ပေါ်မှ ကျယ်ဝန်းသောခြံကြီးနှင့် အုတ်ခဲနီရောင် နှစ်ထပ်တိုက်ကြီးမှာ ခံ့ထည်စွာရှိလျက် ခေတ်မီလှပစွာ ပြုပြင်ထားသော အဆောင်အယောင်များကြောင့် မြင်သူတိုင်း လည်ပြန်ငေးကြည့်ချင်စရာ။ ကုန်းမြင့်မြင့်ပေါ်ဆီ တိုက်ကြီးသို့ ခြံထဲရောက်တာတောင် ကားကို အတော်မောင်းယူရ၏။ ကျယ်ဝန်းသော ဆင်ဝင်အောက်ရောက်တာနှင့် ဦးဘလှသန်းတင် ထွက်ကြိုနေတာတွေ့ရ၏။ ဦးဘလှသန်းတင် က အဖြူရောင်တောက်နေသော လည်ကတုံး ရှပ်အကျီလက်ရှည်ကို မန်ကျည်းစေ့ရောင် ရခိုင်လုံချည်ဖြင့် တွဲဝတ်ထားတာကြောင့် သူ ထုံးစံအတိုင်း သန့်ပြန့်ကာ လူကြီးလူကောင်း တစ်ယောက်ဟန်အပြည့်နှင့်ပင်။

ကားတံခါးကို သူကိုယ်တိုင်ဖွင့်ပေးတာကြောင့် ထား အားနာသွားရ၏။

"ရပါတယ် အစ်ကိုကြီး"





"ဘာလဲ ကျုပ်ကိုအားနာလို့လား၊ အားမနာပါနဲ့လေ ဒေါက်တာတို့လဲ ကားအခေါ်လွှတ်ထားပါတယ်…

"ကဲ ဒေါ်စောမြ လဲကြွပါ"

ကြီးမြ ကိုယ်တိုင် ဦးဘလှသန်းတင် အိမ်ကို ဒါ ပထမဆုံး အကြိမ် ရောက်ဖူးတာမို့ ခြံကြီး၏ ကျယ်ဝန်းမှုနှင့် တိုက်ကြီး၏ ခံ့ငြားထည်ဝါမှုကို တအံ့တဩ ငေးမောကြည့်နေသည်။

"အို ဦးဘလှသန်းတင် ခြံကြီးက ကျယ်လိုက်တာ၊ ပန်းတွေကလဲ စုံပါဘိနဲ့၊ တိုက်ကြီးကလဲ ခံ့ညားလိုက်တာပါလား"

ဒေါ်စောမြ ၏ချီးကျူးမှုကို ဦးဘလှသန်းတင် က ဂုဏ်ယူဟန်ဖြင့် ပြုံးသည်။

"ကျွန်တော် မရောက်ခင်ကတော့ ဒီခြံနဲ့တိုက်ကြီးကို ပိုင်ရှင်တွေက ပစ်ထားကြတယ် ဒေါ်စောမြရဲ့၊ ကျွန်တော် ဝယ်ပြီးမှ ဒါတွေအားလုံး ပြုပြင်မွမ်းမံရတယ်"

"အေးဗျာ၊ ဦးဘလှသန်းတင် မရောက်ခင်ကတော့ ဒီခြံကြီးရှေ့က တစ်ခေါက်နှစ်ခေါက် ဖြတ်ဖူးပါတယ်၊ ဒီတုန်းက ချုံနွယ်ချုံပုတ်တွေနဲ့၊ ခုလိုပြင်ဆင်လိုက်တော့လဲ တကယ့်ကို နေချင်စဖွယ်ကောင်းတဲ့ ဥယျာဉ်ကြီးတစ်ခုလိုပါပဲ"

ထား ကိုယ်တိုင်မှာလည်း ပန်းပေါင်းစုံလင်စွာနှင့် သာယာ ပျော်ရွှင်ဖွယ်ကောင်းသော ဦးဘလှသန်းတင် ၏ခြံကြီးနှင့် တိုက်ကြီးကို အံ့ဩစွာကြည့်မိ၏။ ဒါကိုရိပ်မိသော ဦးဘလှသန်းတင် က

"ဘယ်လိုလဲ ထား၊ ကျွန်တော့်ခြံကို စိတ်ဝင်စားနေပြီလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ မလာခင် ကျွန်တော်တို့ ခြံထဲ တစ်ပတ်လှည့်ကြည့်ရင် ကောင်းသလား"

"ကောင်းတာပေါ့ကွယ်၊ ထားးလဲ စိတ်ပြေလက်ပျောက် ဖြစ်တာပေါ့"

ဒေါ်စောမြ က ထောက်ခံတာကြောင့် သူတို့သုံးယောက် ခြံထဲ လျှောက်ခဲ့၏။ ခြံကြီးမှာ ကျယ်ဝန်းသည်နှင့်အမျှ ပန်းပေါင်းစုံလင်စွာ ရှိတာမို့ ဥယျာဉ်တစ်ခုထဲ ရောက်သွားသလိုပါပဲ။ တိုက်ကြီး၏ ချက်နှာစာမှာတော့ မြစိမ်းရောင်ကော်ဇောတစ်ချပ်လို ဂျပန်မြက်ခင်း စိမ်းစိမ်းဖြင့် စိုပြည်လျက်ရှိ၏။ နှင်းဆီ၊ သစ်ခွ၊ စံပယ်၊ စွန်၊ မြတ်လေး၊ ဂန္ဓမာ စုံလှပါသည့်ပန်းပင်တွေက မိန်းကလေးတစ်ယောက် အတွက်တော့ နှစ်သက်စရာပါပဲ။

"မောင်ဘလှသန်းတင် ခြံက ပန်းတွေစုံလှတယ်ကွယ်၊ မောင်ဘလှသန်းတင် က တစ်ကိုယ်တည်းသမားဆိုပေမဲ့ ပန်းစိုက်တာလဲ ဝါသနာပါလှပါလား"

ဒေါ်စောမြမှာ ကိုယ့်ခြံထဲမှာလည်း ပန်းပင်တွေရှိပေမဲ့ ဒီလောက် မစုံပါ။ ထို့ပြင် နောက်ပိုင်း စီးပွားရေးကျလာတာမို့ မာလီပင် မခေါ်နိုင်တာကြောင့် ပန်းပင်များ အပျက်အစီးများကာ ခြောက်သွေ့ကုန်ရ၏။ ဒါကို ထားး ပင် သတိပြုမိဟန်မရှိ။

"အဟွန်း၊ ဒီလိုပဲပေါ့ ဒေါ်စောမြ ရယ်၊ ကျုပ်အတွက် အပန်းဖြေစရာက ဒီသစ်ပင်တွေပဲ ရှိတယ်မဟုတ်လား၊ ကျုပ်ရဲ့ အားလပ်ချိန်တွေကို သူတို့ကို ပေးထားရတာပဲ"





"ဪ... ဪ ကောင်းပါတယ်၊ တစ်သက်တာပျော်ချင်ရင် သစ်ပင်စိုက်ဆိုတာ၊ ဟော ဟိုမှာ ဂမုန်းတွေပါလား၊ အဒေါ် သွားကြည့်ဦးမယ်"

ဒေါ်စောမြ က ပြောပြောဆိုဆို သူတို့နှင့်ခွဲကာ ဂမုန်းပင်များ ထိုသို့ လျှောက်သွားလေ၏။ ဦးဘလှသန်းတင် နှင့် ထားး တို့သာ ဆီပင်များကြားတွင် ကျန်ခဲ့သည်။ ဦးဘလှသန်းတင် က ဆည်းဆာ ဝင်ချိန်အောက်မှာ အစွမ်းကုန်လှပနေသော ထားး ကို တစ်ချက်မျှ စိုက်ကြည့်ပြီး ခပ်လွန့်လွန့်ပြုံး၏။

"ဘယ်လိုလဲ ထားး၊ ကျုပ်ခြံကို သဘောကျရဲ့လား"

ယခုချိန်ထိ တိတ်ဆိတ်ကာ ငြိမ်သက်နေသော ထားး အား ဘလှသန်းတင် မေးလိုက်၏။ ထားး မှာ တစ်ချိန်လုံး သောကအပူ ဖြင့် စိတ်တွေညစ်နွမ်းခဲ့သမျှ လှပဝေဆာစွာ ဖူးပွင့်နေသော ပန်းပေါင်းစုံကြောင့် တစ်ခဏ စိတ်တွေ ကြည်လင်သွားတာကို ဝန်ခံ ရသည်ဖြစ်၏။ ထို့ကြောင့် ဦးဘလှသန်းတင် ကို ခေါင်းညိတ်လိုက်သည်။

"သဘောကျပါတယ် ဦးဘလှသန်းတင်၊ အစ်ကိုကြီးလို လူ တစ်ယောက်က ဒီလိုပန်းစိုက်ဝါသနာပါတာ ချီးကျူးစရာပါ"

ထားး သဘောကျတယ်ဆိုတာကြောင့် ဦးဘလှသန်းတင် ကျေနပ်သွားရလေ၏။

"ကျုပ် ခုနကပြောခဲ့သလိုပေါ့ ထားး၊ ကျုပ်ဘဝမှာ အလုပ်မအေးရင် အပန်းဖြေစရာ ဒါပဲရှိတယ်ဆိုတာ"

သည်တော့မှ ထားး သည် ဒီလောက်ပြည့်စုံပါလျက် ဦးဘလှ



www.burmeseclassic.com

www.burmeseclassic.com



သန်းတင် တစ်ယောက် ယနေ့အချိန်ထိ အိမ်ထောင်မပြုတာကို တိတ်တဆိတ် အံ့ဩနေမိ၏။

သူ ဘာကြောင့် ယနေ့ချိန်ထိ အိမ်ထောင်မပြုတာပါလိမ့်။

သို့သော် ထိုအတွေးသည် ထား နှင့်မဆိုင်တာမို့ ဆက်လက်မတွေးတော့ပါ။

"ထား လည်း သစ်ပင်စိုက်တာ ဝါသနာပါတယ် အစ်ကိုကြီး အိမ်ကခြံထဲမှာတောင် ပန်းပင်တွေ ညှိုးနေတာတွေ့တယ်၊ နောက်မှ ထား ပြုပြင်ရဦးမယ်"

ထား သည် လက်ရှိတိုက်နှင့်ခြံကြီး သူမနှင့် မသက်ဆိုင်တာကို မသိလေတော့ ထိုစကားမျိုး ပြောလိုက်ခြင်းမို့ ဦးဘလှသန်းတင်က တစ်ချက်မျှစိုက်ကြည့်ကာ ခေါင်းညိတ်၏။

"ဒီအတွက်မပူပါနဲ့ ထား၊ အစ်ကိုကြီး တာဝန်ထားပါ"

"အို ထား အတွက် အစ်ကိုကြီး အလုပ်ရှုပ်နေပါ့မယ် ရှင်"

"ထားကို ဒီစကားမျိုးမပြောဖို့ အစ်ကိုကြီး ပြောပါရစေ ထားသာ စိတ်လက်ပျော်ပျော်နေစေချင်တယ်"

ဦးဘလှသန်းတင် ၏ စေတနာကိုသိရလေ ထား အားနာရလေ ဖြစ်၏။

"အစ်ကိုကြီးလဲ ထား တို့ကို ကူညီခဲ့ရတာ များလှပါပြီနော်"

"ဒါကတော့ ကူညီရမယ့်လူမို့ ကူညီရတယ်လို့ အစ်ကိုကြီး ထင်ပါတယ်၊ ကဲပါလေ ဒါတွေပြောမနေပါနဲ့၊ သစ်ခွပင်တွေဘက် သွားကြည့်ရအောင် နော်"





ထား ခေါင်းညိတ်ကာ ဦးဘလှသန်းတင် နောက် လိုက်ခဲ့သည်။ သစ်ခွပန်းများမှာ ဝေဆာဖူးပွင့်လျက် ရှားပါးမျိုးများကိုတောင် တွေ့ရ၏။

"လှလိုက်တဲ့ပန်းတွေ နော်၊ ဒီသစ်ခွမျိုးတွေကဆို သိပ်ရှားတယ်"

ထား သည် မိန်းကလေးပီသစွာ မျိုးကောင်း၍ ရှားပါးလှသော သစ်ခွပင်များရှေ့ရပ်ကာ ကြည့်ရင်း ချီးမွမ်းလေ၏။

"ဟုတ်တယ် ထား၊ ဒီအမျိုးတွေကို အစ်ကိုကြီး တကူးတက ရှာဖွေယူရတယ်၊ ထား ပြန်ရင် ထား ကြိုက်သမျှပန်းတွေ အစ်ကိုကြီး ခူးပေးလိုက်ပါ့မယ်"

"ရပါတယ် အစ်ကိုကြီး၊ ဒီအချိန်မှာ ထား အတွက် ဘုရား ပန်းတင်ဖို့တစ်ခုအတွက်ပဲ ပန်းလိုပါတယ်"

ဦးဘလှသန်းတင် ကတော့ ထား ၏ဆံထုံးထက်မှာ အလှဆုံး သစ်ခွပန်းတစ်ပွင့်ကို ပန်ပေးလိုက်ချင်၏။ သို့သော် ဒီအချိန်မှာ သင့်တော်တာမို့ စိတ်ကို ချုပ်တည်းထားလိုက်ရသည်။

"ဘာအတွက်ပဲဖြစ်ဖြစ် ပေးရမှာက အစ်ကိုကြီး တာဝန်ပါပဲ၊ သော ဟိုမှာ ဒေါက်တာကို အကြိုလွှတ်လိုက်တဲ့ ကားလာပြီ ထား"

ထား လှမ်းကြည့်တော့ အဖြူရောင်ကားတစ်စီး ခြံထဲဝင်လာတာ တွေ့ရ၏။ ကားပေါ်မှနေ၍ ဒေါက်တာမိုးမြတ်သည် ပန်းခြံအလယ်မှာ ရပ်နေသော ဦးဘလှသန်းတင် နှင့် ထား တို့ကိုတွေ့ကာ စိတ်ထဲ တစ်မျိုးဖြစ်သွားရ၏။



www.burmeseclassic.com

ခန့်ညားချော့မော့သော ဦးဘလှသန်းတင်နှင့် ထား တို့၏လှပမှုသည် ထိုက်တွင်နေသလိုပါပဲ။ ဒေါက်တာမိုးမြတ် စီးလာသောကားဆင်ဝင်အောက်ရပ်ချိန်တွင် ဦးဘလှသန်းတင်နှင့် ထား တို့လည်း ရောက်လာသည်။

"ဒေါက်တာ ကြွပါ၊ ကျုပ်တို့ ဒေါက်တာကို စောင့်နေကြတာပါ"

ကလိန်စေ့ရောင် အနောက်တိုင်းဝတ်စုံဖြင့် ဒေါက်တာမိုးမြတ် ကားပေါ်မှဆင်းလာ၏။

ထား က ဒေါက်တာမိုးမြတ် ကို ပြုံးပြကာ–

"ဒေါက်တာ အလာစောင့်ရင်း ထား တို့ ခြံထဲလျှောက်ကြည့်နေတာ၊ ဦးဘလှသန်းတင် ရဲ့ခြံက ပန်းတွေသိပ်စုံတာပဲ ဒေါက်တာ"

"ထမင်းစားပြီးတော့ ဒေါက်တာနဲ့အတူ လျှောက်ကြတာပေါ့၊ ကဲ ခုတော့ ထမင်းစားဖို့ ဒေါက်တာနဲ့ ထား အိမ်ထဲသို့ကြွပါဗျာ"

ဒေါ်စောမြလည်း ရောက်လာတာမို့ သူတို့အားလုံး တိုက်ထဲဝင်ခဲ့သည်။ တိုက်ထဲဝင်လိုက်တာနှင့် ကျယ်ပြန့်လှသော ဧည့်ခန်းထဲမှာ နီညိုရောင် အီတလီကော်ဇောကြီးများ ခင်းထားလျှက် အဖြူရောင် ရေမြှုပ်ဆိုဖာဆက်တီများနှင့်အတူ ခေတ်မီလှပသော ပရိဘောဂအစုံအလင်ဖြင့် ခံ့ညားဝင့်ကြွားစွာ တွေ့လိုက်ရ၏။

ဦးဘလှသန်းတင် က ဆိုဖာတွင်ဝင်ထိုင်ကြရန် ပြောပြီး–

"ကဲ ဒေါက်တာ၊ ထမင်းမစားခင် ဘာများသုံးဆောင်မလဲ၊ ကျုပ်ဆီမှာတော့ အစုံအလင်ရှိပါတယ်…





"ထား တို့အတွက်ကတော့ အချိုရည်စီစဉ်ထားတယ်"

ဦးဘလှသန်းတင် က သူ အဖျော်ယမကာတစ်ခုခု သောက်ထိမ့်မည်ဟု ထင်နေကြောင်း ဒေါက်တာမိုးမြတ် ရိပ်မိလိုက်၏။

ထို့ကြောင့် ခေါင်းကို အသာခါယမ်းရင်း–

"ကျွန်တော် အချိုရည်ပဲ သောက်ပါ့မယ် ဦးဘလှသန်းတင်"

ယောက်ျားတွေချည်းဆိုလျှင်တော့ တစ်မျိုးဖြစ်နိုင်သေမဲ့ ယခုခါ ထား တို့မိန်းမသားများကို အားနာရမည်ဖြစ်သည်။

"ကဲ ဒါဆို အားလုံးအတွက် အချိုရည်ပေါ့"

ဟုဆိုကာ ငွေခေါင်းလောင်းလေးကို တီးလိုက်၏။ ခဏနေတော့ သေသပ်စွာဝတ်ဆင်ထားသော လူငယ်တစ်ယောက် ထွက်လာကာ–

"ဘာအလိုရှိပါသလဲ ဆရာ"

"အေး တို့အားလုံးအတွက် အချိုရည်စီစဉ်ပေးပါ"

"ဟုတ်ကဲ့ ဆရာ"

ကောင်လေး ပြန်ဝင်သွားပြီးနောက် ဦးဘလှသန်းတင် က ငွေစက်ဖြင့်ပြုလုပ်ထားသော ယွန်းထဲမှ စီးကရက်ဘူးကို ထုတ်ကာ ဒေါက်တာမိုးမြတ် အား လှမ်းပေး၏။

"သောက်ပါ ဒေါက်တာ"

ပြောရင်း သူကိုယ်တိုင်လည်း တစ်လိပ်ယူသောက်၏။

"နေပါစေ ဦးဘလှသန်းတင်၊ ထမင်းစားတော့မှာမို့ မသောက်တော့ပါဘူး"

www.burmeseclassic.com



ဦးဘလှသန်းတင် က စီးကရက်ဘူးကို ပြန်ထားလိုက်သည်။ ဒေါက်တာမိုးမြတ် က ဦးဘလှသန်းတင် ၏တိုက်ကြီးကို အကဲခတ်ကာ–

"ဦးဘလှသန်းတင် ရဲ့တိုက်ကြီးက ရှေးကကျန်ခဲ့တဲ့ လက်ရာ ဖြစ်မယ်၊ အုတ်နံရံတွေကအစ အထူကြီးပဲ"

"ဟုတ်တယ် ဒေါက်တာ၊ တကယ်တော့ ဒါဟာ ရှေးဟောင်း လက်ရာ တိုက်အိုကြီးတစ်လုံးပဲ၊ ဒေါက်တာ ကြည့်ရင် သိမှာပါ၊ ဆောက်ထားတာကအစ ရှေးဟောင်းပုံစံလက်ရာတွေပဲ၊ ကျွန်တော် ဒီလက်ရာကို ကြိုက်လို့ တမင်ဝယ်လိုက်တာ"

သူတို့ စကားများပြောနေစဉ် အိမ်စေကောင်လေးက အအေး ခွက်များယူလာ၏။ ဦးဘလှသန်းတင် က အချိုရည်ဖန်ခွက်များကို ကောက်ယူကာ ဒေါ်စောမြ နှင့် ထားး ကို ဦးစားပေး၍လှမ်း၏။

"ကဲ ဒေါ်ဒေါ်မြနဲ့ ထား သောက်လိုက်ပါဦး"

ပြီးမှ ဒေါက်တာမိုးမြတ် ကို လှမ်းပေးသည်။

"ဒေါက်တာ သုံးဆောင်ပါ"

"ဟုတ်ကဲ့"

လုပသော မျက်နှာကြက်မီးရောင်များအောက်မှ ဖြူဆွတ်သော အသားအရေဖြင့် တည်ငြိမ်စွာ လှပချောမောသည့် ထား ၏အလှမှာ ယောက်ျားသားနှစ်ယောက်၏ မျက်လုံးထဲတွင် စွဲမက်စရာဖြစ်နေသည်။

သို့သော် လူကြီးလူကောင်းများပီပီ ဟန်ဆောင်မှုလွှမ်းဖုံးလျက် တခြားစကားများသာ ပြောဆိုနေသည်။





"ဒါနဲ့ ဒေါက်တာ တာဝန်က ရန်ကုန်မှာပဲလား ခင်ဗျ"

"ဟုတ်ကဲ့ ဦးဘလှသန်းတင်"

"ဪ ဒါဆို မိသားစုကလဲ ရန်ကုန်မှာပေါ့"

"မိသားစုကတော့ ရန်ကုန်မှာ မဟုတ်ဘူးခင်ဗျ၊ ကျွန်တော် ဘာတွေကနယ်မှာပါ"

"ဒါဆို ဒေါက်တာတစ်ယောက်တည်း ရန်ကုန်မှာနေတာပေါ့ နော်"

"ဟုတ်ကဲ့"

ဦးဘလှသန်းတင် ၏မျက်နှာသည် မသိမသာ တွန့်သွားလျက် အစိုးတစ်ရာကို လေးနက်စွာ ဖျက်ခနဲ တွေးလိုက်၏။ ထို့နောက် ထား မျက်နှာကို တစ်ချက်မျှ စူးစိုက်ကြည့်ပြီးမှ ဒေါက်တာမိုးမြတ် ဆက်လှည့်၍ ပြုံး၏။

"ဒါဆို ထား ကလဲ ဒီနှစ်ကျောင်းဆက်တက်ရဦးမယ် ဆို တော့ ဒေါက်တာကိုပဲ စောင့်ရှောက်ဖို့မှာရမှာပဲ"

ထိုစကားကြောင့် ဒေါက်တာမိုးမြတ် ၏မျက်နှာ မကြိုက်သည့် အရိပ်အယောင် ဖျတ်ခနဲသန်းသွားပြီးမှ ညင်သာစွာပြုံးလျက်–

"ဒါကတော့ အထူးမှာစရာမလိုပါဘူး ခင်ဗျာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ထား နဲ့ ကျွန်တော်တို့က အစကတည်းက ရင်းနှီးတဲ့မိတ်ဆွေ တွေ ဖြစ်နေလို့ပါပဲ"

ဒေါက်တာမိုးမြတ် တမင်ထည့်ပြောလိုက်သော ရင်းနှီးသည့် မိတ်ဆွေဟူသော အသုံးအနှုန်းကြောင့် ဦးဘလှသန်းတင် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကွက်ခဲ့ပြက်သွားပြီးမှ ခပ်ဟက်ဟက်ရယ်မောရင်း–

"အေးဗျာ၊ ကျုပ်မှာလဲ ထား ရဲ့ဖခင်နဲ့ သိပ်ခင်ခဲ့တာဆိုတော့ ထား အတွက် အစစပူပန်မိတယ်၊ လက်ရှိစီးပွားရေးမှာလဲ လုပ်ငန်းရှင် က ဆက်စပ်နေတော့ ထား အတွက် ကူညီစောင့်ရှောက်ဖို့ဆိုတာ ကျုပ်တာဝန်လိုဖြစ်နေရတယ် မဟုတ်လား"

"ဒါပေမဲ့ ထား က အရွယ်ရောက်ပြီးဖြစ်တဲ့ မိန်းကလေး သူ့ဘဝအတွက် ဘယ်လိုလျှောက်ရမယ်ဆိုတာ ကောင်းကောင်းသိ တယ်၊ ဟုတ်တယ် မဟုတ်လား ထား"

ဒေါက်တာမိုးမြတ် က ထား ဘက်လှည့်၍ ပြော၏။ ထား သည် ခေါင်းလေးညိတ်လျက်–

"ဟုတ်ပါတယ်၊ လောလောဆယ် ဒက်ဒီ ကိစ္စကြောင့် ထား ဘာမှမစဉ်းစားရသေးပေမဲ့ ရှေ့လျှောက်အနာဂတ်အတွက်တော့ တစ် ခု စဉ်းစားမှာပါပဲ"

"အို... ထား ကလဲ ဘာများအထူးစဉ်းစားစရာလိုလဲ၊ ကျုပ် တစ်ယောက်လုံးရှိနေတာ၊ ထား အနေနဲ့ ဒီတစ်နှစ်သာကျန်တဲ့ ကျောင်း ပညာရေးကိုသာ ဖြောင့်ဖြောင့်သင့်ပါ၊ နောက်ပိုင်းစီးပွားရေးအတွက် ကျုပ်တာဝန်ထားပါ"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်၊ ထား လဲ ဒီတစ်နှစ် ပဲ"

ထား မှာ ဖခင်လက်ထပ်က စီးပွားရေး ဘာမှမရှိတော့တာ မသိပြီမို့ ဦးဘလှသန်းတင် ပြောသမျှ အဟုတ်ထင်ကာ အားပင်နာနေ ၏။





ဦးဘလှသန်းတင် မှာ စီးပွားရေးနှင့်ပတ်သက်လျှင် မည်သူ့ပေါ် ဆို အမြတ်အစွန်းရမှ လုပ်ကိုင်ခဲ့သမျှ ထား အပေါ်မှာတော့ မရှိ သော စီးပွားရေးလုပ်ငန်းတွေကိုပင် ရှိယောင်ဆောင်ကာ သူ့အိတ်ထဲက ငွေကြေးကိုပင် အရှုံးခံစိုက်၍ ထား အတွက်သုံးဖို့ ဆုံးဖြတ်ထား၏။

သူတို့စကားကောင်းနေစဉ် အိမ်စေကောင်လေး ရောက်လာပြီး အနည်းငယ်ညွှတ်ကာ လက်နှစ်ဖက်နောက်ပစ်လျက် ဦးဘလှ န်းတင် အား ရိုသေစွာပြောသည်။

"ထမင်းပွဲ အဆင်သင့်ဖြစ်ပါပြီ ဆရာ"

"ကဲ အားလုံးပဲ ထမင်းစားခန်း သွားကြပါစို့"

ကျယ်ဝန်းလှသော ထမင်းစားခန်းကြီးမှာ ခုံညားလှပသည်နှင့် သားနားသောထမင်းဝိုင်းကြီးကလည်း လူဆယ်ယောက်မက စား အောင် ဟီးထနေ၏။ ဦးဘလှသန်းတင် ဦးဆောင်ကာ စားပွဲဝိုင်း ဝင်ထိုင်လိုက်ကြ၏။ မမျှော်လင့်ဘဲ ဦးဘလှသန်းတင် နှင့် ထား နေရာချင်းကပ်ထိုင်မိကြသည်။ တစ်ဖက်မှာက ဒေါက်တာမိုးမြတ် ကြီးကြီးမြ တို့ဖြစ်သွား၏။

"ကဲ ကဲ အားလုံးပဲ အားမနာတမ်းစားဖို့ ပြောပါရစေ၊ လူ သွပဲ ဘာမှအားနာစရာမရှိဘူး ဟုတ်လား"

ဦးဘလှသန်းတင် က ပြုံးပြုံးရွှင်ရွှင်မျက်နှာဖြင့် ပြောရင်း လူ ရဲ့ ပန်းကန်ထဲကို သူကိုယ်တိုင် ဟင်းများ ခပ်ထည့်ပေးလေ၏။

ဦးဘလှသန်းတင် သည် အသက်လေးဆယ်အရွယ် ပတ် ဖြစ်ပေမဲ့ အရိပ်ထဲမှာ ကောင်းမွန်စွာနေလာရလို့လားမသိ နုပျို



www.burmeseclassic.com

www.burmeseclassic.com



စိုပြေကာ ဒေါက်တာမိုးမြတ်နှင့် အရွယ်ချင်းမကွာသလိုတောင် ထင်ရ
၏။

"ကျုပ်ကတော့ ဘဝဆိုတာ ပျော်စရာလို့ထင်တယ်၊ လောက
ကြီးဟာ ကျုပ်အတွက်တော့ ပျော်စရာကောင်းသားဗျ၊ ဟဲ ဟဲ
ဒေါက်တာတို့ ထား တို့ကော လောကကြီးကို ကျုပ်လိုပဲ မြင်မယ်
ထင်ပါတယ်"

ဒေါက်တာမိုးမြတ် က ထား ကို ဖျတ်ခနဲလှမ်းကြည့်၏။ ဦးဘ
ခေါင်းခါယမ်းသူက ထား ပင်။

"ဒီလိုလဲ ဘယ်ဟုတ်မလဲ၊ ဦးဘလှသန်းတင် လူတိုင်းအတွက်
ကတော့ လောကကြီးဟာ ပျော်စရာဖြစ်မနေပါဘူးလေ၊ ထားကို
ကြည့်ပါလား၊ ထား မှာ ဒုက္ခဒီဆုံးလို့ ဘယ်လောက် ဝမ်းနည်းပူဆွေး
သောကရောက်ရသလဲဆိုတာ ခုချိန်ထိ ထား စိတ်ထဲမှာ ဒုက္ခဒီအတွက်
ဖြေမပြေနိုင်ဘူးလေ"

"ဟုတ်ပါတယ် ဦးဘလှသန်းတင်၊ တကယ်တော့ လောကကြီး
မှာရှိတဲ့ လူတိုင်းဟာ ဘဝကို ငိုတစ်ခါ ရယ်တစ်လှည့်နဲ့ ဖြတ်သန်းလာ
ကြရတာပါ၊ မှန်တာပြောရရင် လောကကြီးဟာ ပျော်စရာကောင်းတယ်
လို့ ထင်တဲ့လူက ခပ်ရှားရှားပါ"

"အဟွန်း ဟွန်း ဒေါက်တာနဲ့ ထား တို့ရဲ့အမြင်ချင်းက တယ်
တူနေကြပါလားဗျ၊ အင်းလေ ထား အတွက်ကတော့ ထား ဒုက္ခ
အတွက် စိတ်ထိခိုက်မယ်ဆိုတာ ကျုပ်ကိုယ်ချင်းစာပါတယ်...

ဒေါက်တာကကော ဘဝကို ဘာကြောင့် ပျော်စရာလို့ မမြင်





တာလဲဗျ"

ထိုအမေးကြောင့် ဒေါက်တာမိုးမြတ် နှုတ်ခမ်းကို တွန့်ခနဲ
ပြုံးသည်။

"ကျွန်တော်က ဆရာဝန်တစ်ယောက်ဆိုတာ ဦးဘလှသန်းတင်
သိနေတာနဲ့ တူတယ်၊ ဆေးရုံပေါ်မှာ သောကဗျာပါဒတွေနဲ့ အပူလုံး
ကြွနေတဲ့ လူတွေရဲ့မျက်နှာဟာ ကျွန်တော်အတွက်တော့ ကိုယ့်မိသားစု
ထဲက လူတွေလို အောင်းမေ့ သတ်မှတ်တယ်၊ သူတို့ကို ကြည့်ပြီးတော့
လောကကြီးရဲ့အဓိပ္ပာယ်ဟာ ငိုကြွေးခြင်းလို့တောင် ထင်မိတယ်
ဦးဘလှသန်းတင်"

"အင်း ဒေါက်တာကလဲ ဒေါက်တာ ခံယူချက်နဲ့ကိုး၊ ကျုပ်က
တော့ ဒေါက်တာလို စိတ်ရှုပ်စိတ်ညစ်ရတဲ့ အသိုင်းအဝိုင်းမျိုးနဲ့
မတွေ့ခဲ့လေတော့ လောကကြီးဟာ ကျုပ်အတွက် ပျော်စရာကောင်း
ဘယ်လို့ထင်တာ မဆန်းပါဘူးနော်"

ဦးဘလှသန်းတင် က ဂုဏ်ယူဝင့်ကြွားစွာ ပြောရင်း ဒေါက်တာ
မိုးမြတ် ကို ခပ်ပြုံးပြုံးမေးလိုက်၏။

ဒေါက်တာမိုးမြတ် က ပြုံး၍ ခေါင်းညိတ်သည်။

"ဒါပေါ့လေ၊ ကျွန်တော် ဦးဘလှသန်းတင် အတွက် ဆုတောင်း
ပေးပါ့မယ်၊ လောကကြီးမှာ ဦးဘလှသန်းတင် ထင်သလို အမြဲ
ပျော်စရာကောင်းနေပါစေလို့"

"ဟား ဟား ပေးတဲ့ဆုနဲ့ပြည့်ပါစေဗျာ၊ ကျုပ်အတွက်ကတော့
အမြဲပျော်စရာကောင်းနေမှာပါနော် ထား"



www.burmeseclassic.com

www.burmeseclassic.com



"အိ…"

ဇတ်ဘရက် ထား ဘက်လှည့်ကာ အပြောကြောင့် ဦးဘလှ သန်းတင် ၏ စူးစူးစိုက်စိုက်ကြည့်ခြင်းခံလိုက်ရသော ထား မှာ မျက်နှာလေး မထားတတ်အောင်ဖြစ်လျက် ခေါင်းကို ဖျတ်ခနဲ ငုံ့ချလိုက်လေသည်။

"ထားလဲ အန်ကယ်အတွက် သိပ်စိတ်ညစ်မနေပါနဲ့ကွယ်၊ ဒါဟာ သဘာဝတရားပဲ၊ အင်း မကြာခင် ထား ပျော်လာလိမ့်မယ်လို့ အစ်ကိုကြီး ထင်ပါတယ်"

သူ ဘာအဓိပ္ပာယ်နှင့်ပြောမှန်း မသိပေမဲ့ ဒေါက်တာမိုးမြတ် ရှေ့မှာမို့ ထား အနေခက်ပါသည်။ ကြီးကြီးမြ ကတော့ လူကြီးပိုင်း သူတို့စကားဝိုင်းကိုရှောင်ကာ ထမင်းစားခြင်းကို လက်စသတ်လိုက်၏.

"ဘယ်နှယ့်လဲ ဒေါ်လေးမြ၊ ထမင်းစားကောင်းရဲ့လားဗျ"

"ကောင်းပါတယ်ကွယ်၊ ဟင်းတွေကလဲ တော်တော်စုံတာကိုး"

ထမင်းပွဲမှာ စားပွဲထိုးကောင်လေးက ဟင်းများကို တစ်ပွဲပြီး တစ်ပွဲ အလိုက်သိစွာဖြည့်ပေးတာကြောင့် ထမင်းစားဝိုင်း၏ စည်ကားမှုကို မပျက်ပေ။

ဦးဘလှသန်းတင် က ထား အတွက် ဂရုတစိုက် ဟင်းများ ထည့်ပေးတာကြောင့်လည်း ထား မှာ မျက်နှာလေးနီကာ ဒေါက်တာမိုးမြတ် ကို မလုံသလို မကြာခဏကြည့်မိရင်း သက်ပြင်းကိုသာ ကျိတ်ချဖြစ်၏။

စားသောက်ပြီးတော့ ဧည့်ခန်းမှာ အချိုပွဲဆက်ထိုင်ကြတော့





လည်း ထား အတွက် ပန်းသီးကို ဦးဘလှသန်းတင် ကိုယ်တိုင် အခွံနွာပေး၏။

"ထား ပိန်နေတယ်၊ ကောင်းကောင်းအနားယူဖို့ မလိုဘူးလား ဒေါက်တာ"

ထား ၏တစ်ကိုယ်လုံးကို စူးစိုက်ကြည့်ပြီး ဦးဘလှသန်းတင် က ဒေါက်တာမိုးမြတ် ဘက်လှည့်မေး၏။

"ထား ဖြစ်တာက စိတ်ကြောင့်မို့ အဓိက စိတ်ကိုအနားယူဖို့ပါပဲ၊ ဒါပေမယ့် စိတ်ကောလူပါ အနားယူရင် ပိုကောင်းပါတယ် ဦးဘလှသန်းတင်"

"ကဲ ထား၊ ဒေါက်တာကတော့ ပြောနေပြီ၊ ထား ဘယ်ကို အပန်းဖြေခရီးထွက်ချင်လဲ အစ်ကိုကြီး လိုက်ပို့ပေးမယ်လေ"

ပိုင်စိုးပိုင်နင်း ဦးဘလှသန်းတင် ၏အမေးကြောင့် ဒေါက်တာမိုးမြတ် မျက်နှာ ကွက်ခနဲပျက်သွားသည်။ ထား ကိုယ်တိုင်လည်း မျက်နှာလေး ရဲခနဲဖြစ်သွား၏။

"အို နေပါစေ အစ်ကိုကြီး၊ ထား အိမ်မှာပဲအနားယူရင် ရပါတယ်၊ ပြီးတော့ မကြာခင်မှာ ထား ကျောင်းပြန်ဖွင့်တော့မှာမို့ ဘယ်ကိုမှ မသွားတော့ပါဘူး"

"အင်းလေ၊ ဒါလဲ ကောင်းပါတယ်၊ ကိုယ့်အိမ်မှာဆိုတော့ လွတ်လပ်တာပေါ့၊ ပြီးတော့ အစ်ကိုကြီးလဲရှိနေတော့ ဝိုင်းပြီးဂရုစိုက်နိုင်တာပေါ့လေ"

"ကဲ ခုလို ထမင်းကျွေးတာ ကျေးဇူးတင်ပါတယ် ဦးဘလှ



www.burmeseclassic.com

www.burmeseclassic.com



သန်းတင်၊ မှောင်လဲနေပြီဆိုတော့ ကျွန်တော် ပြန်မှထင်တယ်"

"ဟုတ်တယ်၊ ထား လဲပြန်တော့မယ် အစ်ကိုကြီး"

ယောကျ်ားနှစ်ယောက်ကြား စိတ်ကျဉ်းကျပ်လှဟာမို့ ထား နေရာမှထရပ်ပြောလိုက်၏။

"ကောင်းပြီလေ၊ ဒါဆို ဒေါက်တာနဲ့ ထား ကို ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်"

ဒေါက်တာနှင့် ထား မှာ တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲကြည့်မိလျက် ချက်ချင်း မျက်နှာလွှဲမိလိုက်ကြ၏။ တကယ် တော့ နှစ်ဦးသားစိတ်ထဲ ဦးဘလှသန်းတင် ကို လိုက်မပို့စေချင်တာ မပြောပေမဲ့ သိနေကြတယ်မဟုတ်လား။

* * *





"ကျွန်တော် ပြန်တော့မယ် ထား"

သည်နေ့တော့ ဒေါက်တာမိုးမြတ် က ထား ထံသို့ ခပ်စောစော ရောက်လာပါ၏။ ထား ကလည်း အိပ်ရာမှစောစောထဖြစ်တာကြောင့် နှစ်ယောက်သား လမ်းလျှောက်ထွက်ခဲ့ကြသည်။ ကန်စောင်းက ခုံ တန်းဖြူလေးဆီရောက်မှ ဒေါက်တာမိုးမြတ် ထိုစကားဆိုခြင်း ဖြစ်၏။

"ဪဲ..."

ဒေါက်တာပြန်တော့မည်ဆိုတော့ ထား ရင်ထဲ ရုတ်တရက် စိတ်မကောင်းသလိုပါပဲ။ ခိုပြာရောင် သက္ကလပ်ဘောင်းဘီပျော့ကို အဖြူပေါ်မှာ အပြာစင်းသေးသေးလေးတွေပါသော ကွမ်းရိုးစင်း ရှပ် အင်္ကျီလက်ရှည်နှင့် တွဲဝတ်ကာ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ နှိုက်ထားလျက် ရီဝေသောမျက်ဝန်းများဖြင့် ဒေါက်တာမိုးမြတ် က ထား ကိုကြည့်သည်။

"ထား ထား ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ဘာကိုလဲ ထား ရယ်၊ ထား ကျေးဇူးတင်ရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဘာမှမလုပ်ခဲ့ပါလား”

“ဒါကတော့ ဒေါက်တာ မသိချင်ယောင်ဆောင်နေတာပါ၊ ဒက်ဒီကိစ္စအတွက် ထားကို ဒီထိအောင် တကူးတကလာမေးတာ ထား ကျေးဇူးတင်ရမှာပါရှင်”

“သြော် ဒါများ ထား ရယ်”

“ထား နဲ့ ကျွန်တော်ဟာ မိတ်ဆွေမက ရင်းနှီးနေတဲ့လူတွေပါ၊ ထား ဒက်ဒီရဲ့နာရေးမှာ ကျွန်တော်ကိုယ်တိုင် ပါဝင်မကူညီလိုက်ရတာကိုပဲ စိတ်မကောင်းဖြစ်မိတယ်”

“ဒေါက်တာရဲ့စေတနာကို သိရတဲ့အတွက် ဝမ်းသာပါတယ်”

“ထား”

“ပြောပါ ဒေါက်တာ”

ထားနှင့် ဒေါက်တာ အကြည့်ချင်းဆုံမိ၏။ ဒေါက်တာ မျက်ဝန်းတွေမှာ စောင့်စည်းထိန်းချုပ်မှုတွေကို တွေ့ရတာကြောင့် ထား မသိမသာ သက်ပြင်းချမိ၏။

“ထား ကျောင်းဖွင့်ရက်မှာ ပြန်လာမယ် မဟုတ်လား”

“အို... လာမှာပေါ့ ဒေါက်တာ၊ ဒက်ဒီက ထား ကို ဘွဲ့ရစေချင်တာပဲ”

ဒေါက်တာ မျက်နှာပြုံးသွားလျက် ထား ကို စူးစူးစိုက်စိုက်ကြည့်၏။

“ဒါဆို ထား ပြန်လာမယ့်ရက်ကို ကျွန်တော် စောင့်နေမယ်နော်”





“ဟုတ်ကဲ့”

ထား အသံတိုးလျလျပေမဲ့ ဒေါက်တာ ကောင်းစွာကြားမှာပါ။ ဒေါက်တာက ထား ရှေ့သို့ တစ်လှမ်းတိုးလာ၏။

“ထား ထား လိုအပ်တဲ့အကူအညီရှိရင် ကိုယ့်ကို အချိန်မရွေး သတိရပါနော်”

“ကောင်းပါပြီ ဒေါက်တာ”

ထား ၏ လှပသောမျက်ဝန်းများနှင့် ဒေါက်တာ၏ ရွှန်းလက်သောမျက်လုံးတို့ ဆုံမိကြသည်။

ထိုစဉ်–

“ဟော ဒေါက်တာနဲ့ ထား က ဒီရောက်နေကြတာကိုး”

“ဟင်... အစ်ကိုကြီး”

ကားပေါ်မှဆင်းလာသော ဦးဘလှသန်းတင် ကို တွေ့လိုက်ရဘာကြောင့် နှစ်ယောက်သား မျက်နှာကွက်ခနဲပျက်သွားပေမဲ့ ချက်ချင်းပဲ ပြန်ထိန်းလိုက်ကြ၏။

“ခုပဲ အစ်ကိုကြီး ထား တို့အိမ်ရောက်တယ်၊ ဒေါ်စောမြ က ဒေါက်တာနဲ့ ဒီဘက်လမ်းလျှောက်သွားတယ်ဆိုလို့ အစ်ကိုကြီး ဒီက်လာတာ”

“ကိစ္စရှိလို့လား အစ်ကိုကြီး”

“ကိစ္စက အထွေအထူးမဟုတ်ပါဘူးကွယ်၊ ဒေါက်တာ ဒီနေ့ ပြန်မယ်ဆိုတာ သိရလို့ အစ်ကိုကြီး ဒေါက်တာအတွက် လက်ဆောင် လာပို့တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဒုက္ခရှာလို့ ဦးဘလှသန်းတင် ရယ်"

"ဒုက္ခတော့ ဘယ်ဟုတ်မလဲ ဒေါက်တာ၊ ကိုယ့်မြို့လာတဲ့ ဧည့်သည်အပေါ် ကျုပ်တို့ဘက်က တာဝန်ကျေရမှာပေါ့၊ မဟုတ်ဘူးလား ထား"

ထား မှာ သူမကိုယ်စား ဒေါက်တာမိုးမြတ် အပေါ် ကြားထဲက တာဝန်ကျေနေသော ဦးဘလှသန်းတင် ကို ကျေးဇူးလည်းတင် အားလည်းနာမိရပါ၏။

"တကယ်တော့ ဒါတွေက ထား တာဝန်ပါရှင်"

"ဟော ထား ကပါ ကျုပ်ကို အားနာနေပြန်ပြီ၊ ထား ဧည့်သည်ဟာ ကျုပ်ဧည့်သည်ပါဗျာ၊ ကဲ ထား တို့ပြန်ကြမယ် မဟုတ်လား၊ အစ်ကိုကြီးနဲ့ တစ်ခါတည်းလိုက်ခဲ့ပေါ့"

သည်တစ်ခါလည်း မငြင်းသာတာမို့ ထား တို့ ဦးဘလှသန်းတင် ကားဖြင့် လိုက်ခဲ့ရ၏။ တကယ်ပဲ ထား တို့အိမ်ရောက်တော့ ဒေါက်တာ အတွက်ယူလာသော ဦးဘလှသန်းတင် ၏လက်ဆောင်များကို တွေ့ရသည်။

"လက်ဆောင်တွေက အများကြီးပါလား အစ်ကိုကြီး"

"ဟုတ်တယ် ဦးဘလှသန်းတင်၊ ဒီလောက်များတဲ့ လက်ဆောင်တွေ ကျွန်တော် မယူပါရစေနဲ့"

ဒေါက်တာမိုးမြတ် ကပါ ငြင်းတာကြောင့် ဦးဘလှသန်းတင် မျက်နှာပျက်သွားပြီးမှ ပြုံးကာ–

"ကျုပ်စေတနာကို လက်ခံစေချင်ပါတယ် ဒေါက်တာ၊ မှန်တာ





ပြောရရင် ကျုပ်အနေနဲ့ ဒီလောက်လက်ဆောင်လေးကို ပေးရတာ အားမရသေးပါဘူးဗျာ"

ဦးဘလှသန်းတင်အတွက် ဒီလောက်လက်ဆောင်လေးဆိုပေမဲ့ ထား တို့မျက်ဝန်းထဲမှာတော့ အတော်ကိုများပြားလှပါသည်။ သည့်အတွက် ဦးဘလှသန်းတင် ကို အပေးအကမ်းရက်ရောသူ၊ စေတနာကောင်းသူဟု သတ်မှတ်ရမည်လားမသိ။

"ကဲ ထား ဒေါက်တာကို ယူဖြစ်အောင် တိုက်တွန်းပါဗျာ၊ အစ်ကိုကြီးတော့ ကိစ္စလေးရှိလို့ သွားလိုက်ဦးမယ်၊ ဒေါက်တာ ကျုပ်ကိုခွင့်ပြုပါဦး"

သူတို့ကိုနှုတ်ဆက်ကာ ထွက်ခွာသွားသော ဦးဘလှသန်းတင် ကို ထား နှင့် ဒေါက်တာတို့ နှစ်ယောက်သား လိုက်ကြည့်ရင်း သက်ပြင်းပြိုင်တူချမိကြလေ၏။ ဦးဘလှသန်းတင် ကွယ်ပျောက်သွားမှ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြလေသည်။

"ထား မျက်နှာကိုထောက်ပြီး ဒီပစ္စည်းတွေကို လက်ခံပေးပါ ဒေါက်တာ"

ပေးတဲ့လူက ရက်ရောစွာပေးခဲ့ပြီမို့ ထား အဖို့ တိုက်တွန်းရန်သာ ရှိတော့၏။

"ကျွန်တော် မလိုချင်ဘူး ထား"

"ဘာဖြစ်လို့လဲ၊ အစ်ကိုကြီးက စေတနာကောင်းသူတစ်ဦးပါ"

"ထားက ဒီလိုပဲမြင်သလား"

"ဒါကတော့ ဒေါက်တာရယ်၊ ဒီနေ့ဒီချိန်ထိ ထား အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရော ထား နဲ့ဒသည်သည်အပေါ်မှာရော သူကောင်းရှာတာပဲ မဟုတ်လား၊ ဒါကို ထား အသိအမှတ်မပြုလို့ မဖြစ်ဘူးလေ"

"ဩော်..."

ဒေါက်တာမိုးမြတ် က တစ်ချက်ငိုင်သွားပြီးမှ ပြုံးလွန့်လွန့်ဖြစ်ကာ ထား ကို မျက်တောင်မှေးစင်းလျက် ကြည့်သည်။ ဒေါက်တာရဲ့ အပြုံးတွေက တစ်စုံတစ်ခုကို သရော်နေသလိုလိုပါပဲ။

"ကောင်းပြီလေ၊ ထား က လက်ခံစေချင်မှတော့ ကျွန်တော် လက်ခံရမှာပေါ့၊ တစ်ချက်ပဲ ကျွန်တော် ဆုတောင်းတယ်၊ ဦးဘလှသန်းတင် ရဲ့စေတနာတွေဟာ ထား အပေါ် ဖြူစင်ပါစေလို့..."

"ကဲ ကျွန်တော် သွားတော့မယ် ထား"

"အို... ထား လိုက်ပို့ပေးမယ်လေ"

"နေပါစေ ထား၊ ထား ကိုထားခဲ့ပြီး ကျွန်တော် မသွားပါရစေနဲ့ ကဲ ကျွန်တော် သွားပြီ"

ဦးဘလှသန်းတင် ပေးလိုက်သော ယိုးဒယားခြင်းကြီးနှင့် အပြည့် လက်ဆောင်ခြင်းကြီးကို ဆွဲယူကာ ထွက်သွားသော ဒေါက်တာမိုးမြတ် ၏ကျောပြင်ကို ငေးကြည့်ကာ ထား ရင်မှာ လစ်ဟာသလို ခံစားရ၏။ စောစောကပဲ သူမကို ခင်မင်တွယ်တာသော ယောက်ျား နှစ်ယောက် ရှိခဲ့ပါလျက် ယခုတော့ဖြင့် နှစ်ယောက်လုံး သူမကို ထားကာ ထွက်သွားကြပါကောလား။ ခုတော့ ထား တစ်ယောက်တည်း ကျန်ခဲ့လို့ပါလား။

* * *





"လုပ်ငန်းတွေနဲ့ပတ်သက်လို့ ထား နားလည်မှာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ထား အနေနဲ့ အစ်ကိုကြီးကို ယုံကြည်တယ်ဆိုရင်တော့ လုပ်ငန်းကရတဲ့ အမြတ်ငွေတစ်ဝက်ကို ထား ဆီ လစဉ်ပို့ပေးပါ့မယ်"

"အို... ထား အစ်ကိုကြီးကို စိတ်ချယုံကြည်ပါတယ်၊ ဒက်ဒီ ရှိပေမဲ့ ဒက်ဒီရဲ့လုပ်ငန်းတွေနဲ့ ထား အပေါ် စောင့်ရှောက်ကူညီပေးတဲ့ အစ်ကိုကြီးကို ထား က ကျေးဇူးတင်ပါတယ်ရှင်"

ရေချိုးခေါင်းလျှော်ပြီးခါစမို့ ဆံပင်ရှည်များကို ဖြန့်ဝေချလျက် အနုပ်ခါးရေကျဲပါးပါးလုံးကာ ဂျပန်ရှန် စံကားဝါရောင် လက်ပြတ် လေးကို အညိုပေါ် အဝါပြောက်လေးများပါသော တစ်ပတ်နွမ်းပါတိတ် လေးဖြင့် ဝင်းဝင်းစက်စက်လှနေသော ထား ၏ ရေချိုးပြီးခါစအလှကို ဦးဘလှသန်းတင် မျက်စိထဲက မခွာနိုင်အောင်ဖြစ်နေသည်။

ထား... ထား... ဒီလောက်လှတဲ့ ထား ကို သူများလက်ထဲပါ သွားမှာ သူစိုးရိမ်လှပါ၏။ သည်အသက်အရွယ်ရောက်မှ အချစ်နှင့် တွေ့သက်ကာ ရင်ခုန်လှုပ်ရှားရတာ ဒါ ဘလှသန်းတင်ဆိုတဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပသမဆုံးအကြိမ်ပါ။

"အို..."

ကြီးကြီးမြ အတွက် ချည်တဘက်ထိုးပေးနေသော ထား မျ[illegible] မျက်တောင်ကော့များ ပင့်အကြည့် ဦးဘလှသန်းတင် ၏အကြ[illegible] စူးနူးများကြောင့် ပါးပြင်လေးများ ဖျန်းခနဲပူထူသွားရလေ၏။

"ဘာ ဘာဖြစ်လို့ ထား ကို ဒီလောက်တောင် ကြည့်နေရတာ[illegible] အစ်ကိုကြီး"

ထစ်ငေါ့စွာမေးလာသော ထား ၏အသံကြားမှ ဦးဘလှသ[illegible] တင် သတိရသွားလျက် သူ့အကြည့်များကို အမြန်ရုပ်သိမ်း[illegible] မလုံမလဲ ပြုံးလိုက်၏။

"သြော် တစ်ခြားမဟုတ်ပါဘူးကွယ်၊ ဒီလောက်လှတဲ့ [illegible] မှာ ချစ်သူတွေ ဘာတွေများ ရှိနေပြီလားလို့"

"အို အစ်ကိုကြီးကလဲ၊ ထား မှာ ပညာရေးကိုဦးစားပေးနေ[illegible] ဒါမျိုးတွေ မစဉ်းစားအားပါဘူးရှင်"

ထိုအခါ ဦးဘလှသန်းတင် မှာ သဘောတွေ့သွားသည့်အ[illegible] နှစ်နှစ်ခြိုက်ခြိုက် ပြုံးလျက် ကြည်မွေ့စွာရယ်လေ၏။

"အဟွန်း ကောင်းတယ် ထား၊ အန်ကယ်ကလဲ ထား ကို [illegible] ရစေချင်တာ မဟုတ်လား၊ ကျုပ်က ဒေါက်တာမိုးမြတ် ဟာ ထား နဲ့မ[illegible]"

"အို... မဟုတ်တာ၊ ထား နဲ့သူက မိတ်ဆွေတွေပါရှင်"

"သြော် ဒီလိုလား၊ ကျုပ်အထင်လွဲမိတာကို တောင်းပန်ပါ[illegible] ထား"





"ရ ရပါတယ် ကိစ္စမရှိပါဘူး"

တကယ်တော့ ဒေါက်တာမိုးမြတ် နဲ့အကြောင်းကို မြန်မြန်ဆန်ဆန် ငြင်းလိုက်ခြင်းဟာ ထား အတွက် မှားသွားပြီဆိုတာ မသိလိုက်။ ထား စိတ်ထဲ ရုက်ကြောက်ကာ ငြင်းလိုက်ခြင်းသာ ဖြစ်ပြီး ဒေါက်တာမိုးမြတ် အပေါ် ရင်ခုန်လှုပ်ရှားမိတာကို ဖုံးကွယ်၍မရပေ။

ဦးဘလှသန်းတင် ကမူ ဒေါက်တာမိုးမြတ် နှင့် ထား မှာ သူထင်သလိုမဟုတ်သဖြင့် ရင်ထဲ နှစ်ခြိုက်ပီတိဖြစ်လျက် အဖြူထည်ပန်းအလှလေးကို တစိမ့်စိမ့်ကြည့်ကာ ချစ်စိတ်တွေ တိုးပွားနေမိ၏။

ထား အပေါ်ချစ်မိတာကြောင့် ဘာမှမပိုင်ဆိုင်တော့သော သား ဘဝကို မသိအောင်ဖုံးကွယ်ကာ သူ တတ်အားသမျှ ထောက်ပံ့ကူညီရန် ကျိတ်၍ဆုံးဖြတ်ထား၏။ ထိုအကြောင်းများ မပေါ်စေဖို့ ဒေါ်စောမြ ကိုပင် ဖုံးဖိထားခိုင်းခဲ့သည်။

သည်နေ့ သူရောက်ချိန်မှာ ဒေါ်စောမြ လည်းမရှိ။ ဘုန်းကြီးကျောင်းသွားနေတာမို့ တစ်အိမ်လုံးမှာ ထား နှင့်သူ နှစ်ယောက်တည်းဖြစ်နေ၏။

"အို ဟုတ်သားပဲ၊ မေ့နေလိုက်တာ အစ်ကိုကြီးကို ကော်ဖီဆျော်တိုက်ဖို့တောင် မေ့နေတယ်၊ ခဏနော်"

ထား က ခွင့်ပန်ရင်း နေရာမှထသွားသည်။ ထား ၏ အချိုးကျ၍ ပြည့်တင်းသောခန္ဓာကိုယ်အလှကို သူ မျက်တောင်မခတ်သိုက်ကြည့်ရင်း စိတ်ထဲလှုပ်ရှားလာသည်။

သည်ဘဝမှာတော့ဖြင့် ထား ကို သူရမှဖြစ်မည်။ သူ့ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုတာ မရှားပေမဲ့ ရင်ထဲက နှစ်နှစ်ကာကာ ချစ်မိတာဆို၍ ထား တစ်ယောက်သာရှိသည်။

အဖြူထည်ပန်းကလေးကို သူများမဦးခင် မခူးခင် သူခူး၍ ဦးမှ၊

သူ့စိတ်ထဲမှာ စိုးရိမ်ကြောင့်ကြခြင်းတွေကြောင့် နေရာ ဆတ်ခနဲ ထလိုက်၏။ ထိုအချိန် တိုက်ဆိုင်စွာပဲ မီးတွေ ဝေါခနဲ သဲသဲမဲမဲရှာချတာကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အအေးဓာတ်လွှမ်း လျက် မည်းမှောင်သွားရ၏။

"အို... မီးတွေပြတ်သွားပြီ"

"ဘာဖြစ်တာလဲ ထား"

သူမေးရင်း အိမ်ထဲလျှောက်လာခဲ့၏။ ထား မှာ လက်ထဲပါလာ သော ချည်လုံးကို အိမ်ခန်းထဲဝင်ထားစဉ် မီးတွေပျက်သွားတာကြောင့် လွှတ်ခနဲ ညည်းညူမိခြင်း ဖြစ်၏။

ထား က ဖယောင်းတိုင်ကိုရှာကာ မီးထွန်းပြီး အခန်းထဲမှ ထွက်ဖို့ပြင်စဉ်–

"ဟင်... အစ်ကိုကြီး"

အခန်းဝမှပေါ်လာသော ဦးဘလှသန်းတင် ကြောင့် မျက်လုံး လေး ဝိုင်းခနဲဖြစ်လျက် ခြေတစ်လှမ်းနောက်ဆုတ်သွား၏။

"ထား မီးတွေပျက်လို့ဆို"

"ဟုတ် ဟုတ်တယ် အစ်ကိုကြီး၊ ဒါပေမဲ့ ခုပဲ ထား ဖွန်းဆင်း ပြီး မီးသမားခေါ်... ဟင်... အစ်ကိုကြီး"





ထား စကားမဆုံးခင် ဦးဘလှသန်းထင် အနားတွင် ရောက်လာ လျက် ထား ပခုံးကို ဆုပ်ကိုင်တာကြောင့် ရုတ်လန့်တကြားဖြင့် နောက်ဆုတ်လိုက်မိ၏။

"ထား ထား ကို အစ်ကိုကြီး ချစ်တယ်"

"အို ဟင့်အင်း၊ အစ်ကိုကြီး အခန်းထဲက ထွက်ပါ၊ မသင့်တော် ပါဘူးရှင်"

"မထွက်နိုင်ဘူး ထား၊ ကျုပ်ဘဝမှာ ပထမဆုံးချစ်မိတဲ့ မိန်းမဟာ ထား ပဲ"

"အို..."

"ထား ထား ရယ်၊ ထား ကျုပ်အချစ်ကို လက်ခံပါ၊ ထား ကို ကျုပ်လက်ထပ်ပါရစေ"

"အို ဟင့်အင်း ဟင့်အင်း၊ ထား ထား ကိုလွှတ်ပါ"

သို့သော် ထား ၏ငြင်းဆိုမှုက နောက်ကျလေပြီ။ ဦးဘလှ သန်းတင် ၏ခိုင်မြဲသောလက်များက ထား ၏တစ်ကိုယ်လုံးကို ရစ် တော် သိမ်းဖက်လိုက်တာကြောင့် နှစ်ယောက်သား ယိမ်းယိုင်ကာ အိပ်ခန်းရှိခုတင်ပေါ်သို့ လဲပြိုကျသွားရတော့၏။

ထိုအခါ ထား လက်ထဲတွင် ကိုင်ထားသော ဖယောင်းတိုင် လေးမှာ ကြမ်းပြင်ပေါ်လဲကျလျက် မကြာခင် ငြိမ်းကာ တစ်ခန်းလုံး မည်းမှောင်သွားရတော့သည်။

"အဟင့်... ဟင့်... ဟင့်..."

"ထား ထား ရယ် မငိုပါနဲ့၊ ကျုပ် ထား ကိုချစ်လို့ပါ၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ထား ကိုလက်ထပ်ပါရစေ"

မိုး ခြိမ်းသံများ တိတ်ဆိတ်သွားချိန်မှာတော့ ထား တစ်ယောက် သူမဘဝအတွက် ဝမ်းနည်းစွာငိုကြွေးမိတော့၏။

ကိုယ်လေး သိမ့်သိမ့်ကုန်အောင် ငိုရှိုက်နေသော ထား ကို သူ ရင်ခွင်ထဲ ဆွဲပွေ့လိုက်သည်။

"ထား"

"ရှင် ရှင် ကျွန်မအသားကို မထိနဲ့၊ ရှင် လူယုတ်မာ ကဲ"

"ဖျန်း"

ထား ၏ ပြင်းထန်လှသော လက်ဝါးရိုက်ချက်ကြောင့် ဦးဘလှသန်းတင် ၏ပါးပြင် ချာခနဲလည်ထွက်သွားသည်။ ရိုက်မိပြီးမှ ထား သည်လည်း သတိရလျက်နှလုံးမ လက်ဖဝါးကို အံ့ဩမှင်တက်စွာ ကြည့်မိ၏။ တကယ်ဆို ဒီလိုမဖြစ်သင့်ပါဘူး။ ဦးဘလှသန်းတင် ဆိုတာ ဒက်ဒီရဲ့မိတ်ဆွေ ထား ထက်အသက်အများကြီးကြီးသူ ဒီလို လူတစ်ယောက်ကို ပါးရိုက်မိတဲ့အဖြစ်။

"ထား ထား မကျေနပ်ရင် အစ်ကိုကြီးကို ထပ်ရိုက်ပါ အစ်ကိုကြီး အမှားဟာ ထား တို့ပြန်တာထက် ပိုပြီးအပြစ်ပေးသင့်ပါတယ်၊ ဒါပေမဲ့ ထား ကိုတော့ အစ်ကိုကြီး လက်ထပ်ပါရစေ"

"ဟင့်အင်း ဟင့်အင်း၊ ရှင် ရှင် အခန်းထဲက ထွက်သွားပါ"

ထား မှာ ဘဝဆုံးရှုံးလိုက်ရတဲ့အတွက် နာကြည်းမှုများစွာနှင့် ငိုကြွေးရင်း ဘာကိုမှ မဆုံးဖြတ်နိုင်ဖြစ်ကာ ခါးသီးစွာ ပြောမိတော့၏။

ဦးဘလှသန်းတင် က ထား ကို ကြင်နာစွာကြည့်သည်၊





"ကောင်းပါပြီ၊ ထား စကားအတိုင်း အစ်ကိုကြီး နားထောင် ပါ့မယ်၊ ဒါပေမဲ့ ထား ကိုယ် ထား ဘာမှမလုပ်ပါဘူးလို့ အစ်ကိုကြီးကို ကတိပေးပါ"

ထား က ငိုရှိုက်နေရာမှ ဆတ်ခနဲ ဦးဘလှသန်းတင် ကို ကြည့် လိုက်၏။ သူ၏မျက်ဝန်းများမှာ ထား အတွက် စိုးရိမ်ရိပ်များဖြင့် ပြည့်နေသည်။

"ရှင် ကျွန်မဆီက ဒါမျိုးကတိတောင်းစရာ လိုသေးလား"

"ဘယ်လိုပြောလိုက်တာလဲ ထား၊ ကျုပ်ဘဝဟာ ထား ပဲ၊ ထား သာ ကျုပ်ကြောင့် တစ်ခုခုဖြစ်မယ်ဆိုရင် ကျုပ် လူလောကကြီးမှာ ဆက်နေလို့လဲ အပိုပဲ"

လေးနက်တည်ကြည်စွာ ပြောနေသော ဦးဘလှသန်းတင် ၏အချစ်ကို ဖော်ပြနေသလိုပါပဲ။

သို့သော်လည်း ထား အတွက် ဦးဘလှသန်းတင် ၏အချစ်ကို သုံးကြည်ဖို့ ခဲယဉ်းလှ၏။

"ရှင် အပိုတွေပြောမနေနဲ့၊ ရှင့်လိုလူတစ်ယောက်က ဒီစကားမျိုး ပြောတာဟာ သိပ်ရယ်စရာကောင်းတယ် သိလား"

မျက်ရည်များ ပါးပြင်ပေါ်စိုရွှဲလျက်မှ ခပ်မဲ့မဲ့ရယ်လိုက်သော ထား ၏အမူအရာကိုကြည့်ကာ ဦးဘလှသန်းတင် မျက်နှာ ကွက်ခနဲ ညက်သွားသည်။ သူ့ရင်ထဲမှ ပထမဆုံးဖြစ်ပေါ်သောအချစ်ကို ထား မယုံပါလား။

"ထား ထား ကျုပ်အချစ်ကို အထင်လွဲနေပြီ၊ ကျုပ်အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထား အခေါ် အနိုင်ယူသလိုဖြစ်ခဲ့ပေမဲ့ ကျုပ်ရင်ထဲကတော့ ထား ဦ နှစ်နှင်ကား:ာ တကယ်ချစ်တာပါ"

"တော်ပါ ဦးဘလှသန်းတင်၊ ရှင့်ရဲ့ အချစ်ဆိုတာ ကျွန်မအခေါ် စော်ကားဖို့လား၊ ယုတ်မာဖို့လား"

"ထား"

ဦးဘလှသန်းတင် မခံမရပ်နိုင်စွာ အော်လိုက်မိချိန်မှာ ရင်ထဲ ရှုးရှုနာကျင်နေတာ ထား မသိ။

"ပြောပါ ထား ပြောပါ၊ ကျုပ်အပြုအမူတွေက ချစ်စိတ်ကိ မမျိုသိပ်နိုင်တာကြောင့် လွန်သွားတာကို၊ ဒါပေမဲ့ ကျုပ် ထား ကိ လက်ထပ်မယ်"

"ရှင် ထွက်သွားပါ"

ထား က နားနှစ်ဖက်ကို ပိတ်ကာ မခံရပ်နိုင်စွာ အော်သည်၊ ဦးဘလှသန်းတင် က ပြုံးစိုက်ကြည့်ရင်း အံတစ်ချက်ကြိတ်၏။

"ကောင်းပြီလေ၊ ထား စိတ်ချမ်းသာအောင် ကျုပ်သွားပါ့မယ်"

ပြောပြောဆိုဆို ဦးဘလှသန်းတင် အခန်းထဲမှလှည့်အထွက်

"ဟင်... ဒါက ဘယ်လိုဖြစ်ကြတာတုန်း"

မမျှော်လင့်ဘဲ ပြန်လာသော ဒေါ်စောမြ နှင့် ထိပ်တိုက်ဆုံတော့သည်။ ဦးဘလှသန်းတင် မျက်နှာရဲခနဲဖြစ်သွားသလို ထား မှာလည်း ရုတ်တရက် အံ့အားသင့်နေရာမှ အသိဝင်လာကာ ဒေါ်စောမြ ထံ ပြေးသွားလျက် ဖက်၍ငိုကြွေးလိုက်လေ၏။

"ကြီးမြ သူ သူ ထား ကို အဟင့် ဟင့်"





အခြေအနေကို သဘောပေါက်လိုက်ပြီဖြစ်သော ကြီးမြ က ဦးဘလှသန်းတင် ကို ဆတ်ခနဲကြည့်သည်။ ဦးဘလှသန်းတင် က ဒေါ်စောမြ ရှေ့ ချက်ချင်းဒူးထောက်ကာ–

"ဒေါ်ဒေါ်မြ ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ်နဲ့ ထား မှားမိကြပြီ ကျုပ် ကျုပ်ကို ထား နဲ့ လက်ထပ်ခွင့်ပြုဖို့ ခွင့်ပန်ပါရစေ"

အစက တုမဖြစ်သူကို စော်ကားခံရသည့်အတွက် ရင်ထဲ ဒေါသဖြစ်သွားသော်လည်း သေချာပြန်စဉ်းစားကြည့်သောအခါ ဦးဘလှသန်းတင် တစ်ယောက် အိမ်သို့ ဝင်ထွက်သွားလာနေခြင်းနှင့် ထား အပေါ်မှာ စေတနာ ကရုဏာတို့ပိုနေခြင်းမှာ ထား ကို စိတ်ဝင်စားလို့သာ ဖြစ်၏ဟု သဘောပေါက်ခဲ့၏။

ယခုမှတော့ အပြစ်တင်လို့လည်းမထူးတော့ပြီမို့ လူကြီးပီပီ ခေါင်းအေးအေးနှင့်ဆုံးဖြတ်ဖို့သာ လိုတော့၏။ ကိုယ်က မိန်းကလေးရှင် တစ်ရှက်က နှစ်ရှက်မဖြစ်ဖို့ လိုသည်။ ထို့ကြောင့် ငိုနေသော ထား ၏ ကျောပြင်ကို ဖွဖွပုတ်ကာ နှစ်သိမ့်လိုက်သည်။

"တိတ်ပါ ထား ရယ် တိတ်ပါ၊ ထား ဘယ်လိုခံစားရမယ်ဆိုတာ ကြီးမြ နားလည်ပါတယ်၊ ဒါပေမဲ့ ဖြစ်ပြီးတဲ့အကြောင်းအရာကို အပြစ်တင်နေလို့လည်း အပိုပါပဲ...

"ကဲ ကဲ မောင်ဘလှသန်းတင် လဲ ထပါတော့၊ ခုချိန်မှာတော့ ခင်းရဲ့တောင်းဆိုမှုကို လူကြီးတစ်ယောက်အနေနဲ့ ဒေါ်ဒေါ်မြ ခွင့်ပြု မှာပေါ့"

"အို... ကြီးမြ"



www.burmeseclassic.com

www.burmeseclassic.com



ထားက ထိတ်လန့်တကြား ကြီးမြ ကိုကြည့်၏။ ဦးဘလှသန်းတင် က နေရာမှ ဆတ်ခနဲထကာ ဝမ်းသာတုန်ယင်သော အသံဖြင့်–

"ကျုပ် ကျုပ် သိပ်ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ကို ခွင့်လွှတ်တဲ့အတွက် ဒေါ်ဒေါ်မြ ကို ကန်တော့ပါတယ်"

"အို... အို နေပါစေကွယ်၊ ဘာပဲဖြစ်ဖြစ် ထား ကို တစ်သက်လုံး သစ္စာရှိရှိပေါင်းမယ်ဆိုရင်ပဲ ကြီးမြ ကျေနပ်ပါတယ်"

ကန်တော့မည်ပြုသော ဦးဘလှသန်းတင် ကို ဒေါ်စောမြ အမြန်တားရင်း လိုအပ်သောအချက်ကို အဓိကထား၍ ပြောလိုက်၏။

"စိတ်ချပါ ဒေါ်ဒေါ်မြ၊ ထား အပေါ် ကျုပ် တစ်သက်လုံး သစ္စာရှိရှိပေါင်းမှာပါ"

"အို... ဟင့်အင်း ဟင့်အင်း၊ ထား ထား သူ့ကို လက်မထပ်နိုင်ဘူး ကြီးမြ"

ကြီးမြ က ညင်သာစွာ ခေါင်းခါယမ်း၏။

"ဒီလိုမပြောနဲ့ ထား၊ ထား အနေနဲ့ ခုချိန်မှာ ဦးဘလှသန်းတင် ကို စိတ်နာနေမယ်ဆိုတာ ကြီးမြ နားလည်တယ်...

"ဒါပေမဲ့ ဖြစ်ပြီးတဲ့ကိစ္စက ပြန်ပြင်လို့ရတာမဟုတ်ဘူး ကိုယ်က မိန်းကလေးမို့ တစ်ရှက်က နှစ်ရှက် မဖြစ်သင့်ဘူး၊ ထား ခေါင်းအေးအေးထားပြီး စဉ်းစားပါကွယ်"

"ဟုတ်ပါတယ် ထား ရယ်၊ အစ်ကိုကြီးဘက်က ထား အပေါ် လွန်ခဲ့မိတဲ့အတွက် ထား ကျေနပ်တဲ့အထိ ကျုပ် တောင်းပန်ပါ့မယ်





ဒါပေမဲ့ ကျုပ်ကိုတော့ ထား လက်ထပ်ပါ"

ထား တစ်ယောက် ဘာမှမပြောနိုင်ဘဲ ဒေါ်စောမြ ရင်ခွင်ထဲ ရှိုက်၍သာ ငိုမိတော့၏။

ဒေါက်တာမိုးမြတ် က သတိပေးခဲ့သားပဲ။ ဦးဘလှသန်းတင် ရဲ့ စေတနာဟာ ဖြူစင်ပါစေလို့၊ ခုတော့ ဒေါက်တာ၏သံသယဟာ မှန်သွားပါလား။

ဒေါက်တာရယ်...

လူတစ်ယောက်ကို ယုံကြည်အထင်ကြီးမိတဲ့ ထား ရဲ့အပြစ်ပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ဦးဘလှသန်းတင် နှင့် ထား လက်ထပ်လိုက်ရခြင်းသည် ထား အတွက် အိပ်မက်တစ်ခုလို ဖြစ်နေ၏။ လူ့ဘဝဆိုတာ အပြောင်းအလဲတွေမြန်ကြောင်း ထား အံဖြစ်က သက်သေပြနေသလိုပါပဲ။ ရက်ပိုင်း လပိုင်းအတွင်းမှာ ထား သည် ဖခင်ဆုံးပါးကာ ကိုယ်တိုင်က သူစိမ်းယောကျ်ားတစ်ယောက်ကို ရင်မှအချစ်မပါဘဲ လက်ထပ်လိုက်ရပြီ။

ဦးဘလှသန်းတင် နှင့် ထား ၏မင်္ဂလာပွဲကို ထား ဆန္ဒအရ အကျဉ်းချုံးလုပ်သည်။ နှစ်ယောက်သား တရားရုံးမှာ လက်မှတ်ထိုးပြီး အိမ်မှာ ဆွမ်းကျွေးလိုက်၏။ ဦးဘလှသန်းတင် အနေနဲ့မူ မင်္ဂလာပွဲကို အကြီးအကျယ် ကျင်းပလိုပေမဲ့ ထား ၏ဆန္ဒအတိုင်း လိုက်လျောသည်။ သူ့အနေဖြင့် ချစ်သော ထား ကို ပိုင်ဆိုင်ရပြီမို့ ဝမ်းသာကျေနပ်လှသည်။

"ထား ဒီအိမ်မှာပဲနေမယ်၊ ဒက်ဒီ ခေါင်းချသွားတဲ့အိမ်ကလွဲပြီး ဘယ်မှမလိုက်နိုင်ဘူး"





ထိုသို့ ထားက အရေးဆိုသဖြင့် ဦးဘလှသန်းတင် မှာ ရက်ပိုင်းအတွင်း အားခြင်းပင် ထား ၏တိုက်ကြီးကိုပြုပြင်ကာ မင်္ဂလာအခမ်းအနားပစ္စည်းများနှင့် ခေတ်မီပရိဘောဂများကို ဝယ်ဖြည့်၏။

"ထား စိတ်ချမ်းသာဖို့ အဓိကပါကွယ်၊ အစ်ကိုကြီးအနေနဲ့ကတော့ ဘယ်မှာနေနေရပါတယ်"

ဦးဘလှသန်းတင် မှာ ထား ကို ပိုင်ဆိုင်ရသည့်အတွက် ဝမ်းသာလှပြီမို့ ကျန်တာ ထား သဘောဆန္ဒအတိုင်းဖြစ်စေ၏။ ဂျယ်ဝန်းလှသော ထား တို့၏ခြံကြီးကိုလည်း မာလီများခေါ်ကာ ပြင်ပေးသည်။

လှအင်အား ပိုက်ဆံအင်အား တတ်နိုင်တာကြောင့် မပြုမပြင်ဘဲ ကြာမြင့်စွာပစ်ထားသော တိုက်ကြီးက ချက်ချင်းပင် အရောင်ပြောင်းသျက် ခမ်းနားသစ်လွင်သွားရ၏။

"ထား စိတ်ကြိုက်ဖြစ်ရဲ့လား ကြည့်ပါဦး၊ လိုအပ်တာရှိရင် ထား ပြော"

ဦးဘလှသန်းတင် က ထား ကို မျက်စီအောက်က အပျောက်ခံဘဲ အရိပ်တကြည့်ကြည့် ရှိနေသည်။ ထား မှာ သူလုပ်သမျှ စိတ်မင်စားနိုင်ဘဲ အပြောင်းအလဲမြန်သော သူ့ဘဝအကြောင်းကိုသာ တွေးနေမိ၏။

"ထား ထား၊ အစ်ကိုကြီးပြောတာ ကြားရဲ့လားကွယ်"

ထား က မျက်နှာလေးမှုန်မှုန်ဖြင့် ဦးဘလှသန်းတင် ကိုမော့ကြည့်သည်။

"ကောင်းပါတယ်၊ ရှင်က ငွေလဲတတ်နိုင်တဲ့လူဆိုတော့ အရာ

www.burmeseclassic.com



ရာကို အလွယ်တကူ ဖန်ဆင်းလို့ရတာပေါ့လေ"

ထိုစကားကြောင့် ဦးဘလှသန်းတင် မျက်နှာပျက်လျက် ထား မျက်နှာလှလှကို ငေးစိုက်ကြည့်၏။

"ကျုပ်အပေါ် ထား ထင်ချင်သလို ထင်နိုင်ပါတယ်၊ ဒါပေမဲ့ ကျုပ်လုပ်ပေးသမျှ ထား စိတ်ချမ်းသာဖို့ပါပဲ"

"ဟင်း ဒါဆို ရှင်မှားပြီ၊ ကျွန်မဘဝကို အလိုမတူဘဲ သိမ်းပိုက်ခဲ့တဲ့ ရှင်နဲ့နေရသမျှ ဒီတစ်သက် စိတ်ချမ်းသာလိမ့်မယ် မထင်နဲ့"

"ထား ရယ်"

ဦးဘလှသန်းတင် ခေါင်းငိုက်စိုက်ကျသွားတာကို ကြည့်ပြီး ထား ခပ်မဲ့မဲ့ပြုံးလိုက်လေ၏။ ထား ရင်မှာ နာကျင်စေသလို သူ့ကို လည်း နာကျင်စေချင်၏။

ထား တို့၏ မင်္ဂလာဦးနေ့မှာပင် သူက ထား အတွက် မင်္ဂလာဦးလက်ဆောင်များ ပေးသည်။

"ထား ဒါ ထား အတွက် အစ်ကိုကြီးရဲ့လက်ဆောင်ပဲ"

ပန်းနုရောင်များ လွှမ်းနေသော ကျယ်ဝန်းလှသည့် နှစ်ယောက် အိပ်ခန်းကြီးမှာ ထား ခပ်ငိုင်ငိုင်ထိုင်နေစဉ် ဦးဘလှသန်းတင် ဆီ ရောက်လာကာ အနီရောင်ကတ္တီပါဘူးကြီးဖြင့် အပြည့် လက်ဝတ် လက်စားများကိုပေးသည်။

"ထား အနေနဲ့ ဦးဘလှသန်းတင် အပေါ် ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ ကိုယ်လက်ထပ်လိုက်ရတဲ့ ယောကျ်ားဖြစ်ပြီ ဒီ ဘက်က မိကောင်းဖခင်သားသမီးပီသစွာ မယားကောင်းတစ်ယောက်





ရဲ့တာဝန်ကို ကျေပွန်စွာ ဆက်ဆံစေချင်တယ်ကွယ်၊ မိန်းကလေးဆိုတာ ဆူးပေါ်ဖက်ကျလဲ ဖက်ပဲနာတယ်၊ ဖက်ပေါ် ဆူးကျလဲ ဖက်ပဲနာတယ် မဟုတ်လား"

လက်မထပ်ခင်ညက ကြီးမြ ဆုံးမခဲ့တာကို ထား သတိရလျက် ပင့်သက်တစ်ချက်ချကာ ဦးဘလှသန်းတင် ကို အသာငဲ့ကြည့်လိုက်၏။

"ကျွန်မ ဒါတွေမလိုချင်ဘူး"

ဦးဘလှသန်းတင် မျက်နှာကွက်ခနဲပျက်သွားပြီးမှ ချက်ချင်း ပြုံး၏။

"ထား မလိုချင်ပေမဲ့ ဒါတွေအားလုံး ထား အတွက် အစ်ကိုကြီး ရည်စူးထားတာတွေပဲ၊ ဒီမှာ မီးခံသေတ္တာသော့ အစ်ကိုကြီး ထည့်ထား လိုက်မယ်၊ တစ်နေ့ ထား အသုံးလိုတဲ့အခါ ကြိုက်တဲ့အချိန် ဝတ် နိုင်တာပေါ့"

ထား ဘာမှမပြောခင် သူက ပစ္စည်းများကို မီးခံသေတ္တာထဲ ထည့်လိုက်၏။

"ထား အစ်ကိုကြီး မိတ်ဆွေတွေကို သွားဧည့်ခံလိုက်ဦးမယ်၊ ထား ပင်ပန်းနေပြီ အနားယူလိုက်ဦးနော်"

လှပသော ထား မျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီးနောက် ဦးဘလှသန်းတင် ပြန်၍ထွက်သွားလေ၏။ သူထွက်သွားမှ ထား ထက်ပြင်းချကာ မှန်တင်ခုံရှေ့တွင် ဝင်ထိုင်မိသည်။

ပန်းနုရောင် နှစ်ထပ်ဇာဝမ်းဆက်ဖြင့် လှပနေသော ထား ၏ ပုံရိပ်ကို ခပ်ငေးငေးကြည့်ဖြစ်သည်။ မမျှော်လင့်ဘဲ ထား ဟာ သတို့



www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက် ဖြစ်ခဲ့ပြီ။ အိမ်ထောင်သည်ဘဝကို ရောက်ပြီဟု ထား အနေဖြင့် တစ်နေ့ လက်ထပ်ရမည်ဆိုတာသိပေမဲ့ ဒီလောက် မြန်ဆန်လိမ့်မည်ဟု မထင်။

ဖျတ်ခနဲ ဒေါက်တာမိုးမြတ် ကို သတိရမိ၏။ ထား အချစ်ဦး မျှော်လင့်နေသည့် ဒေါက်တာမိုးမြတ် ၏မျက်ဝန်းတွေ—

အို... သူနှင့်တွေ့လျှင် ထား ဘယ်လိုပြောရမလဲ။

ထိုစဉ် အခန်းတံခါးပွင့်သံနှင့်အတူ ကြီးမြ အရိပ်ကို တွေ့လိုက်ရသည်။

"ဟင်... ထား၊ ခုထိ အဝတ်အစားမလဲသေးပါလား၊ ဦးဘလှသန်းတင် နဲ့ အောက်မှာတွေ့လို့ ထား ဆီသွားလိုက်ပါဦးဆိုလို့ လာခဲ့တာ၊ ဘာတွေများစဉ်းစားနေတာလဲ ထား ရယ်"

ကြီးမြ က ထား ပခုံးကို ဖွဖွဆုပ်ကိုင်ကာ မေးသည်။ ထား အေးစက်စက်ပြန်ဖြေ၏။

"မမျှော်လင့်ဘဲ ထား အိမ်ထောင်သည်ဘဝ ရောက်ရတဲ့အဖြစ်ကို တွေးမိလို့ပါ ကြီးမြ ရယ်"

ကြီးမြ က သက်ပြင်းတစ်ချက်ချလျက် ထား ကို နှစ်သိမ့်၏။

"မိန်းကလေးဆိုတာ တစ်ချိန်မှာ လက်ထပ်ရမှာပါပဲကွယ် ဦးဘလှသန်းတင် ဟာ ထား ကို အနိုင်ကျင့်ယူသလို ဖြစ်ပေမဲ့ တကယ်တမ်းမှာ သူ ထား ကို ချစ်မြတ်နိုးပါတယ်၊ ဒီအသက်အရွယ်ထိ သူ အိမ်ထောင်မပြုသေးတာဟာ တကယ်ချစ်တဲ့သူကို မတွေ့ခဲ့လို့ပါတဲ့ ကြီးမြ ကို သူပြောပြပါတယ်၊ ထား ကိုတော့ သူတကယ်ချစ်တာပါတဲ့





ကြောင့် သူပိုင်ဆိုင်သမျှကို ထား နာမည်နဲ့ လွှဲပေးတာပေါ့"

"အို... ထား အဲဒါတွေမလိုချင်ပါဘူး"

သူမကို ပစ္စည်းမက်သူများ မှတ်နေလားမသိ။ မျက်နှာလေး တင်းမာစွာ ထား ပြောတော့ ကြီးမြ ချော့၏။

"ထား ပစ္စည်းမမက်တာ ကြီးမြ သိပါတယ်၊ ဒါပေမဲ့ ဦးဘလှသန်းတင် ရဲ့စေတနာကိုလဲ အသိအမှတ်မပြုလို့ မဖြစ်ဘူး...

"မှန်တာပြောရရင် ဦးဘလှသန်းတင် လို အစစအရာရာ ပြည့်စုံချမ်းသာတဲ့ လူတစ်ယောက်ကို လိုချင်တဲ့မိန်းကလေးတွေ အများကြီးပါ၊ ထား သူနဲ့လက်ထပ်ရတာ ကံကောင်းပါတယ်ကွယ်"

"တော်ပါတော့ ကြီးမြ၊ ထား အဲဒီအကြောင်းတွေ မကြားချင်ဘူး"

ဦးဘလှသန်းတင် ကို လက်ထပ်ခြင်းဟာ ထား အတွက် ကံကောင်းတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။ ထား မကြားချင်သော စကားကို ကြီးမြ ကလည်း ဆက်မပြောချင်ပါ။

"ကဲ ကဲ ဒါဆို ထား အဝတ်အစားလဲပြီး အနားယူလိုက်၊ ကြီးမြ ကူပေးမယ်...

"ဘာပဲဖြစ်ဖြစ် ခုဆို ဦးဘလှသန်းတင် ဟာ ထား ရဲ့ခင်ပွန်း ဖြစ်နေပြီပဲကွယ်၊ မယားတစ်ယောက်ရဲ့ ဝတ္တရားကိုတော့ မပျက်ယွင်းပါစေနဲ့"

ထား မှာ ကြီးမြ ဆုံးမစကားတွေကြောင့် အော်ဟစ်ငိုသာ ငိုချင်မိတော့၏။ ထား မှာ မိကောင်းဖခင်မှမွေးထားသော သမီး



www.burmeseclassic.com

www.burmeseclassic.com



လိမ္မာလေးမို့ အိမ်ထောင်ဝတ္တရားဆိုတာကို ကျေပွန်စွာ ဆောင်ရွက်ရဦးမည်။

တကယ်ဆို ဦးဘလှသန်းတင် မိတ်ဆွေတွေကို သွားဧည့်ခံရာတွင် ထား လိုက်ပါသွားသင့်ကာ မသောက်မစားရန် တားမြစ်သင့်သည်။ သို့သော် ဦးဘလှသန်းတင် သည် ထား ချစ်၍ လက်ထပ်ခဲ့တာ မဟုတ်။

ထို့ကြောင့် သူ့ကို 'စောစောပြန်လာခဲ့နော်၊ အရက်သောက်မလာနဲ့'ဟု မမှာချင်ပေ။ သူ့သဘောအတိုင်း လွှတ်ထားလိုက်၏။

တစ်နေ့လုံး ပင်ပန်းနွမ်းနယ်သမျှ ထား ရေချိုးလိုက်မှ ပေါ့ပါးလန်းဆန်းသွားရသည်။

ညဉ့်နက်သည်အထိ ဦးဘလှသန်းတင် ပြန်မလာတာကိုလည်း သတိမပြုမိ။ စိတ်ပင်ပန်းနွမ်းနယ်တာကြောင့် မှေးခနဲ အိပ်ပျော်သွားတော့သည်။

ထား ဘယ်လောက် အိပ်ပျော်သွားတယ် မသိ။ မျက်နှာပြင်ပေါ်ရှပ်တိုက်လာသော လေနွေးနွေးကြောင့် မျက်ဝန်းများ ဖျတ်ခနဲ ပွင့်လာတော့–

"ဟင်..."

ပြာလဲ့လဲ့ညမီးရောင်အောက်တွင် ထား ကို ငုံ့စိုက်ကြည့်နေသော ဦးဘလှသန်းတင်။ သူက ထား ကို ပြုံးပြကာ–

"အစ်ကိုကြီးကြောင့် ထား အိပ်ရေးပျက်သွားပြီ ထင်တယ်"

နီးကပ်စွာရှိနေသောကြောင့် ဦးဘလှသန်းတင် ထံမှ အရက်နံ့ကို





ိက်တာမို့ ထား အိပ်ရာမှ ဖျတ်ခနဲ ထဖို့ကြိုးစားလိုက်သည်။

"အို... အို... ထား မထနဲ့လေ အိပ်ပါ၊ အစ်ကိုကြီး ညဉ့်နက်ဘာကို ခွင့်လွှတ်နော်"

"အို..."

ပြောရင်း ဦးဘလှသန်းတင် က ညအိပ်မီးသီးကို ဖျတ်ခနဲ ိတ်လိုက်တာကြောင့် တစ်ခန်းလုံး မည်းမှောင်သွားလေ၏။ ထား ယောက်မှာမှ အရက်နံ့များကြားတွင် ပျင်းပြသောအချစ်နှင့် ရင်ထဲ ုပ်လှုပ်ဖြင့် ခေါင်းတစ်ခုလုံး ရီဝေလာကာ နောက်ဆုံးမှာတော့ အားလုံး မှုန်းမှေ့သွားရတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကျောင်းပြန်သွားမယ်"

"ဟင်..."

ထား ၏ မမျှော်လင့်သော တောင်းဆိုမှုကြောင့် ဦးဘလှ
သန်းတင် မျက်နှာ ကွက်ခနဲပျက်သွားရလေသည်။ ကြွေရုပ်လေးတစ်
လှပနုနယ်သော ထား ကို ပိုင်ဆိုင်ရပြီမို့ အထူးကျေနပ်အားရမိသ
ကိုယ့်အဖြစ်ကို ဂုဏ်ယူနေမိရာမှ ထား ၏စကားကြောင့် စိုးရိမ်ပူပ
ခြင်းများ ချက်ချင်းဝင်ရောက်လာလေသည်။

လက်ထပ်ပြီး ရက်ပိုင်းသာရှိသေးတာမို့ သူ့အနေဖြင့် ထား
ကို ခွဲဖို့ရာဆိုတာ စိတ်ကူးနှင့်တောင် မတွေးခဲ့။ မှန်တာပြောရလျှင်
လှပနုနယ်သော ထား ကို တစ်ယောက်တည်း ကျောင်းပြန်လွှတ်ဖို့က
သူ စိတ်မချနိုင်ပါ။

"အစ်ကိုကြီးကတော့ ထား ကို ကျောင်းလွှတ်ဖို့ စိတ်မချဘူး
ကွယ်"





ထိုစကားကြောင့် ထား မျက်နှာလေး တင်းခနဲဖြစ်သွား၏။

"ဒါဆို ကျွန်မနဲ့ ကျွန်မ ဒက်ဒီ မျှော်မှန်းထားတဲ့ ရည်မှန်းချက်
ငွေ မျက်ဆီးပစ်လိုက်ရမှာလား"

ထား ၏ အေးစက်စက်အမေးကြောင့် ဦးဘလှသန်းတင် စိတ်
ာကာ ခေါင်းထဲ လက်ထိုးနှိုက်မိတော့၏။ သူ့အနေဖြင့် ထား ကို
ခွဲနိုင်သလို စိုးရိမ်စိတ်ကလည်းပိုနေတာမို့ မည်သို့လွှတ်ရပါ့မလဲ။

သို့သော် စိတ်ကောက်တော့မည့် ထား ၏မျက်နှာကြောင့်
လွှတ်လို့ကလည်း မဖြစ်။

"ထား တကယ်ပဲသွားမှာလား"

"ဟုတ်တယ်၊ ကျွန်မ ဘွဲ့ရဖို့ ဒီတစ်နှစ်ပဲလိုတော့တာ"

"ဒါပေမဲ့ အစ်ကိုကြီးက ထား နဲ့မခွဲနိုင်တာကိုကော မစဉ်းစား
တော့ဘူးလား"

"အို..."

ထား ၏ ဖြူနုသောမျက်နှာလေး ရဲခနဲဖြစ်လျက် နှုတ်ခမ်းအစုံ
ငဲသာ တင်းတင်းစေ့မိ၏။

ဦးဘလှသန်းတင် က ထား နှင့် မျက်နှာချင်းဆိုင်ရပ်ကာ ထား
ငယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းယူလိုက်၏။

"ထား ထား ကို အစ်ကိုကြီး နည်းနည်းမှမခွဲနိုင်ဘူးကွယ်"

လှပသော ထား မျက်နှာလေးကို ဆွဲမော့ယူကာ တရှိုက်

www.burmeseclassic.com



မက်မက်နမ်းရင်း ဦးဘလှသန်းတင် ပြော၏။ ထို့နောက် ထား …
…ကင်းချင်းဆိုကြည့်ကာ–

"ထား ကော အစ်ကိုကြီးကို ခွဲနိုင်သလားဟင်"

"အို… ကျွန်မ မသိဘူး"

ထား မျက်နှာနီနီဖြင့် အဖြေကို ဦးဘလှသန်းတင် ခ… ပြုံးသည်။ ထို့နောက် ထား မျက်နှာလေးကို ငုံ့စိုက်ကြည့်ကာ–

"အစ်ကိုကြီး သိပါတယ်၊ ထား ဟာ အစ်ကိုကြီးကို မခ… ဆိုတာ"

စိတ်ထိခိုက်သလို သူ့အပြောကို ထား မတုန်လှုပ်မိ။ သူ… လက်ထပ်တာ အချစ်ကြောင့်မဟုတ်ဘဲ။ ဒါပေမဲ့ လက်ထပ်ပြီးတဲ့… ထား အနေဖြင့် သူ့အပေါ် မယားဝတ္တရားကျေပွန်စွာ ဆက်ဆံခဲ့…

ဦးဘလှသန်းတင် က ထား ကိုယ်လေးကို ရင်ခွင်မှ … ထုတ်ဖယ်ကာ ပြတင်းပေါက်တွင် ကျောခိုင်းသွားရပ်၏။ အတ… ထား ဘက်ဖြည်းညှင်းစွာ လှည့်လာသည်။

"ထား ထား သွားဖို့ဆုံးဖြတ်ပြီးရင်လဲ အစ်ကိုကြီး … တော့ပါဘူး၊ ထား သဘောအတိုင်းပါပဲ"

ပါးစပ်က ခွင့်ပြုနေပေမဲ့ မျက်နှာမကောင်းတာကိုတော့ … သိပေမဲ့ မတတ်နိုင်ပါ။ ထား ၏ရည်ရွယ်ချက်အတိုင်း … ဆုံးခန်းတိုင်အောင်သင်ရမည်။ ဒါ တမလွန်ရောက် ဒက်ဒီ …





ဖြည့်ဆီးတာပါပဲ။ ထို့ကြောင့် ခြောက်သွေ့သောလေသံဖြင့်–

"ကျေးဇူးတင်ပါတယ်"

ထား ၏ သူစိမ်းဆန်ဆန်အပြောကို ဦးဘလှသန်းတင် ရင်နာစွာ ပြုံးမိသည်။

"ဒါဆို ထား ဘယ်တော့သွားမလဲ"

"ကျောင်းကပြန်ဖွင့်နေပြီ၊ မနက်ဖြန် သွားမယ်"

မြန်လှချည်လားဟု ဦးဘလှသန်းတင် ထင်ပေမယ့် ထား ကို မတားတော့ပါ။

"ကောင်းပြီလေ၊ ဒါဆို အစ်ကိုကြီးကိုယ်တိုင် လိုက်ပို့မယ်၊ ဒါပေမဲ့ ထား အနေနဲ့ အစ်ကိုကြီးဆီက သဘောတူညီချက်တစ်ခု ယူရမယ်"

"ဘာများလဲ"

ဦးဘလှသန်းတင် က ထား မျက်နှာကို စူးစိုက်ကြည့်လျက် တစ်လုံးချင်းပြော၏။

"ထား အဆောင်မှာ မနေရဘူး၊ အစ်ကိုကြီး ပိုင်တဲ့တိုက်ခန်း ရန်ကုန်မှာရှိတယ်၊ အဲဒီမှာနေရမယ်၊ ပြီးတော့ ဒေါ်စောမြ ကိုလဲ ထား နဲ့အတူ အဖော်ခေါ်သွားရမယ်"

"ဟင်…"

ထား မှာ တစ်သက်လုံး အဆောင်နေကာ ကျောင်းတက်လာ



www.burmeseclassic.com

တာမို့ ဒီလိုချုပ်ချယ်မှုပါသော သဘောကို မကြိုက်ချင်ပါ။ သို့

ဦးဘလှသန်းတင် သည် ထား ၏ခင်ပွန်းဖြစ်နေတာမို့ ဒီတစ်ခေါက်

သူ့စကားနားတောင်မှ ဖြစ်မည်။ အခုက ထား ပညာရေးဆုံးခန်းတိုင်

မဟုတ်လား။

"ကောင်းပြီလေ၊ အဲဒီတစ်ချက် ကျွန်မ သဘောတူပါတယ်"

ထား က လွယ်ကူစွာလိုက်လျောတာမို့ ဦးဘလှသန်းတင်

ဝမ်းသာသွားရ၏။ သူ့အနေဖြင့် ထား ကို မတတ်သာလို့ခွဲရပေမယ့်

စိတ်မချပေ။ အဆောင်မှာဆိုလျှင် ထား နှင့် သူ၏နီးစပ်မှုက

သွားနိုင်၏။ သူပိုင်သောတိုက်ခန်းမှာ ထား နေမည်ဆိုတော့

အလွယ်တကူ သွားတွေ့နိုင်၏။ သည်တစ်နှစ်တော့ ထား နှင့်

လုပ်ငန်းတွေရှိရာ ကူးချည်သန်းချည်ပြုရန်သာ ရှိ၏။

"ကျေးဇူးတင်ပါတယ် ထား၊ အစ်ကိုကြီးကို ဒီတစ်ခေါက်

လိုက်လျောတဲ့အတွက်. . .

"ကဲ ဒါဆို ထား အဝတ်အစားတွေသိမ်းတော့ အစ်ကိုကြီး

ရန်ကုန်ကို လှမ်းဖုန်းဆက်လိုက်ဦးမယ်၊ လိုအပ်တာတွေ ပြင်ဆင်ထား

နိုင်အောင်လို့"

ထား ခေါင်းညိတ်ကာ သူ့အနီးမှထွက်ခဲ့၏။ ထား အနေဖြင့်

အဆောင်မှာ မနေချင်တာတစ်ကြောင်းက ဒေါက်တာမိုးမြတ် နှင့်

မတွေ့ချင်လို့ပါ။ ထား အဆောင်မှာနေလျှင် ဒေါက်တာမိုးမြတ်





သခင်လိုမှတ်၍ လာနေမှာသေချာသည်။ ထိုအခါ ထား ရင်မှာ ခံ

နိုင်မည်မဟုတ်။ ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ ထား လက်ထပ်

ထားသော ဦးဘလှသန်းတင် အပေါ်တွင် သစ္စာရှိရတော့မည် ဖြစ်

၏။

ရန်ကုန်ကို ဦးဘလှသန်းတင် လိုက်ပို့မည်မို့ ထား အဝတ်အစား

များအပြင် သူ့အတွက်ပါ ထည့်ရသည်။ သူက ထား ခင်ပွန်းဖြစ်နေပြီ

မဟုတ်လား။

ခဏနေတော့ ဦးဘလှသန်းတင် အခန်းထဲဝင်လာ၏။

"ထား အစ်ကိုကြီး ကိစ္စရှိလို့ အပြင်ခဏသွားဦးမယ်"

အရက်တွေသောက်မလာနဲ့ဟု သူမ မှာချင်ပေမဲ့ နှုတ်ဖျားက

မထွက်။ ဦးဘလှသန်းတင် သည် အရက်ကို အစကတည်းက ကြိုက်

ခဲ့သူလားမသိ။ ထား နှင့် လက်ထပ်ပြီးသည့်အချိန်မှစ၍ ညနေခင်းတိုင်း

အရက်ကို မှန်မှန်သောက်၏။ ညစာစားတော့မှသာ ရပ်သည်။

ကြီးမြ က–

"ထား ရယ်၊ ကိုယ်က သူ့မိန်းမပဲဖြစ်နေပြီ၊ ဦးဘလှသန်းတင်

ကို အရက်မသောက်ဖို့ ပြောကြည့်ပါလား"

"အို မပြောချင်ပါဘူး၊ သူ့ဘာသာ အစကတည်းက ကြိုက်လို့

သောက်လာတာပဲ"

"ဒါပေမဲ့ ခင်ပွန်းတစ်ယောက်ကို ထိန်းသိမ်းပြုပြင်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်က မိန်းမတစ်ယောက်ရဲ့ ဝတ္တရားပဲ ထား ရဲ့"

"ဟင့်အင်း၊ ထား တော့ အဲဒါတွေမသိဘူး၊ သူနဲ့ပတ်သက်ပြီး ထား ဘာမှမပြောချင်ဘူး"

အချစ်မပါ၍လား၊ ဦးဘလှသန်းတင် အပေါ် နာကျည်းစိတ် မပျောက်သေး၍လား မသိ။ ထား သည် သူနှင့်ပတ်သက်လာလျှင် အတတ်နိုင်ဆုံး လျစ်လျူရှုထား၏။

"မဟုတ်သေးပါဘူးကွယ်၊ ကဲ ဒါဆို သူအရက်သောက်တာကို ထား ကြိုက်သလား"

ထား မေးခွန်းမှာတော့ ထား နှုတ်ဆိတ်သွားရ၏။ ထား သည် အရက်သောက်သော ယောကျ်ားများနှင့် မနေဖူးတာကြောင့် အရက်နံ့ကို လုံးဝမခံနိုင်ပါ။ အရက်နံ့ကြောင့် ထား ခေါင်းကိုက်ရသည်သာ။

သို့သော် ဦးဘလှသန်းတင် နှင့်လက်ထပ်ပြီးချိန်မှစ၍ အရက်နံ့ကို မုန်းသည့်တိုင် ထား အတွက် ယဉ်ပါးခဲ့၏။

သူ့ကိုတားဆီးလျှင် ဂရုစိုက်ရာကျမည်ဆို၍ အတတ်နိုင်ဆုံး မျိုသိပ်အောင့်အီးခဲ့၏။

"ကြီးမြ သိပါတယ်၊ သူအရက်သောက်တာကို ထား မကြိုက် ဘူးဆိုတာ...

"တကယ်တော့ ဘယ်မိန်းမမှ ကိုယ့်ယောကျ်ား အရက်သောက် တာကို မကြိုက်ပါဘူးကွယ်၊ အေးလေ ကြီးမြ ပြောတာက





အချိန်မီ ထား သတိပေးနိုင်အောင်လို့ပါ၊ မောင်ဘလှသန်းတင် သောက် တာလဲ ခုချိန်ထိ အလွန်အကျူးမဟုတ်သေးပေမဲ့ တားဆီးနိုင်ရင် ပိုကောင်းတာပေါ့ကွယ်"

ယခုလည်း ထား နှုတ်ဆိတ်နေလိုက်သည်။ ဦးဘလှသန်းတင် က ထား နဖူးကို ဖျတ်ခနဲနမ်းပြီး အခန်းထဲမှ ထွက်သွားလေ၏။ သည်တော့မှ ထား သက်ပြင်းတစ်ချက်ချကာ ခုတင်ပေါ်ဝယ် အားအင် ကုန်ခန်းသလို ထိုင်လိုက်သည်။

မုန်တာပြောရလျှင် ဦးဘလှသန်းတင် သည် ထား အပေါ် ဝတ္တရားကျေပွန်တာထက် ပို၍ဂရုစိုက်ပါ၏။ ထား အတွက် အကောင်း ဆုံး မုန်သမျှကို စီစဉ်ပေးကာ ထား မျက်နှာလေး ညှိုးနေတာကအစ နေမကောင်းဘူးလားဟု အကဲခတ်တတ်သူ။

သည်လိုလူတစ်ယောက်ကို မချစ်နိုင်တာ စိတ်နာခြင်းတစ်ခု တည်းကြောင့်ပေလား။

ညနေစာ စားချိန်ထိ ဦးဘလှသန်းတင် ပြန်မလာတာကြောင့် ထား စိတ်ထဲ ပူသလိုဖြစ်ကာ ခြံထဲဆင်းလျှောက်နေမိ၏။ ခါတိုင်း သူ ဒီလို တစ်ခါမှနောက်မကျဖူးပေ။

"အရင်တုန်းကတော့ အစ်ကိုကြီးက တစ်ကိုယ်တည်းသမား ဆိုတော့ အိမ်ပြန်ချိန် သိပ်မှန်တာမဟုတ်ဘူး ထားရဲ့...

"ခုတော့ အစ်ကိုကြီးမှာ ထား ဆိုတဲ့ ဇနီးတစ်ယောက်ရှိနေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အချိန်မှန် အိမ်ပြန်ရမယ်၊ အစ်ကိုကြီးမိတ်ဆွေတွေကတော့ စကြတယ်၊ ထား ကို ကြောက်လို့လားတဲ့...

"ဟဲ ဟဲ သူတို့က မသိလို့ပါကွယ်၊ ထား ကို အစ်ကိုကြီး ဘယ်လောက်ချစ်တယ်ဆိုတာ"

ဦးဘလှသန်းတင် ပြောခဲ့သောစကားတွေကို အမှတ်ရကာ ခုမှပြန်ချိန် ဘာလို့ နောက်ကျတာပါလိမ့်ဟု တွေးပူမိ၏။

ထား ထား ညည်း သူ့အတွက် စိတ်ပူတတ်နေပြီလား။

ဒါဆို ညည်း သူ့ကို ချစ်နေမိပြီလား။

အို... ဟင့်အင်း၊ ထား ဘဝကို အနိုင်ကျင့်ယူတဲ့ သူ့ကို ထား မချစ်ဘူး။

ထား စိတ်ပူတာ သူဟာ ထား ခင်ပွန်းဖြစ်နေလို့။

ထား သည် တစ်ယောက်တည်း အတွေးများဖြင့် ယောက်ယက်ခတ်နေစဉ် ဦးဘလှသန်းတင် ၏ကား ခြံထဲဝင်လာသည်။

"ဟော ထား အစ်ကိုကြီးကို စောင့်နေတာလား"

ကားပေါ်မှဆင်းလာသော ဦးဘလှသန်းတင် က ထား ဆီ ပြုံး၍လျှောက်လာရင်း မေး၏။ ထား မျက်နှာလေး ရဲခနဲဖြစ်ကာ ခေါင်းကို ခပ်မြန်မြန်ယမ်းလိုက်သည်။

"အို... မဟုတ်ပါဘူး"

လျှင်မြန်စွာ ထား ၏ငြင်းပယ်မှုကြောင့် ရုတ်တရက် ဦးဘလှ





သန်းတင် နှုတ်ခမ်းမှ အပြုံးများ ပျောက်ကွယ်သွားရသည်။

ထား ရယ်၊ ဟုတ်တယ်လို့များ ဖြေလိုက်ပါတော့လား။ ဒါဆို ကျုပ် ဘယ်လောက်စိတ်ချမ်းသာလိုက်မလဲ ခုတော့။

သူ ပင့်သက်တစ်ချက်ကို ရှိုက်လိုက်ရင်း ချက်ချင်း ထား အပေါ် ခွင့်လွှတ်စွာပြုံးမိ၏။

"ဒါနဲ့များ ထား ရယ်၊ ခြံထဲက အေးပါဘီနဲ့ ဘာလို့ ဆင်းလျှောက်နေရတာလဲ၊ ကဲ လာ အိမ်ထဲဝင်ကြရအောင်နော်"

ဦးဘလှသန်းတင် က သူဝတ်ထားသော ဂျာကင်ကို ချွတ်ကာ ထား ပခုံးပေါ် အသာလွှမ်းပေးလိုက်၏။ ထိုနောက် ထား ကိုယ်လေးကို ခါးမှဖက်ကာ နှစ်ယောက်သား အိမ်ဘက်လျှောက်ခဲ့ကြသည်။

အိမ်ထဲရောက်တာနှင့် ထား က ပခုံးပေါ်မှဂျာကင်ကို ဖယ်လိုက်၏။

"ဪ ထား ခဏထိုင်ပါဦး၊ ဒီမှာ ထား အတွက် အစ်ကိုကြီး ပေးစရာရှိလို့"

ဦးဘလှသန်းတင် က ထား ကိုယ်လေးကို ပခုံးမှပွေ့ကာ နှစ်ယောက်ထိုင် ဆိုဖာခုံတွင် ဝင်ထိုင်လိုက်၏။ ထိုနောက် သူ ဂျာကင် အိတ်ထဲမှဘူးအနီလေးကို ထုတ်ယူလိုက်သည်။

"ရော့ ထား၊ ဒါ ထား အတွက်"

ဦးဘလှသန်းတင် ကမ်းပေးလာသော ဘူးနီလေးကို ထား



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပါစွာ ဖွင့်ကြည့်လိုက်သည်။ အသည်းပုံ စိန်ရင်ထိုးလေးက မီး ရောင်အောက်မှာ တဖျပ်ဖျပ်လက်နေ၏။

“ဒါ ထား အတွက် အစ်ကိုကြီး ပန်းထိမ်ဆိုင်မှာ စိတ်ကြိုက် အပ်ထားတာ၊ ဒီရင်ထိုးလေးကို အစ်ကိုကြီးကိုယ်စား ထား အမြဲ ဟာဒီနေရာမှာ ထိုးထားနော်”

သူ ပြောရင်း ရင်ထိုးလေးကိုယူကာ ထား ၏ ညာဘက် ရင်ဘတ်တွင် ထိုးပေးလိုက်သည်။

“ဟော မောင်ဘလှသန်းတင် ပြန်ရောက်နေပြီကိုး၊ ထား က မင်းအပြန်နောက်ကျလို့ ခြံထဲဆင်းပြီး စောင့်နေတာ”

“အို… ကြီးမြ ကလဲ”

အပေါ်ထပ်မှဆင်းလာသော ဒေါ်စောမြ စကားကြောင့် ထား မျက်နှာလေးနီသွားပေမဲ့ ဦးဘလှသန်းတင် ကတော့မှ သကာပေါ် ပျားရည်ဖုံးသည့်အလား ပြုံးသွားရလေ၏။

ထား က သူ့အပေါ် စိတ်ပူတယ်တဲ့ ဘယ်လောက်ကျေနပ်စရာ ကောင်းလဲ။

“ဟုတ်ကဲ့ ဒေါ်ဒေါ်မြ၊ ကျွန်တော် ထား အတွက်အပ်ထားတဲ့ ပစ္စည်းလေး စောင့်ယူနေလို့ပါ”

“ဟင် ဒီရင်ထိုးလေးလား၊ ပုံစံလေးက ကောင်းလိုက်တာကွယ်၊ စိန်တွေနဲ့ချည်း လုပ်ထားတာဆိုတော့ တန်ဖိုးက နည်းမှာမဟုတ်ဘူး၊





ထား နဲ့တော့ သိပ်လိုက်တာပဲ၊ ကဲ ထား က ကျေးဇူးတင်စကား ပြောလိုက်လေ”

ထား အကြောင်းကိုသိနေသော ဒေါ်စောမြက ဝင်ပြောသည်။

“အို မပြောချင်ပါဘူး၊ ဒါ ထား ပူဆာလို့ လုပ်ပေးတာမှ မဟုတ်တာ”

“ဟုတ်ပါတယ်ဗျာ၊ အစ်ကိုကြီးက ထား ဝတ်စေချင်လို့ပါ”

“ဒီကလေးမဟာလေ တစ်ခါတစ်ခါ သိပ်ဆိုးတာပဲ၊ မောင်ဘလှ သန်းတင် မင်း သူ့ကို သိပ်အလိုမလိုက်နဲ့နော်”

“ဆိုးပါစေ ဒေါ်ဒေါ်မြ ရယ်၊ သူ့အတွက် ဆိုးစရာ ကျွန်တော် တစ်ယောက်ပဲ ရှိတာပါ”

ဦးဘလှသန်းတင် ၏ ခပ်ပြုံးပြုံးအပြောကြောင့် ထား မျက် စောင်းထိုးလိုက်မိသည်။ ထား ထံမှ ဒီလိုမျက်စောင်းမျိုး တစ်ခါမှ မရဖူးတာမို့ ဦးဘလှသန်းတင် အတွက် ဒါကိုပဲ ကျေနပ်ကြည်နူးမိရ ၏။

“အေး အေး၊ မင်းနဲ့ ထား ကတော့လိုက်ပါတယ်၊ တစ်ယောက် ကလဲ ခပ်ဆိုးဆိုး၊ တစ်ယောက်ကလဲ အလိုလိုက်လိုက်နဲ့…

“ကဲ ကဲ မင်းတို့ထမင်းစားဖို့ ကြီးမြ သွားပြင်ခိုင်းလိုက်ဦး မယ်”

ကြီးမြ ကတော့ တူမဖြစ်သူအပေါ် ဦးဘလှသန်းတင် အလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဘာကို အထူးကျေနပ်ကာ ထမင်းစားခန်းထဲ ဝင်သွားလေ၏။

"ဟင်... ထား ထမင်းမစားရသေးဘူးလား"

"အို.... ထား မဆာလို့ပါ"

"ဟောဗျာ၊ အစ်ကိုကြီးက ထား ထမင်းစားပြီးပြီမှတ်နေတာ သူ့အချိန်နဲ့ ထမင်းစားမှပေါ့ ထား ရယ်၊ တော်ကြာ အစာအိမ်ရောဂါ ဖြစ်နေရင် ဒုက္ခ..."

"ကဲ လာ လာ အတော်ပဲ အစ်ကိုကြီးလဲ မစားရသေးဘူး"

ထား လက်ကိုဆွဲကာ သူတို့ ထမင်းစားခန်းထဲဝင်ခဲ့၏။ ကြီးမြ နိုင်းလိုက်တာကြောင့် ကောင်မလေးတွေ အသင့်ပြင်ထားသော ထမင်း ပူပူနွေးနွေးကို တွေ့ရ၏။

"ဒေါ်ဒေါ်မြ ကော စားပြီးပြီလား"

"စားပြီးပါပြီကွယ်၊ စောစောကပဲ စားလိုက်တယ်၊ ကဲ မင်း တို့ပဲ အေးအေးဆေးဆေးစားတော့"

ကြီးမြ ထွက်သွားတာနှင့် ဦးဘလှသန်းတင် က ထား ပန်းကန် ထဲ ပုစွန်တုပ်ကြီး ကောက်ထည့်ပေး၏။

"ထား က ပုစွန်တုပ်ကြိုက်တယ် စားနော်"

သည်လိုအပြုအမူကို ကြီးမြ မြင်လျှင် ပြောဦးမည်။ ခင်ပွန်း ဖြစ်သူကို ဇနီးကသာ ဂရုစိုက်သင့်ကြောင်း။

သို့သော် ထမင်းစားတိုင်း ဦးဘလှသန်းတင် ကသာ ထား





ကို ဂရုတစိုက်ရှိတာမို့ ကြာတော့ ကြီးမြ မပြောနိုင်တော့ပြီ။

"ရန်ကုန်မှာကျောင်းတက်ဖို့ ထား အတွက် အစ်ကိုကြီး ကား ဘစ်စီး ရှာခိုင်းထားတယ်၊ ဟိုရောက်မှ ထား စိတ်တိုင်းကျ ကြည့် ဆဲ့ပါ"

ထား အတွက် အစစအရာရာစီစဉ်ပေးနေသော သူ့ကို ဖျတ်ခနဲ ကြည့်မိ၏။

"ကျွန်မအတွက် ဒီလောက်ဒုက္ခမရှာပါနဲ့၊ လိုင်းကားစီးသွားလဲ ရပါတယ်"

"အို ဘယ်ဟုတ်မလဲ၊ လိုင်းကားစီးရင် ထား ပင်ပန်းမှာပေါ့ ကွယ်၊ ဖြစ်နိုင်ရင် အစ်ကိုကြီးကိုယ်တိုင် ထား ကို ကျောင်းပို့ ကျောင်းကြို လုပ်ချင်တာပါ"

ဒါ သူ့ရဲ့ဆန္ဒအမှန်ဆိုတာ ထား သိ၏။ ထား ဘာမှမပြောဘဲ ထမင်းကိုသာ ငုံ့စားနေလိုက်သည်။

စားသောက်ပြီး အချိုပွဲရောက်လာတော့ ထား အတွက် ပန်းသီး ကို သူကိုယ်တိုင် သင်ပေး၏။ ထိုနောက် အစိတ်လေးများစိတ်ကာ သား ပါးစပ်ထဲသို့ ခွံ့သည်။ ထား ငြင်းလည်း ရမှာမဟုတ်တာကြောင့် နှုတ်ခမ်းအစုံကို အလိုက်သင့် ဖွင့်ပေးလိုက်ရသည်။

ထား နှင့်ခွဲရမည့်အတွက် သူ့ရင်ထဲ ဘယ်လောက်စိုးရိမ်သောက ဖြစ်နေကြောင်း ညကြတော့ ရင်ဖွင့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထား ကို မဖြစ်သာလို့ခွဲရမှာ အစ်ကိုကြီးဖြင့် နည်းနည်းမှ စိတ်မချဘူး ထား က သိပ်လှတယ်မဟုတ်လား"

သူမ ကိုယ်လုံးလေးကို ရင်ခွင်ထဲ သွင်းယူကာ တင်းကျပ်စွာ ဖက်လျက်မှ သူပြောတာကြောင့် ထား မကျေမနပ်ဖြစ်သွားၓ်၊

"အို... ထား ဒီလိုပဲ တစ်သက်လုံးကျောင်းတက်လာတာ ဘာကြောင့် စိတ်မချဖြစ်နေတာလဲ"

"ဒါကတော့ ထားရယ်၊ အရင်က ထား ဟာ လွတ်လပ်သူ ခု ထား က အစ်ကိုကြီးရဲ့ ချစ်ဇနီးလေး၊ တော်ကြာ ထား ကို အပျိုမှတ်ပြီး ဝိုင်းပိုးနေမှဖြင့်"

"တော် အစ်ကိုကြီး၊ ဒါ ထား သိက္ခာကို စော်ကားတာပဲ ထား ဘာလဲဆိုတာ ထား ဘာသာသိတယ်"

ထား ပြောရင်း သူ့ရင်ခွင်မှ ဆတ်ခနဲ ရုန်းထွက်လိုက်၏။ ထား စိတ်ဆိုးသွားတော့ သူလိုက်ချော့သည်၊

"ထား ထား စိတ်မဆိုးပါနဲ့ကွယ်၊ အစ်ကိုကြီး ထား ကို ချစ်လွန်းလို့ စိုးရိမ်မိတာပါ"

တစ်ဖက်လှည့်ကာ စိတ်ကောက်နေသော ထား ကို သူ့ဘက် ဆွဲလှည့်ကာ မျက်နှာချင်းအပ်၍ ချော့၏။

"ထား ထားရယ်"

ဦးဘလှသန်းတင် ၏အနုအကြမ်းများဖြင့် ချော့မော့မှုကြောင့်





ထား တစ်ယောက် မျောပါလျက် နောက်ဆုံးမှာတော့ သူ့ရင်ခွင်မှာ ရှက်နှာအပ်ကာ မျက်ဝန်းအစုံတို့ ဖြည်းညှင်းစွာ ပိတ်သွားလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အစ်ကိုကြီးတိုက်ခန်းပဲ ထား"

ထား တို့ ရန်ကုန်ရောက်ချိန်တွင် ညနေဖြစ်သည်။ မြို့လယ်ရှိ ဦးဘလှသန်းတင် ၏တိုက်ခန်းမှာ အနည်းငယ်ကျယ်ပြန့်ကာ ခေတ်မီ ပရိဘောဂပစ္စည်းများဖြင့် သေသပ်စွာရှိနေသည်။

"အစ်ကိုကြီး ရန်ကုန်လာတဲ့အခါ နေဖို့ ဒီတိုက်ခန်းကို ဝယ်ထားတာပဲ၊ ခုတော့ ထား အတွက် အသင့်ဖြစ်သွားတာပေါ့၊ ထား သဘောကျရဲ့လား"

အဆောင်မှာနေတာထက်စာလျှင် ဒီတိုက်ခန်းက ထား အတွက် ကျယ်ဝန်းပါသည်။ ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်း နှင့် ဘာမှပြောစရာမလိုပေ။

"ဟုတ်ကဲ့"

ထား ခေါင်းညိတ်တာကြောင့် ဦးဘလှသန်းတင် မျက်နှာ ပြုံးသွားကာ ကျေနပ်သွားပုံရသည်။





"လိုအပ်တာရှိရင် ထား ပြောလေ၊ အစ်ကိုကြီး ပြင်ပေးမှာပေါ့၊ အဲယားကွန်းလဲပါတော့ ထား နေရတာသက်သာမယ်"

နယ်မှာဆို ကိုယ့်ဘာသာ ခြံဝန်းကျယ်ကြီးများနှင့် နေလာတာမို့ အမှန်ဆို ယခုလိုတိုက်ခန်းမျိုးသည် ထား တို့အတွက် ကျဉ်းပေမဲ့ ရန်ကုန်အနေအထားနှင့်ဆိုလျှင် မဆိုးဟု သတ်မှတ်ရမည်။

"အင်း ကြီးမြ တို့တော့ နယ်မှာ တစ်သက်လုံး ခြံကျယ်ကျယ်နဲ့ နေလာရလို့လား မသိဘူး၊ ဒီလိုတိုက်ခန်းမျိုးနဲ့နေရတာ စိတ်ကျဉ်းကျပ်သလိုပဲကွယ်"

တစ်သက်လုံး ခြံကျယ်ကျယ်ကြီးမှာ နှစ်ထပ်တိုက်ကြီးဖြင့် ကျယ်ပြန့်စွာနေလာသော ကြီးမြ အတွက်ကမူ ဒီလိုတိုက်ခန်းမျိုး မနှစ်သက်တာ အဆန်းမဟုတ်။

"ဒါက အစမို့လို့ပါ ဒေါ်ဒေါ်မြ ရယ်၊ ရန်ကုန်ကလူတွေ ဒီလိုတိုက်ခန်းမျိုးမှာ စုနေကြတာပဲ၊ ဒေါ်ဒေါ်မြ နေရလဲ ထား ကျောင်းဘက်ရက်တွေ ခဏပါပဲ၊ ကျောင်းပိတ်ရင် ကျွန်တော်လာခေါ်မှာပဲ"

"ကြီးမြ မနေတတ်ရင် အစ်ကိုကြီးနဲ့ပြန်လိုက်ရင် လိုက်သွားလေ၊ ထား တစ်ယောက်တည်းနေရဲပါတယ်"

ကြီးမြ ကို စာနာတာမို့ ထား ပြောလိုက်သည်။ ထိုအခါ ဦးဘလှသန်းတင် ကော ကြီးမြပါ လက်မခံ။

"အို... ဘယ်ဖြစ်မလဲ၊ ကြီးမြ မပြန်ပါဘူးကွယ် ထား တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟည်း ကြီးမြ စိတ်မချဘူး"

"ဟုတ်တယ် ထား၊ အစ်ကိုကြီးလဲ စိတ်ပူတယ်၊ တကယ်လို့ ဒီတိုက်ခန်းကို ထား မကြိုက်ရင် အစ်ကိုကြီး တစ်ထပ်တိုက်တစ်လုံး လောက် ရှာလိုက်မယ်"

"ဟင် နေပါစေ၊ ထား တို့က ဒီမှာအမြဲနေတာမှ မဟုတ်ဘဲ၊ ထပ်ဝယ်ရင် အပိုဖြစ်မှာပေါ့"

မိန်းမသားပီသစွာ နမြောလျက် ထား ပြောလိုက်၏။ မလိုအပ်ဘဲ အပိုကုန်မှာကို ထား မလိုလားပါ။

"ဟုတ်ပါတယ်ကွယ်၊ ကြီးမြက စကားအဖြစ်ပြောတာပါ တကယ်ဆို လူနှစ်ယောက်စာ၊ သုံးယောက်စာအတွက်ကတော့ ဒီတိုက်ခန်းက ကျယ်ပါတယ်"

"ကဲ ဒါဆိုလဲ ဒေါ်ဒေါ်မြနဲ့ ထား တို့ခဏနားဦး၊ အစ်ကိုကြီး ညနေစာအတွက် မြို့ထဲသွားဝယ်လိုက်ဦးမယ် ဟုတ်လား"

ဦးဘလှသန်းတင် ကို ထား တံခါးဝအထိ လိုက်ပို့ပေးသည်။ သူထွက်သွားတာနှင့် ကြီးမြ နဲ့ ထား ရှင်းစရာရှိတာ ရှင်းကာ ပါလာသောပစ္စည်းများကို သိမ်းဆည်း၏။ အိပ်ခန်းထဲမှာ နှစ်ယောက်အိပ် ခုတင်ကြီး အသင့်ရှိနေတာမို့ ထား မျက်ခုံးလေးတွန့်သွားရသည်။

ဦးဘလှသန်းတင် လို လူလွတ်တစ်ယောက်က ဒီတိုက်ခန်းမျိုးမှာ ဘာကြောင့် နှစ်ယောက်အိပ်ခုတင်ထားတာလဲ။





"ကဲ ထား ကျန်တာတွေ ကြီးမြ ဆက်သိမ်းလိုက်မယ်၊ ထား ရေချိုးလိုက်တော့"

ကြီးမြ ကတော့ မီးဖိုနှင့်ကပ်လျက် အိပ်ခန်းမှာ နေရာယူသည်။ ထား စိတ်ထဲမှာ ဦးဘလှသန်းတင် နှင့်ပတ်သက်သော သံသယကို ဖျောက်ကာ ရေချိုးဖို့ပြင်လိုက်သည်။ ထား နှင့်လက်မထပ်ခင်က သူဘယ်လိုနေခဲ့သည်ဖြစ်စေ၊ ခုချိန်မှာ သူ ထား အပေါ် သစ္စာရှိလျှင် တော်ပြီ။

ထား ရေချိုးပြီးချိန်မှာ ဦးဘလှသန်းတင် ပြန်ရောက်လာ၏။ မျက်ဝန်းများ အနည်းငယ်နီလာတာကို ကြည့်ခြင်းအားဖြင့် အရက် သောက်လာမှန်း သိသာစေသည်။ သို့သော် ဦးဘလှသန်းတင် သည် အရက်သောက်ပေမဲ့ ဘယ်တော့မှ မူးဟန်မပြ။ အမြဲ ဣန္ဒြေမပျက် ရှိတတ်၏။ ထား နှင့် မင်္ဂလာဦးညမှလွဲ၍ အရက်မူးအောင်သောက် တာကို နောက်ပိုင်းမမြင်ရ။

"ဟော ထား တောင်ရေချိုးပြီးပြီပဲ၊ ရော့ ထား ဒါတွေညစာ ပြင်လိုက်၊ အစ်ကိုကြီး ရေချိုးလိုက်ဦးမယ်"

အပြာနုရောင် ပါတိတ်ဝမ်းဆက်လေးဖြင့် လန်းဆန်းနုနယ်စွာ လှနေသော ထား ကို သူပြုံး၍ တစ်ချက်စိုက်ကြည့်ကာ ပြောရင်း လက်မှအထုပ်များကို ကမ်းပေး၏။

ထား လှမ်းယူလိုက်ရင်း–



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခဏနော်၊ ထား ပြန်လာပြီး အဝတ်အစားထုတ်ပေးမယ်"

ထား မှာ ဇနီးတစ်ယောက်၏ ဝတ္တရားကျေပွန်ရမည်ဆိုတာနားလည်ထားသည်မို့ သူ့အပေါ် အတတ်နိုင်ဆုံး တာဝန်ကျေဖို့ကြိုးစား၏။

အခန်းထဲမှ ရေချိုးသနပ်ခါးလိမ်းပြီး ထွက်လာသော ကြီးမြ က

"ထား အဲဒါတွေ ကြီးမြ ပေးခဲ့ ထား၊ မောင်ဘလှသန်းတင်ကို သွားကူလိုက်ပါကွယ်"

"ဟုတ်ကဲ့"

ထား အခန်းထဲဝင်ကာ သူ့အတွက် အဝတ်အစားထုတ်လိုက်၏။ သူ နောက်မှလိုက်ဝင်လာကာ ထား ကို နောက်မှ သိုင်းဖက်ရင်း-

"အစ်ကိုကြီး ဇနီးလေးက သိပ်လိမ္မာတာပဲကွယ်"

ထား ၏ ဝင်းဝါနေသော ကုပ်သားနုနုကို အသာရှိုက်နမ်းကာပြောသည်။ ပါးစပ်မှအရက်နံ့ကြောင့် ထား ခေါင်းထဲနောက်သွားရ၏၊

"ကဲ အစ်ကိုကြီး ရေချိုးတော့လေ၊ ဒီထက်မှောင်သွားရင် မကောင်းဘူး"

"အင်း ချိုးတာပေါ့၊ ထား ကော ထမင်းဆာပြီလား"

"ထား က အကြောင်းမဟုတ်ဘူး၊ ကြီးမြ က လူကြီးဆိုတော့ ဆာရောပေါ့"





"ဟုတ်သားပဲ၊ အစ်ကိုကြီး မြန်မြန်ချိုးလိုက်မယ် ထား"

ထား က သူ့အင်္ကျီကို ဝိုင်းကူချွတ်ပေးလိုက်၏။ သူရေချိုးခန်းထဲဝင်သွားမှ ကြီးမြကို ကူရန် ထမင်းစားခန်းသို့လာခဲ့သည်။

ထား တို့ ထမင်းပွဲပြင်ပြီးချိန်မှာ သူ ရေချိုးပြီးရောက်လာ၏။ ရေချိုးပြီးခါစမို့ ထား ထုတ်ပေးထားသော အပြာနုရောင်ရှပ်လက်တို၊ ချည်ပုဆိုးအပြာကွက်ဖြင့် ရှင်းသန့်ခန့်ညားနေသည်။

"ဒေါ်ဒေါ်မြ ဆာရောပေါ့"

"ရပါတယ်ကွယ်၊ လမ်းမှာလဲ ကော်ဖီနဲ့မုန့် စားခဲ့သေးတာပဲ"

သူဝယ်လာသော ဟိုတယ်စာများဖြင့် ညစာထမင်းဝိုင်းက စိုပြည်သွား၏။ သူက ကြီးမြ ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးပြီးမှ ထား ပန်းကန်ထဲထည့်ပေး၏။ သူ၏အလိုက်သိမှုများကြောင့် ကြီးမြ မျက်စိထဲ သဘောကျနေတာလား မသိ။

ထမင်းစားပြီးတော့ ခဏနားကာ အိမ်အတွက် လိုအပ်တာတွေ မနက်ဖြန်ဝယ်ဖို့ စာရင်းပြုကြ၏။ နောက်တော့ ကြီးမြ လည်း ဘုရားခန်းဝင်ကာ ထား တို့လည်း ခရီးပန်းလာတာမို့ အိပ်ရာစောစောဝင်ခဲ့ကြသည်။

"အစ်ကိုကြီးကို မေးစရာရှိတယ်"

အခန်းထဲရောက်တာနှင့် ထား က မျက်နှာတည်တည်လေးဖြင့် ပြောလိုက်၏။ သူက ထား ကို စူးစမ်းသလိုကြည့်သည်။

www.burmeseclassic.com



"ဘာများလဲ ထား"

ထား မျက်နှာမကောင်းတာကို သူ အကဲခတ်မိပုံရ၏။

"တခြားမဟုတ်ပါဘူး၊ အစ်ကိုကြီး တိုက်ခန်းမှာ ဒီနှစ်ယောက်အိပ်ခုတင်ကြီးက ဘာကြောင့်ရှိနေတာလဲ"

ထိုမေးခွန်းကြောင့် သူ မျက်နှာကွက်ခနဲပျက်သွားပြီးမှ ချက်ချင်းပြုံးသည်။

"သြော်... ဒါလား၊ အဟွန်း... ဘာရယ်မဟုတ်ပါဘူးကွာ အစ်ကိုကြီးက ကျယ်ကျယ်ဝန်းဝန်းအိပ်တတ်လို့ ထားတာပါ"

သူ၏အကြောင်းပြချက်မှာ မလုံလောက်ကြောင်း ထား ရိပ်မိသည်။

"ဒါနဲ့များ အစ်ကိုကြီး ထား ကို ဘာကြောင့်လက်ထပ်တာလဲ အစ်ကိုကြီး အိပ်ရတာကျဉ်းကျပ်နေမှာပေါ့၊ ခုလဲ အစ်ကိုကြီး ကျယ်ကျယ်ဝန်းဝန်း အိပ်ပါ၊ ထား ကြီးမြ နဲ့သွားအိပ်မယ်"

ပြောပြောဆိုဆို ထား က ခေါင်းအုံးနှင့်စောင်ယူကာ ထွက်မည်ပြင်၏။ သူ ထား ကိုယ်လေးကို ဖျတ်ခနဲလှမ်းဆွဲယူသည်။

"ထား ကလဲကွာ လူကြီးစိတ်အနှောင့်အယှက်ဖြစ်အောင်လို့ အစ်ကိုကြီး တောင်းပန်ပါတယ်၊ ဒီခုတင် ထား မကြိုက်ရင် အစ်ကိုကြီး အသစ်မှာလိုက်မယ်လေ"

"အို မလိုပါဘူး၊ ထား ကဘာနဲ့အိပ်အိပ်ရပါတယ်၊ အစ်ကိုကြီး





သာ ကျယ်ကျယ်ဝန်းဝန်း တစ်ယောက်တည်းအိပ်ပါ"

"ထား ထား အစ်ကိုကြီးအပေါ် ဝန်တိုနေတာလားကွယ်၊ အရင်က အစ်ကိုကြီး တစ်ယောက်တည်းသမားမို့ နည်းနည်းပါးပါး ဆိုးခဲ့မိရင် ဆိုးမိမယ်၊ ဒါပေမဲ့ ထား နဲ့လက်ထပ်ပြီးချိန်ကစပြီး အစ်ကိုကြီးဘဝမှာ ထား ကလွဲပြီး ဘယ်သူမှမရှိဘူး၊ ထား အပေါ် တစ်သက်လုံး သစ္စာရှိရှိချစ်နေမယ်ဆိုတာ ယုံပါကွယ်"

သူပြောရင်း ထား ကိုယ်လေးကို တင်းတင်းဖက်ကာ တစ်ရှိုက်မက်မက်နမ်း၏။ သည်လို သူ၏အချော့နှင့် အယုယတွေကြားမှာ ထား အလျှော့ပေးရတာများပြီ။ သည်တစ်ခါလည်း ထား အလျှော့ပေးရတော့မည်။

"ထား"

သူ့ခေါ်သံသဲ့သဲ့ကြောင့် ထား မျက်တောင်ကော့များ ပင့်ကြည့်၏။ မီးရောင်ပြာလဲ့လဲ့အောက်မှာ ချစ်ရည်ရွှန်းနေသော သူ့မျက်လုံးများက ထား ကို ညို့ငင်နေသည်။

"ထား အစ်ကိုကြီးကို ချစ်လားဟင်"

"ဟင့်အင်း မသိဘူး"

ထား အဖြေကြောင့် သူစိတ်ထိခိုက်သွားပုံရ၏။

"ထား ထား ရယ်၊ အစ်ကိုကြီးကို ချစ်တယ်လို့ ဘယ်တော့များ ပြောမှာလဲ ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ရင်နင့်သံကြီးဖြင့် ပြောရင်း ထား ရင်ခွင်မှာ မျက်နှာမှောက်ကာ ငြိမ်သက်သွားလေ၏။ ထား ကတော့ သူနှင့်ပတ်သက်လာလျှင် အချစ်ဆိုတာဘာလဲဟု ကိုယ့်ဘာသာ တိတ်တဆိတ်ပြန်မေးနေတာ အကြိမ်ကြိမ်။

သူက ထား ရင်ခွင်မှ ခေါင်းထောင်လာလျက်–

"ကျုပ်ဘဝမှာတော့ ထား ဟာအချစ်ဆုံးပဲ"ဟုဆိုကာ အခန်းမီးကို ဖျတ်ခနဲပိတ်လိုက်ချိန်၌ တစ်ခန်းလုံး ငြိမ်သက်သွားရတော့၏။

* * *





"ဒါ ထား အတွက် အစ်ကိုကြီး ရှာနိုင်းထားတဲ့ကားပဲ၊ ထား ကြိုက်ရဲ့လား"

နောက်နေ့မနက်မှာ အဖြူရောင်အသစ်စက်စက်ကားလေးကို ထား အားခေါ်ပြ၏။ ကားလေးမှာ နောက်ဆုံးနံပါတ်နှင့် လှပကာ ချစ်စရာကောင်းလှပါ၏။

"အစ်ကိုကြီး သဘောကျရင်ပြီးတာပါပဲ"

"ဘယ်ဟုတ်မလဲကွယ်၊ ထား သဘောကျဖို့ အရေးကြီးတာပါ၊ အစ်ကိုကြီး ထား ကို စိတ်ချမ်းသာစေချင်တယ်"

ဦးဘလှသန်းတင် သည် ထား အလိုမတူဘဲ ထား ဘဝကို ရယူခဲ့တာကလွဲ၍ လက်ထပ်ပြီးချိန်မှစကာ ထား မျက်နှာတစ်ချက် မညှိုးအောင် ကရုစိုက်ခဲ့သူမို့ ခင်ပွန်းကောင်းပီသသူဟု ပြော၍ရနိုင်သည်။

"ဟော့ မင်းတို့နှစ်ယောက် ကြိုက်မကြိုက်တော့ မသိဘူး၊ ကြီးမြ တော့ ဒီကားလေးလှလွန်းလို့ သဘောကျတယ်ကွယ်"

ကြီးမြ အပြောကြောင့် သူ ကျေနပ်စွာပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



“သား တို့ ကြီးမြ တို့သဘောကျရင်ပြီးတာပါပဲ၊ ဪ သား အတွက် ဒရိုင်ဘာရှာခိုင်းထားတယ်၊ အသက်ကြီးကြီးထဲက ကားမောင်း ကျွမ်းကျင်သူပဲ”

“ဟုတ်ကဲ့”

သူက သား အတွက် အစစပြည့်စုံအောင် ဖန်တီးပေးလေ၏။

“ကဲ သား၊ ခုတော့ ဒီကားသစ်လေးနဲ့ ဘယ်ကိုသွားချင်လဲ”

“ဘုရားသွားမယ် အစ်ကိုကြီး”

“ကောင်းပြီလေ”

ဘဝမှာ သူနှင့်အတူ ဘုရားတက်ရလိမ့်မည်ဟု မထင်ခဲ့။ ရန်ကုန်မြေရောက်တော့ ဒေါက်တာမိုးမြတ် ကို သတိရတာအမှန်။

ယခုချိန်မျိုး ဒေါက်တာမိုးမြတ် နှင့်တွေ့လျှင် သား ဘယ်လို ရင်ဆိုင်ရပါ့မလဲ။

“သား သား”

“ဟင် ဘာလဲ အစ်ကိုကြီး”

အတွေးလွန်နေသော သား မှ ဦးဘလှသန်းတင် ၏ခေါ်သံကြား မှ အသိဝင်လာသည်။ သူက သား ကို အကဲခတ်ကာ–

“ဘာတွေများ အတွေးလွန်နေတာလဲ သား ရယ်၊ အစ်ကိုကြီး ခေါ်တာကြာလှပြီ”

“အို ကျောင်းအကြောင်းတွေးမိလို့ပါ၊ ဒါနဲ့ သား ကို ဘာ





ပြောစရာရှိလို့လဲ အစ်ကိုကြီး”

“ဪ တခြားမဟုတ်ပါဘူး၊ အစ်ကိုကြီးတို့ ဘုရားကပြန်မှ ထမင်းစားမလားလို့ မေးတာပါ”

“ဟုတ်ကဲ့၊ အစ်ကိုကြီးသဘောပါပဲ”

ထိုအဖြေကြောင့် ဦးဘလှသန်းတင် သက်ပြင်းချမိရ၏။ သား ကို သူ ဘယ်လိုနားလည်ရမှန်း မသိ။ သား သူ့ကို မချစ်ဘူးဆိုတာ သိပေမဲ့ ဇနီးမယားတစ်ယောက်၏ ဝတ္တရားကိုတော့ ကျေပွန်လေသည်။ သူ့ဆန္ဒဟူသမျှ ဘယ်တော့မှမငြင်း။ သူ့အကြိုက် လိုက်လျောတတ်သော သား ကို ပိုတိုးချစ်ရပေမဲ့ ဒီလို အေးစက်စက်ဆက်ဆံတာမျိုးတော့ မနှစ်သက်ချင်ပေ။ သား သူ့ကို နွေးထွေးစွာ ဆက်ဆံလာဖို့ ကြိုးစားရဦးမည်ဟု နားလည်ထား၏။

ဘုရားပေါ်ရောက်တော့ သူနှင့်သား အတူကန်တော့ကြ၏။ ဘကယ်တော့ သူလိုလူမျိုးက ဘုရားနဲ့ဝေးနေတာကြာပြီ။ သား လို ဇနီးမျိုးကြောင့်သာ ရောက်ဖြစ်ခြင်းပါ။ ဘုရားကဆင်းတော့ ရှမ်းကန်မှာ ဝင်၍ မနက်စာစားကြ၏။

“စားပြီးရင် ဘယ်သွားမလဲ သား”

“ဟင့်အင်း၊ သား မသိဘူး”

“ဒါဆို အစ်ကိုကြီး ဗိုလ်ချုပ်ဈေးလိုက်ပို့မယ်လေ၊ သားက ကျောင်းတက်ရမှာဆိုတော့ အဝတ်အစားလေး ဘာလေး ဝယ်ရအောင် လို့”



www.burmeseclassic.com

www.burmeseclassic.com



အမုန်ဆို ထား သည် ဗိုလ်ချုပ်ဈေးကို ကျောင်းတက်နေစဉ် ကာလမှာပဲ တစ်လတစ်ခါ မရောက်ဖြစ်ပါ။ သူများမိန်းကလေးတွေ တစ်ပတ်တစ်ခါသွားကာ ခေတ်မီဖက်ရှင်ဒီဇိုင်းများ၊ အလှပြင်ပစ္စည်းများ ဝယ်နေချိန်တွင် ထား ကတော့ ကျောင်းစာကြည့်တိုက်ထဲမှာသာ ရှိနေသည်။ ထား ကိုယ်တိုင်က အဝတ်အစားကို ရိုးရိုးပဲဝတ်တတ်ကာ သနပ်ခါးမှလွဲ၍ တခြားဘာမှမလိမ်းချယ်တတ်။ ဒါတောင် ထား အလှကို မှီသူမရှိဟု သူငယ်ချင်းတစ်ယောက်က ပြောတတ်၏။

"ထား က ဘဝရေစက်ကောင်းတဲ့သူဆိုတော့ တခြားသူတွေလို ဘာမှပြင်ဆင်စရာမလိုဘဲ လှနေတာ၊ သိပ်အားကျစရာကောင်းတာပဲကွယ်"တဲ့။

လှချင်လွန်း၍ ပိုက်ဆံတွေ အကုန်အကျခံကာ ပြုပြင်လိမ်းချယ်ထားသော မမများက ထား အလှကို တိတ်တဆိတ် အားကျနေကြသလို၊ ယောကျ်ားသားများကတော့ ထား အား 'တော်ဝင်သူ၊ မဟာဆန်သူ'ဟု ဘွဲ့ပေးထားသည်။

"ကောင်းတာပေါ့ကွယ်၊ ကြီးမြ လဲ ကူရွေးပေးရတာပေါ့ မောင်ဘလှသန်းတင် ရေ သွားသာသွား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်မြ"

သူနှင့်ကြီးမြ တို့ အတိုင်အဖောက်ညီကာ ဗိုလ်ချုပ်ဈေးသို့ ရောက်ခဲ့ကြ၏။ ထား အတွက် အဝတ်အစားများကို ဦးဘလှသန်းတင်





ကိုယ်တိုင် ရွေးချယ်ဝယ်ပေးလေ၏။ ကြီးမြ ကလည်း ကူရွေးတာမို့ ထားမှာ သူတို့အတွက် အရုပ်လေးလိုဖြစ်နေရသည်။

"ထားနဲ့ ဒါလေးသိပ်လိုက်တယ်၊ ဟောဒီအရောင်လေးကလဲ ထား အသားနဲ့သိပ်လိုက်တယ်"

"ထား ဒီမှာ ရယ်ဒီမိတ်လေး ကြည့်ပါဦး"

ဆိုင်ပိုင်ရှင်အန်တီကြီးကမူ ဦးဘလှသန်းတင် ၏ဂရုစိုက်မှုကို တပြုံးပြုံးနှင့် သူပါရွေးကူသည်။

"ညီမလေးက သိပ်လှတာပဲ၊ အသားလေးကလဲ ဝင်းအိနေတာပဲ၊ ဘာလေးနဲ့ပဲဖြစ်ဖြစ် သိပ်လိုက်တယ်. . .

"ရော့ ဒီရယ်ဒီမိတ်လေးတွေက ခုမှပေါ်တာ ရောင်စုံယူလိုက်ပါ"

"အို... ဒီလောက်အများကြီး"

"ယူလိုက်ပါ ထား ရဲ့၊ ထား စိတ်ကြိုက်ဝတ်ရတာပေါ့"

ပါးစပ်ကပြောရင်း လက်ကပါ ပိုက်ဆံချေပြီးနေသည့် ဦးဘလှသန်းတင် ကို ထား မတားသာတော့ပါ။ သူက ကြီးမြ အတွက်ပါ ဝယ်ပေးသည်။ ထား အတွက် ဝယ်ထားသောအဝတ်စတွေကို ဗိုလ်ချုပ်ဈေးမှာပဲ အပ်ခဲ့၏။

အိမ်အပြန်ကျတော့ ညနေစာတစ်ခါတည်းဝယ်ခဲ့သည်။ ကြီးမြနှင့် ထား က ခဏနားပြီး ညနေစာချက်ပြုတ်၏။ ဦးဘလှသန်းတင်



www.burmeseclassic.com

www.burmeseclassic.com



အငြိုငြင်ခွက်သွားတာကြောင့် အရက်သွားသောက်တာဟု သိလိုင်သည်။

ချက်ပြုတ်ပြီးတာနှင့် ထား ရေချိုးလိုက်၏။ ထို့နောက် ရေညှိ စိမ်းရောင်ပါတိတ်လက်ပြတ်ဝမ်းဆက်ဝတ်ကာ ခေါင်းလျှော်ထားသော ဆံပင်ရှည်များကို ဒရိုင်ယာဖြင့် မှုတ်ပြီး ဖြန့်ချထားလိုက်သည်။

ဦးဘလှသန်းတင် ပြန်တာနောက်ကျနေတာကြောင့် လူကြီးမြ သော ကြီးမြ ကို ထမင်းအလျင်စားခိုင်းလိုက်၏။ ထား က ဝရန်တာ ထွက်၍ ဦးဘလှသန်းတင် ကို စိတ်ပူစွာစောင့်မိ၏။

ပတ်ဝန်းကျင် အနည်းငယ်မှောင်မှ သူပြန်ရောက်လာ၏။

"ဟော ထား အစ်ကိုကြီးကို စောင့်နေတာလား၊ ဆောရီးကွယ် အစ်ကိုကြီး မိတ်ဆွေတွေနဲ့ဆုံလို့ နောက်ကျသွားတယ်"

ထား ဖွင့်ပေးသောတံခါးမှ ဝင်လာရင်း ဦးဘလှသန်းတင် ကပြောသည်။

"ကြီးမြ တော့ ထမင်းစားပြီးသွားပြီ၊ အစ်ကိုကြီး ရေချိုးဦး မလား"

"အင်း ချိုးလိုက်မယ်လေ၊ ထားကော ဆာပြီလား"

"ရပါတယ်၊ ထား စောင့်နိုင်ပါတယ်"

သူက ထား စိတ်ဆိုးနေသလားဟု တစ်ချက်အကဲခတ်ပြီး ရေချိုးခန်းဝင်၏။ သူရေချိုးခန်းဝင်စဉ် ထား ထမင်းပွဲပြင်သည်။





ထမင်းပွဲပြင်ပြီးတာနှင့် သူရောက်လာ၏။

"ဟင်းနံ့ကတော့ မွှေးနေတာပဲ၊ မိတ်ဆွေတွေက အစ်ကိုကြီးကို ထမင်းဖွတ်ကျွေးဖို့ ခေါ်တာ၊ ထား စောင့်နေမှန်းသိလို့ အစ်ကိုကြီး ငြင်းခဲ့ရတယ်"

"စားခဲ့လဲ ထား က အပြစ်မပြောပါဘူး"

"ဘယ်ဟုတ်မလဲ ထား ရယ်၊ အစ်ကိုကြီးမိန်းမချက်တဲ့လက်ရာ သောက် ဘယ်ဆိုင်ကဟင်းမှ ကောင်းမှာမဟုတ်ဘူး၊ ပြီးတော့ ထား က ဒီနေ့ပဲ ထမင်းလက်ဆုံအတူစားရမှာ မဟုတ်လား၊ မနက်ဖြန် အစ်ကိုကြီးပြန်မယ်လေ"

"ဟင်..."

သူပြန်မယ်ဆိုတော့လည်း ထား ရင်ထဲမှာဟာရပါ၏။ ကလေး နှစ်ယောက်လို ထား အပေါ်ဂရုစိုက်တတ်သော သူ့ကို ထား မသိ ဘဲက လွမ်းနေတော့မည်။

"ထား လက်ရာတွေ သိပ်ကောင်းတာပဲ၊ အစ်ကိုကြီးတော့ ပြန်ရင် ထား လက်ရာကို လွမ်းနေမှာပဲကွယ်"

သူ့အပြောကြောင့် ထား စိတ်မကောင်းဖြစ်သွားရသည်။ သူ ကိုယ့်လင်သားဖြစ်ပြီဆိုတော့ ထား တွယ်တာမိပြီလား။

ထမင်းစားပြီးတော့ နှစ်ယောက်သား ဝရန်တာမှာ လေညင်း ခံ၏။ သူက စီးကရက်သောက်ရင်း မျက်တောင်များမွေးကော့ကာ



www.burmeseclassic.com

www.burmeseclassic.com



ထား ကိုကြည့်သည်။

"ထား ထား က သိပ်ငယ်ပြီး သိပ်လှတော့ အစ်ကိုကြီး မ

မချဘူးကွယ်"

"ဒီစကားမျိုးချည်း ပြောမနေပါနဲ့၊ ဒါ ထား သိက္ခာကိုစော်

တာနဲ့ အတူတူပဲ"

ထား မှာ ထိုသို့အပြောခံရတိုင်း ရင်မှာ အခံရခက်တာမို့

ရှေ့မှ ချာခနဲလှည့်ထွက်ခဲ့၏။ သူလိုက်လာကာ ထား ကိုချော့သ

"ထားလေး"

"သွား ကျွန်မကိုမခေါ်နဲ့"

စိတ်ဆိုးနေပြီမို့ ထား အော်လိုက်၏။ သူ မျက်နှာရဲသွားလျ

ထား ကိုစိုက်ကြည့်သည်။ ထား က သူ့အကြည့်ကို မသိချင်ယော

ဆောင်ကာ ခုတင်ပေါ်မှာ မလှုပ်မယှက်ထိုင်နေမိ၏။

"ထား ရယ်၊ ထား ကိုစော်ကားချင်လို့ ဒီစကားမျိုးပြော

မဟုတ်ပါဘူး၊ အစ်ကိုကြီးစိတ်ထဲ ပွင့်ပွင့်မိတာကို ပြောတာပါ"

"ဒါ ထား ကို အထင်သေးလို့ပဲ၊ အစ်ကိုကြီးသိထားရမှာ

ထား သာ ဒီအကြောင်းတွေ စိတ်ဝင်စားမယ်ဆိုရင် ခုချိန်မှာ အစ်ကို

နဲ့ အိမ်ထောင်ကျမနေဘူး"

သည်တော့မှ သူ မျက်နှာပြုံးလာလျက် ခေါင်းညိတ်၏။

"ဟုတ်ပါတယ်ကွယ်၊ တကယ်တော့ အစ်ကိုကြီး အစိုးရိမ်လွ





ွားတာပါ၊ အစ်ကိုကြီးကို ခွင့်လွှတ်နော်"

သူ ပြောရင်း ထား ကိုယ်လေးကို သိုင်းဖက်၏။ ထို့နောက်

စ်ရှိုက်မက်မက်နမ်းကာ ထား ရင်ခွင်မှ မျက်နှာအပ်၏။

"ထား ထား ကို မတတ်သာလို့ ခဏခွဲရမှာတောင် အစ်ကိုကြီး

ိပ်လွမ်းနေမှာပဲ...

"ထား ကော အစ်ကိုကြီးကို လွမ်းနေမှာလားဟင်"

ထား မဖြေဘဲ မျက်ဝန်းလေးများ မှိတ်ထားတော့ သူသက်ပြင်း

၏။ ထို့နောက် ထား မျက်ဝန်းလေးများကို တစ်ချက်စီရှိုက်နမ်းကာ–

"ထား အစ်ကိုကြီးမရှိရင် ကျန်းမာရေးကို ဂရုစိုက်နော်၊ ည

က်တွေ ခေါင်းမလျှော်နဲ့၊ နေမကောင်းချင်သလိုဖြစ်ရင် ဆေးခန်း

ွားပြနော်"

ထား အတွက် စိုးရိပ်ပူပန်စွာမှာနေသော သူ့ကို မျက်လုံး

တ်ခနဲဖွင့်ကြည့်မိ၏။

"ထား အတွက် ဒီလောက်စိုးရိမ်မနေပါနဲ့"

"ဘယ်လိုပြောလိုက်တာလဲ ထား၊ ထား က အစ်ကိုကြီးဧနီး၊

ား တစ်ခုခုဖြစ်မှာကို အစ်ကိုကြီးကလွဲပြီး ဘယ်သူစိုးရိမ်မှာလဲ"

"ထား ကလေးမဟုတ်ဘူး"

"သိပါတယ်ဗျာ၊ ကလေးမဟုတ်လို့ ကျုပ် ခင်ဗျားအတွက်

ွတ်စိတ်ပူနေရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လွတ်စိတ်ပူနေတာ၊ လွတ်ချစ်လို့ဟု သူဆက်မပြောသော မပြောပေမဲ့ ထား သိနေ၏။

"ဒါဆို ကျောင်းမတက်တော့ဘူး၊ ပြန်ခေါ်သွား"

ထား စိတ်ကောက်စွာပြောတော့ သူပြုံးသည်။

"ခေါ်သွားချင်ပြီလား ထား ရယ်၊ တော်ကြာ မင်းဘွဲ့မရ ကျုပ်ကြောင့်လို့ တစ်သက်လုံး အပြစ်တင်မှာမျိုး မခံနိုင်လို့သာ"

"ဒါဆို ဘာမှမပြောနဲ့"

ထား က နားငြီးဟန်ဖြင့် နားနှစ်ဖက်ကို လက်နှင့်ပိတ်သည်။

"ထား ထား မင်းလေး အစ်ကိုကြီးချစ်မှန်းသိလို့ တမင်အ တာ မဟုတ်လား"

ထားက တစ်စုံတစ်ရာပြောဖို့ပြင်ပေမဲ့ နောက်ကျသွားပြီ၊ ၏ လှပနုအိနေသော နှုတ်ခမ်းထူထူလေးများမှာ နွေးထွေးမှုန် သွားလျက် ဘာစကားမှ ပြောခွင့်မဆိုသာတော့။

"ချစ်တယ် ထား ရှယ်၊ မင်းကို အစ်ကိုကြီးသိပ်ချစ်တယ်"

ထိုစကားတစ်ခွန်းသာ ထား နားထဲ ကြိမ်ဖန်များစွာဝင် သူဆွဲခေါ်ရာ အမှောင်ကမ္ဘာထဲသို့ တစ်ငြိမ့်ငြိမ့်လွင့်မျောကျသွား တော့၏။

* * *





ဦးဘလှသန်းတင် ပြန်သွားပြီးနောက် ကြီးမြ နှင့် ထား နှစ်ယောက်တည်းကျန်ခဲ့သည်။ ထား သည် ကျောင်းကို နာရီဝက်အလို မှသာ ရောက်အောင်သွား၏။ ရောက်တာနှင့် ကလပ်စ်ထဲတန်းဝင် သည်။ ထို့ကြောင့် ထား ထံအလည်လာမည့် ဒေါက်တာမိုးမြတ် နှင့် မတွေ့တော့။

သို့သော် တကယ်တမ်းမှာ ဒေါက်တာမိုးမြတ် ကို ထား ရှောင်၍မရပါ။ သည်နေ့ ကလပ်စ်ပြီးချိန်မှာ ထား ကို တစ်စုံတစ် ယောက်က ကြည့်နေတယ်ဟု ခံစားရတာကြောင့် ကော်ရစ်တာသို့ ဖျတ်ခနဲလှမ်းအကြည့်

"အို..."

ကော်ရစ်တာကိုမှီရပ်လျက် လက်ပိုက်ကာ ထား ကို စူးစူးစိုက် စိုက်ကြည့်နေပါသော ဒေါက်တာမိုးမြတ် ကြောင့် ရင်ထဲ ဒိန်းခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ သူ ထား ကိုတွေ့သွားပြီ။

ထား မှာ မျက်နှာကို အမြန်လွှဲလိုက်ရပေမဲ့ ရင်ထဲလှုပ်ရှားမှုက မငြိမ်သက်ချင်။ ဒေါက်တာမိုးမြတ် ၏မျက်ဝန်းတွေသည် ခါတိုင်းထက် အရောင်ပိုတောက်နေသည်ဟု ထင်၏။

ကလပ်စ်ပြီးတာနှင့် ထား တခြားလူများနှင့်ရောကာ ဒေါက်တာမိုးမြတ် ကို မမြင်ဟန်ပြုလျက် ထွက်ဖို့ကြိုးစား၏။

"ထား ထား"

နောက်မှလိုက်ပါလာသော ဒေါက်တာမိုးမြတ် ကြောင့် ထား ခြေလှမ်းတို့ တန့်သွားရသည်။

"ထား ထား ဘယ်တုန်းက ပြန်ရောက်လဲဟင်၊ ကိုယ်ဖြင့် ကျောင်းဖွင့်ကတည်းက ထား အဆောင်ကိုရောက်သေးတယ်၊ ထား မလာသေးဘူးဆိုတာနဲ့"

ဒေါက်တာမိုးမြတ် က ထား အနားမှလိုက်ပါရင်း ထိုစကားဆိုသည်။ အမြဲတမ်း သပ်ရပ်ချောမောနေသော ဒေါက်တာမိုးမြတ် ကို ကြည့်လျက် ထား ဘာပြောရမှန်းမသိ။ အေးစက်စက်ဖြစ်နေသော ထား ပုံစံကို သူရိပ်မိသွား၏။

"ထား ဘာဖြစ်နေတာလဲဟင်၊ မျက်နှာလဲမကောင်းပါလား၊ နေမကောင်းဘူးလားဟင်"

ဒေါက်တာမိုးမြတ်၏ ဂရုတစိုက်အမေးကြောင့် ထား ငိုချင်





သွားရသည်။ ထား ညင်သာစွာ ခေါင်းခါယမ်းလိုက်သည်။

"ဒါဆို ထား ကျွန်တော်နဲ့ခဏလိုက်ခဲ့နော်၊ ကျွန်တော်တို့ စကားအေးအေးဆေးဆေး ပြောကြရအောင်"

"ဟင့်အင်း၊ ထား ထား အချိန်မရဘူး"

သူနှင့် ဘာစကားမှ ပြောစရာမရှိသော ထား မှာ အားတင်းကာ ငြင်းဆန်လိုက်၏။ သူ မျက်နှာကွက်ခနဲပျက်သွားလျက် ထား ကို နားမလည်သလို ကြည့်သည်။

"ထား ထား ဘာဖြစ်နေတာလဲဟင်၊ ထား တစ်ခုခုဖြစ်နေပါတယ်၊ ကျွန်တော့်ကို ပြောစမ်းပါ"

ထား မှာ ငိုချင်စိတ်ကိုမျိုသိပ်လျက် သူ့ကို အေးစက်စွာ ကြည့်လိုက်၏။

"ဒီမှာ ဒေါက်တာ၊ ထား ထား ကို နောက်ဘယ်တော့မှ လာမတွေ့ပါနဲ့"

"ဟင်..."

ထား ပြောပြီးတာနှင့် လှေကားမှအပြေးလေးဆင်းကာ အသင့်ရပ်ထားသော ကားပေါ်သို့တက်လိုက်၏။

"ထား ထား"

ဒေါက်တာမိုးမြတ် နောက်မှလိုက်ခေါ်ပေမဲ့ ထား လှည့်မကြည့်တော့။ နောက်ကြည့်မှန်မှတစ်ဆင့် မြင်နေရသော ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မိုးမြတ် ၏ပုံကိုကြည့်ကာ ထား မျက်ရည်များကျဆင်းလာရသည်။

နေခဲ့တော့ ဒေါက်တာ ရေ...

တကယ်တော့ ဒေါက်တာနဲ့ ထား ဘဝဟာ ခြားသွားပါပြီရှင်၊ ဒါကို ဒေါက်တာ တစ်နေ့သိမှာပါ။

"ဟင်... ထား မျက်နှာလဲနီလို့ နေမကောင်းဘူးလား"

အိမ်ရောက်တော့ ကြီးမြ က တံခါးဖွင့်ပေးရင်း ထား မျက်နှာကို အကဲခတ်ကာမေး၏။ ထား ခေါင်းခါယမ်းကာ အိပ်ခန်းထဲ တောက်လျှောက်ဝင်ခဲ့၏။ ကြီးမြ နောက်မှပါလာလျက်–

"ထား ထား ဘာဖြစ်လာတာလဲ၊ ကြီးမြ ကို ပြောစမ်းပါကွယ်၊ ကြီးမြ စိတ်ပူလွန်းလို့ပါ"

သည်တော့မှ ထား ကြီးမြ ကို ရီဝေစွာကြည့်မိ၏။

"ကြီးမြ ထား ထား သူနဲ့တွေ့ခဲ့တယ်"

"ဟင်... ဘယ်သူလဲ"

ထား က နှုတ်ခမ်းတစ်ချက်ကို အသာဖိကိုက်လိုက်ပြီးမှ လေသံသဲ့သဲ့ဖြင့် ပြောလိုက်၏။

"ဒေါက်တာမိုးမြတ်"

"ဩော်..."

ကြီးမြ သည် အခြေအနေကို သဘောပေါက်သွားဟန်ဖြင့် သက်ပြင်းချသည်။





"ထား ကို သူဘာပြောလဲ"

"ဟင့်အင်း၊ ထား သူ့ကို စကားပြောခွင့်မပေးခဲ့ဘူး ကြီးမြ၊ ထား ထား သူနဲ့ ဘာစကားတွေပြောရမှာလဲ၊ သူက ထား ကို အရမ်းမျှော်လင့်ထားတာ"

"ကြီးမြ နားလည်ပါတယ်ကွယ်၊ ဒါပေမဲ့ အဖြစ်မှန်ကိုတော့ သူသိအောင် ထား ရှင်းပြဖို့လိုတယ်၊ ဒါမှ သူ ဘာလုပ်သင့်တယ်ဆိုတာ သိမှာပေါ့"

ကြီးမြ ကတော့ လူကြီးပီပီနားချ၏။ ထား မှာ ဒေါက်တာ မိုးမြတ်နှင့် နှစ်ယောက်ချင်းဆုံကာ စကားပြောဖို့အင်အားကို ဘယ်လို မွေးယူရမှာလဲ။

"ထား သူ့ကို ဘယ်လိုရင်ဆိုင်ရမှာလဲ ကြီးမြ၊ ထား အဖြစ်က သူ့ကို မျှော်လင့်ချက်တွေပေးပြီး လှည့်စားသလိုဖြစ်ခဲ့တာ"

"ဒါကတော့ ထား ရယ်၊ ဒီလိုဖြစ်လာတာဟာ ထား အပြစ်မှ မဟုတ်ပဲ၊ အင်းလေ... ခုမှတော့ မောင်ဘလှသန်းတင် ကိုလဲ အပြစ်တင်လို့ မထူးပါဘူး၊ သူဟာ တကယ်တော့ ထား အပေါ်မှာ ယောကျ်ားကောင်းပီသသူပါ"

ထား အံတင်းခနဲကြိတ်လိုက်၏။

"ထား ဘဝကို အနိုင်ယူတဲ့လူကို မုန်းတယ်"

"အို ဘယ်လိုပြောလိုက်တာလဲ ထား ရယ်၊ မောင်ဘလှသန်းတင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ထား ခင်ပွန်းဖြစ်နေပြီ၊ ဒီလိုစကားမျိုး မပြောသင့်တော့ဘူး၊ ကိုယ်တည်ဆောက်မိတဲ့ အိမ်ထောင်ရေးကို ဆက်လက်စိုပြည်သာယာအောင်ပဲ လုပ်ရမယ်၊ ထား ဟာ မိန်းမကောင်းလေးတစ်ယောက်ပါကွယ်၊ မောင်ဘလှသန်းတင် ဟာ ထား အပေါ်ကောင်းရှာပါတယ်"

ကြီးမြ ပြောသောစကားမှာ မှန်သင့်သလောက် မှန်ပါ၏။ ဦးဘလှသန်းတင် သည် ထား အပေါ်မှာ ခင်ပွန်းကောင်းတစ်ယောက်ထက်ပင် ဂရုစိုက်မှု၊ ကြင်နာမှုက ပိုနေသေး၏။

"တော်ပါတော့ ကြီးမြ၊ ထား ဒါကြောင့် ဒေါက်တာမိုးမြတ်ကို အတွေ့မခံဘူး"

"ဒီလိုလဲ မဟုတ်သေးဘူးလေ၊ တကယ်တမ်းမှာ ထား နဲ့ မောင်မိုးမြတ်ဟာ ချစ်ကြိုက်ခဲ့တာမှ မဟုတ်ဘဲ၊ မမျှော်လင့်ဘဲ အခြေအနေအရပ်ရပ်ကြောင့် အိမ်ထောင်ပြုလိုက်ရတာပဲ"

ထား သည် အတန်ကြာငြိမ်သက်နေရာမှ ကြီးမြ ကို ဖြည်းညှင်းစွာ မော့ကြည့်၏။

"ကောင်းပြီလေ၊ တကယ်လို့များ သူ နောက်တစ်ကြိမ်လာတွေ့ရင် ထား အဖြစ်မှန်ကို ရှင်းပြလိုက်မယ်၊ ဒါဆို သူနားလည်သွားမှာပါ"

"ဒီလိုမှပေါ့၊ ထား ဘယ်ကိစ္စမဆို ရင်ဆိုင်ဖြေရှင်းလိုက်တာ အကောင်းဆုံးပဲ၊ ကဲ ကဲ ထား လဲ ရေချိုးလိုက်တော့၊ ကြီးမြ ထား အကြိုက် ငါးသလောက်ပေါင်းထားတယ်"





"ဟုတ်ကဲ့"

ကြီးမြ ထွက်သွားတော့မှ ထား အိပ်ရာထက် ခဏလှဲရင်း မထင်မှတ်ဘဲ ဦးဘလှသန်းတင်နှင့် ဒေါက်တာမိုးမြတ် အကြောင်းများ တွေးမိလျက် သက်ပြင်းမောကိုသာ ချမိလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမိုးမြတ် သည် ဈွဲကောင်းသူတစ်ယောက်ဆိုတာ နောက်နေ့တွင်သိလိုက်၏။

"ထား"

"ဟင်... ဒေါက်တာ"

ကားပေါ်မှဆင်းလာသော ထား မှာ ဒေါက်တာမိုးမြတ် ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတာကြောင့် အနည်းငယ်အံ့အားသင့်သွား၏။ နှစ်ထပ်ဖာ မရန်းစေ့ရောင်ဝမ်းဆက်ဖြင့် ဆံပင်ရှည်များ ဖြန့်ချကာ အစွမ်းကုန်လှပနေသော ထား ကို ဒေါက်တာမိုးမြတ် စိုက်ကြည့်လေသည်။

ဒေါက်တာမိုးမြတ် ၏အကြည့်ကြောင့် ထား မျက်လွှာချလိုက်လေ၏။

"ထား ထား ကို ဒီလိုလာစောင့်နေလို့ ကိုယ့်ကို အပြစ်ပေးမယ် ဆိုရင်လဲ ကျေနပ်စွာခံယူယုံပါပဲ. . .





"ဒါပေမဲ့ ကိုယ့်အနေနဲ့ကတော့ ထား နဲ့တွေ့ရမှဖြစ်မယ်၊ မနေ့က ထား ရဲ့အပြုအမူတွေဟာ ကိုယ့်ရင်ကို နာကျင်စေလွန်းတယ် ကွယ်"

မနေ့ကအပြုအမူနှင့်ပတ်သက်၍ သူဘယ်လိုခံစားမယ်ဆိုတာ ထား ကိုယ်ချင်းစာနိုင်ပါ၏။

"ထား ကိုခွင့်လွှတ်ပါ ဒေါက်တာ၊ မနေ့က ထား မှားသွား တယ်"

"ဟင့်အင်း ထား မမှားပါဘူး၊ ထား က ဘာကြောင့်မှားရမှာလဲ၊ တကယ်လို့ ထား မှားခဲ့တယ်ဆိုရင်တောင် ကိုယ်ခွင့်လွှတ်နိုင်ပါတယ်"

"ဒေါက်တာရယ်"

ထား ပင့်သက်တစ်ချက်ချကာ ဒေါက်တာကို ရိုဝေစွာကြည့်မိ၏။ သဘောထားကြီးသော၊ ကြင်နာတတ်သော ဒေါက်တာလိုလူမျိုး ဟာ ဘာကြောင့် ထား ဘဝရဲ့သခင် မဖြစ်နေတာပါလိမ့်။

"ထား ကိုယ့်ကို ဒီနေ့ ထား နဲ့စကားပြောခွင့်ပြုမယ် မဟုတ် လား ဟင်"

တောင်းပန်သောမျက်ဝန်းများဖြင့် ကြည့်နေသော ဒေါက်တာ တောင်းဆိုမှုကို ထား မငြင်းရက်တော့ပါ။

"ကောင်းပါပြီ ဒေါက်တာ"

ထား ခွင့်ပြုတာကြောင့် ဒေါက်တာမိုးမြတ် မျက်နှာပြုံးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော်တို့ တစ်နေရာကိုသွားပြီး အေးအေးဆေးဆေး စကားပြောရအောင်နော်"

"ဟုတ်ကဲ့"

ဒေါက်တာမိုးမြတ် ကားနှင့်ပင် ကန်တော်ကြီးဘက် ထွက်ခဲ့ကြ၏။ ကန်တော်ကြီးစောင်းမှာ ကားကို ထိုးရပ်လိုက်သည်။ ဒေါက်တာမိုးမြတ် က ထား အတွက် ကားတံခါးဖွင့်ပေးသည်။

ထား ကားပေါ်မှဆင်းကာ ကန်စပ်သို့လျှောက်ခဲ့သည်။ ကန်ရေပြင်ကို ရှပ်၍တိုက်ခတ်လာသော လေနုအေးက ထား ၏ ရှည်လျားသောဆံပင်များကို တို့ထိကလူကျီစယ်၏။

ထား က ကန်ရေပြင်ကို မျက်နှာမူ၍ တောင့်တောင့်လေးရပ်နေမိ၏။

"ထား"

နီးကပ်စွာပေါ်လာသော ဒေါက်တာမိုးမြတ် အသံကြောင့် ပြည်းညင်းစွာလှည့်ကြည့်မိသည်။ ထား ၏ ရီဝေဝေမျက်ဝန်းများသည် ဒေါက်တာမိုးမြတ် ၏ ရွှန်းလက်သောအကြည့်နှင့် လမ်းမှာဆုံသည်။ ထား ဖျတ်ခနဲ မျက်လွှာချလိုက်၏။

"ထား ထား ရဲ့ကျောင်းဖွင့်ရက်ကို ကိုယ်အရမ်းမျှော်လင့်ခဲ့တယ်ဆိုတာ ထား သိမှာပါ...

"ဒါပေမဲ့ မနေ့က ထား ရဲ့အပြုအမူဟာ ကျွန်တော့်ရင်ထဲ





သိပ်နာကျင်စေတယ်၊ ညက တစ်ညလုံး အိပ်လို့မရဘူး၊ ဒါကြောင့် မနက်အစောကြီး ထား ကျောင်းဆီထွက်လာပြီး စောင့်နေတာ...

"ပြောစမ်းပါ ထား ရယ်၊ ထား မနေ့က ဘာကြောင့် ကျွန်တော့်အပေါ် စိမ်းသွားရတာလဲ"

မေးသူက မေးနေပြီ။ ဖြေနိုင်ဖို့ကို ထား အားယူရ၏။ ထို့နောက် ဒေါက်တာမိုးမြ^ာ် ကို မျက်နှာချင်းဆိုင်လိုက်၏။

"ဘာကြောင့်လဲဆိုတော့... ထား ထား ကို ဒေါက်တာ*စိတ်နာသွားအောင်လို့ပါ"

"ဘယ်လိုပြောလိုက်တာလဲ ထား၊ ကျွန်တော့်တစ်သက် ထား ကို စိတ်နာမုန်းတီးဖို့ဆိုတာ ဘယ်တော့မှဖြစ်လာမှာ မဟုတ်ဘူး.."

ကျွန်တော် လိုချင်တာ ထား ဆီက စိတ်နာမုန်းတီးမှု မဟုတ်ဘူး၊ ထား ဆီက အချစ်ကိုလိုချင်တာပါ"

ထား နှုတ်ခမ်းလေးဖိကိုက်လိုက်၏။ သူ့မျက်ဝန်းများကို ရှောင်လွှဲလိုက်သည်။

"ခွင့်လွှတ်ပါ ဒေါက်တာ၊ ဒေါက်တာ လိုချင်တဲ့အရာကို ထား တစ်သက် ပေးနိုင်တော့မှာ မဟုတ်ပါဘူး"

"ဟင် ဘာကြောင့်လဲ၊ ကိုယ်ဟာ ထား အတွက် ဘာအပြစ်တွေ ရှိနေလို့လဲ၊ ပြောစမ်းပါ ထား"

ဒေါက်တာမိုးမြတ် စိတ်လှုပ်ရှားစွာအမေးကြောင့် ထား လျင်မြန်



www.burmeseclassic.com

www.burmeseclassic.com



စွာ ခေါင်းခါယမ်းလိုက်၏။

"အို ဒေါက်တာမှာ အပြစ်မရှိပါဘူး၊ အပြစ်ရှိတာ ထား ... ထား ထား လက်ထပ်လိုက်ပြီ ဒေါက်တာ"

"ဗျာ..."

ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်သွားသည်။ ထား မှာ ဒေါက်တာမိုးမြတ် ၏ မျက်နှာကို မကြည့်ရက်တာကြောင့် ကန်ရေပြင်စိမ်းစိမ်းကိုသာ စိုက်ကြည့်နေမိ၏။

"ထား ထား ဒါ ကျွန်တော် နားကြားလွဲတာ မဟုတ်ပါဘူးနော် ပြောပါ ထား"

ဒေါက်တာမိုးမြတ် က ထား နှင့်မျက်နှာချင်းဆိုင်၍ စိတ်လှုပ်ရှားစွာ မေး၏။

ထား ရင်နာစွာဖြင့် ပြတ်သားသောအဖြေကို ပေးလိုက်ရသည်။

"ဟင့်အင်း၊ ဒေါက်တာ နားကြားမလွဲပါဘူး၊ ထား ထား လက်ထပ်ခဲ့တာအမှန်ပါ"

"ထား ထား ရယ်၊ ဒီစကားတွေဟာ ကျွန်တော့်အတွက် ဘယ်လိုမှ မယုံနိုင်စရာပါလား၊ ဒါပေမဲ့ ထား ကိုယ်တိုင်ပြောနေ တော့ ကျွန်တော် ဘာတတ်နိုင်မှာလဲ၊ ထား ရဲ့အဲဒီစကားကြောင့် ကျွန်တော် ရင်ထဲ ဘယ်လောက်ထိခိုက်အောင် ခံစားရတယ်ဆိုတာ ထား သိနိုင်မှာမဟုတ်ပါဘူး"





ဒေါက်တာမိုးမြတ် ၏အသံမှာ တိုးဝင်သွားလျက် ရင်ထဲမှ ကာ အသက်ခပ်ပြင်းပြင်းရှူလိုက်၏။

"ထား ထား ကိုခွင့်လွှတ်ပါ ဒေါက်တာ၊ တကယ်တော့ ထား ဒေါက်တာကို လှည့်စားခဲ့တာ မဟုတ်ပါဘူး"

"ကျွန်တော် အဲဒီလိုယုံချင်ပါတယ် ထား၊ ကျွန်တော်ကို ပြေသာအောင် တစ်ခုပဲပြောပါ၊ ထား ထား ဘယ်သူနဲ့လက်ထပ်လိုက်တာ လဲ"

ထိုအမေးမှာတော့ ထား အတန်ကြာ နှုတ်ဆိတ်သွားပြီးမှ အေးစက်ခြောက်သွေ့သောလေသံဖြင့် တစ်လုံးချင်း ဖြေလိုက်၏။

"ဦးဘလှသန်းတင်"

"ဟင်..."

ရုတ်တရက် သူ နားကြားလွဲသလားဟု ဒေါက်တာမိုးမြတ် ထင်ပေမဲ့ တကယ်တမ်းမှာ သူကြားလိုက်တာ အမှန်တရားပါ။

"ဦးဘလှသန်းတင် ဟုတ်လား ထား၊ ထား ထား သူ့ကို ချစ်လို့လက်ထပ်ခဲ့တာလား၊ ပြောပါ ထား ပြောပါ"

"ဟင့်အင်း၊ ထား ကို ဒီမေးခွန်းမမေးပါနဲ့ ဒေါက်တာ၊ ထား မဖြေနိုင်ဘူး"

ထား တစ်ချက်ရှိုက်ရင်းဖြေတော့ ဒေါက်တာမိုးမြတ် ... ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ပြီ၊ ထား ကို သဘောမတူဘဲ ဒု
လက်ထပ်ခဲ့တာ မဟုတ်လား...

"ထား ရယ်၊ ထား ကို ကျွန်တော် အစောကြီးကတည်းက
သတိပေးခဲ့သားပဲ၊ ဒီလူအပြုအမူတွေ မရိုးသားဘူးဆိုတာ"

"တော်ပါတော့ ဒေါက်တာ၊ ထား မကြားပါရစေနဲ့"

ထား ၏ နာကြည်းစွာအော်သံကြောင့် သူ ရုတ်တရက်
နှုတ်ဆိတ်သွား၏။ နောက်အတန်ကြာမှ ထား ပခုံးကိုဆုပ်ကိုင်ကာ–

"ဒီမှာ ထား၊ ဦးဘလှသန်းတင် နဲ့ပတ်သက်ပြီး မင်း စိတ်
မချမ်းမသာ ဖြစ်နေတယ်ဆိုတာ ကျွန်တော် သဘောပေါက်တယ်
ထား သူ့ကိုမချစ်ဘူး၊ ဒါဖြင့် ဘာကြောင့် သူနဲ့အတူနေမလဲ၊ ထား
သူ့ကိုကွာလိုက်ပါ"

"ရှင်..."

ထား အံ့သြစွာ သူ့ကိုကြည့်တော့ နူးညံ့ကြင်နာစွာ သူပြုံးပြ၏။

"ဟုတ်တယ် ထား၊ ဦးဘလှသန်းတင် ကိုကွာပြီး ကျွန်တော်နဲ့
လက်ထပ်ပါ"

"အို... မဟုတ်တာ"

မထင်မှတ်သောစကားမို့ ထား တုန်လှုပ်ကာ ကိုယ်လေးယိမ်း
လျက် ခြေတစ်လှမ်း အလိုလိုနောက်ဆုတ်သွားရ၏။ ဒေါက်တာမိုးမြင့်
က ရှေ့တိုးလာကာ–





"ဘာဖြစ်လို့လဲ၊ ကျွန်တော် ထား ကိုချစ်တာ အပျို၊ အအို
ဆိုတဲ့ ပိုင်းခြားမှုမျိုး မရှိပါဘူး...

"ထား ဘယ်လိုဘဝထဲရောက်နေပါစေ၊ ကျွန်တော် ထား
ကို လက်ထပ်နိုင်တယ်"

ထား မှာ အံ့သြစရာကောင်းသော ဒေါက်တာမိုးမြင့် ၏ အချစ်
ကို လေးစားရမည်လား။ သို့သော် ဦးဘလှသန်းတင် ကို ကွာရှင်းဖို့
ဆိုတာ ထား အတွက် ဘယ်လိုမှမဖြစ်နိုင်။

"ဘယ်လိုလဲ ထား၊ ကျွန်တော် ပြောတာကို သဘောတူတယ်
မဟုတ်လား"

"ခွင့်လွှတ်ပါ ဒေါက်တာ၊ ဒေါက်တာရဲ့အချစ်ကို ထား
လေးစားပါတယ်၊ ဒါ ဒါပေမဲ့ ဦးဘလှသန်းတင် ကိုကွာရှင်းဖို့ဆိုတာ
ဖြစ်နိုင်ပါဘူး ရှင်"

ဒေါက်တာမိုးမြင့် ၏ မျက်ခုံးများ တွန့်ခနဲဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

ထိုမေးခွန်းက သူ့ဘာသာမေးတာလား။ ဒါမှမဟုတ် ထား ကို
မေးတာလားဟု ဇဝေဇဝါဖြစ်သွားပုံ။

"ဘာဖြစ်လို့လဲဆိုတော့ သူဟာ ထား ခင်ပွန်းဖြစ်နေလို့ပါ"

"ကျေး... ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ကျေးဇူးဆိုတဲ့စကားဟာ ကျွန်တော်နဲ့ ထား ကြားမှာ စိမ်း



www.burmeseclassic.com

www.burmeseclassic.com



လွှန်းပါတယ်ဗျာ၊ ကဲ ကျွန်တော် ထား ကိုပြန်ပို့ပေးမယ်"

ထိုနောက် ကားမောင်းထွက်ခဲ့၏။ အပြန်ခရီးမှာတော့ နှင်းဦး သား တိတ်ဆိတ်နေပေမဲ့ ရင်ထဲမှာ အတွေးကိုယ်စီနှင့်လေ။

* * *





"ဟော ထား ပြန်လာပြီကိုး"

"ဟင်... အစ်ကိုကြီး"

အိမ်ပြန်ရောက်တော့ မမျှော်လင့်ဘဲ ဦးဘလှသန်းတင် ကို တွေ့လိုက်ရတာမို့ ထား အံ့အားသင့်သွား၏။

"အစ်ကိုကြီး ဘယ်ဘုန်းကရောက်လဲ"

ထား က မှန်တင်ခုံရှေ့ဝင်ထိုင်ရင်း မေး၏။ သူက ခုတင်ပေါ်၌ စီးကရက်ဖွာလျက် မျက်တောင်စင်းကာ ထား ကိုစိုက်ကြည့်နေသည်။

"နေ့လယ်ကပဲ ထား၊ ခုပဲ ထား ကျောင်းကိုလာကြိုမလို့၊ ကြီးမြ က ပြန်လာခါနီးပြီဆိုတာနဲ့ အစ်ကိုကြီး မလာဖြစ်တာ"

သူက ဖွာလက်စစီးကရက်ကို ပြတင်းပေါက်မှ တောက်ထုတ် ကာ နေရာမှထပြီး ထား ကို နောက်ကျောမှသိုင်းဖက်၏။

"ထား ရယ်၊ အစ်ကိုကြီး လွမ်းလိုက်ရတာ"

ထား ၏ ကုပ်သားနုနုကို ရှိုက်နမ်းကာ သူပြောသည်။ ထား မှန်ရိပ်ထဲမှတစ်ဆင့် သူ့ကိုကြည့်မိ၏။ တည်ကြည်ခန့်ညားသော



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ထား ဘာကြောင့်ချစ်၍မရသနည်း။ သူကလည်း ထား ကိ
လှမ်းအကြည့်-

"ထား မျက်နှာလဲမကောင်းပါလား၊ ကျောင်းတက်ရတာ
အဆင်ပြေရဲ့လား"

အကင်းပါးလှသော ဦးဘလှသန်းတင် က ထား ကို အကဲခတ်
မိစွာမေး၏။ ထား မျက်လွှာချလိုက်ရင်း-

"ဟုတ်ကဲ့ အဆင်ပြေပါတယ်"

ထား အသံမှာ အနည်းငယ်သွေ့ခြောက်နေမည်မှာ သေချာ
သည်။ ဒေါက်တာမိုးမြတ် ကိုတွေ့ပြီးနောက် ဦးဘလှသန်းတင်
အပေါ် ပို၍စိတ်နာကြည်းသလိုပင်။

"မဟုတ်သေးပါဘူး၊ ထား မျက်နှာလဲမကောင်းဘူး၊ အသံ
ကလဲ သွေ့ခြောက်ခြောက်နဲ့၊ ထား အစ်ကိုကြီးကို မှန်မှန်ပြောစမ်း
ကျောင်းမှာ တစ်ခုခုဖြစ်လာသလား"

"အို... ဘာမှမဖြစ်ဘူး"

ထား ၏အသံမှာ အနည်းငယ်မာဆတ်တင်းသွားလေသည်၊
ထိုနောက် သူ့လက်များကို ဖယ်ရှားကာ နေရာမှထလိုက်၏။

သူ့ကိုကြည့်လိုက်တော့ နေရာမှာ ခပ်ငိုင်ငိုင်ရပ်နေ၏။ ထား
သက်ပြင်းချလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူသည် ထား ခင်ပွန်းဖြစ်နေ
မဟုတ်လား။





"ဆောရီး အစ်ကိုကြီး၊ ထား ပင်ပန်းလာလို့ပါ"

သူ ခွင့်လွှတ်ပြုံးဖြင့် ထား ဆီလျှောက်လာ၏။ ထိုနောက်
ထား ပခုံးလေးကိုဆုပ်ကိုင်ကာ နူးညံ့စွာကြည့်သည်။

"ရပါတယ် ထား ရယ်၊ အစ်ကိုကြီးကို ထား တောင်းပန်စရာ
မလိုပါဘူး၊ ကဲ ထား အနားယူလိုက်၊ အစ်ကိုကြီး အပြင်ခဏသွားလိုက်
ဦးမယ်"

ထား နဖူးလေးကိုဖွဖွနမ်းပြီး သူထွက်သွားသည်။ ထား
သက်မလေးချကာ ကျန်ခဲ့၏။ တကယ်တော့ အဝေးကလာတဲ့လူကို
ထား ဒီလိုမကြိုသင့်။

ထား ရေချိုးပြီး ညစာစားရန်စောင့်နေလိုက်၏။ မိုးချုပ်တဲ့အထိ
ပေါ်မလာတာကြောင့် သူ့အတွက် စိတ်ပူလာသည်။

"အစ်ကိုကြီး မိုးချုပ်လိုက်တာ ကြီးမြ ရယ်"

ကြီးမြ က ပုတီးစိပ်နေရာမှ ထား ကိုကြည့်သည်။

"မောင်ဘလှသန်းတင် အတွက် ထား စိတ်ပူတတ်လာပြီပဲ"

"ဒီလိုမပြောပါနဲ့ ကြီးမြ၊ သူဟာ ထား ခင်ပွန်းပါ"

"အင်း ဒီလိုသိနေတာအတွက် ထား ကို ကျေးဇူးတင်ရမယ်"

ထား ဖျတ်ခနဲ ကြီးမြ ကိုကြည့်မိ၏။ ဦးဘလှသန်းတင်နှင့်
ပတ်သက်ကာ ကြီးမြ တစ်ယောက် ထား ကို သဘောမတူချဖြစ်နေ
သလား။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမြ က သူနဲ့ပတ်သက်ပြီး ထား ကိုအပြစ်တင်နေတာလား"

"ဟုတ်တယ်၊ တကယ်ဆို မောင်ဘလှသန်းတင် ဟာ ထား အပေါ်မှာ ခင်ပွန်းကောင်းတစ်ယောက်ပဲ၊ ဒါပေမဲ့ ထား သူ့အပေါ် ဆက်ဆံတာ သိပ်ပေါ့ပျက်လွန်းတယ်၊ မောင်ဘလှသန်းတင် လိုလူမျိုးမို့ ထား ဆိုးသမျှ ခွင့်လွှတ်နေတာ၊ ထား သူ့အပေါ် အရေးစိုက်သင့်တယ်"

ထား နှုတ်ခမ်းလေးကိုက်ကာ ငြိမ်သက်နေ၏။ ထား ရင်ထဲက ခံစားချက်ကိုကြတော့ ကြီးမြ မှမသိဘဲကိုးဟုသာ တွေးမိ၏။

"ကဲ ကြီးမြ ဘုရားရှိခိုးလိုက်ဦးမယ်"

ကြီးမြ ထွက်သွားတော့ ဧည့်ခန်းထဲမှာ ထား တစ်ယောက်တည်း ကျန်ခဲ့သည်။ တစ်အိမ်လုံး တိတ်ဆိတ်နေသည့်တိုင် သူရောက်မလာသေး။ ညနေက ထား ကိုစိတ်ဆိုးသွားတာလား။

အတော်မိုးချုပ်မှ သူပြန်ရောက်လာ၏။ ရောက်လာတော့လည်း အရက်တွေမူးနေသည်။

"ဟင်... အစ်ကိုကြီး၊ အရက်တွေ ဒီလောက်တောင် သောက်လာရသလား"

သူအရက်သောက်ပေမဲ့ ထမင်းစားကောင်းရုံသာရှိ၏။ တစ်ခါမှ ဒီလောက်မူးအောင် မသောက်ဘူး။ သူက နီရဲသောမျက်လုံးများဖြင့် ထား ကိုစိုက်ကြည့်သည်။ ထို့နောက် ထား ကိုတွန်းဖယ်ကာ အခန်းထဲဝင်သွား၏။





ထား တံခါးပိတ်ပြီး သူ့နောက်လိုက်သွားသည်။ အခန်းထဲ ရောက်တော့ သူ ခုတင်ပေါ်မှာ မျက်စိမှိတ်ကာ လှဲနေ၏။ ထား မှာ သူဒီလောက် အရက်တွေသောက်လာတာကြောင့် စိတ်ဆိုးနေသည်။

"အစ်ကိုကြီး၊ ဘာကြောင့် ဒီလောက် အရက်တွေ သောက်လာတာတုန်း၊ ထား အရက်နံ့မခံနိုင်ဘူးဆိုတာ သိရက်နဲ့"

သူ မျက်လုံးများ ဖျတ်ခနဲဖွင့်ကာ ထား ကိုကြည့်သည်။ ထို့နောက် ခပ်မဲ့မဲ့ပြုံးကာ–

"ဒီအရက်က ထား ကြောင့်သောက်လာတယ်ဆိုရင်ကော"

"ဘာပြောတယ်"

"ဒီမှာ ထား၊ ကျုပ် ခုဘယ်သူနဲ့တွေ့ခဲ့တယ်ထင်လဲ၊ ဒေါက်တာ မိုးမြတ်နဲ့ကွ၊ မင်းနဲ့သူ အဆက်အသွယ်ရှိတယ် မဟုတ်လား"

သူ့၏ သံသယမျက်လုံးများကို ထား တွေ့ရသည်။

"အစ်ကိုကြီး ဘာကိုဆိုလိုတာလဲ"

"ဟင်း မင်းတို့နှစ်ယောက် ကျုပ်ကွယ်ရာမှာ ဖောက်ပြန်နေကြတာကို ပြောတာ"

"အစ်ကိုကြီး မဟုတ်တာမပြောနဲ့"

ထား မှာ ဒေါသဖြစ်လာတာမို့ အော်မိ၏။

"ဘာလဲ မှန်တာပြောတော့ စိတ်ဆိုးပြီလား၊ ဒေါက်တာမိုးမြတ် က ကျုပ်ကို ဘာပြောလိုက်တာမှတ်လဲ၊ အချစ်မပါဘဲ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုယူတဲ့ ခင်ဗျားကို ချီးကျူးပါတယ်တဲ့"

"ဟင်..."

လက်စသတ်တော့ ဒေါက်တာမိုးမြတ် နဲ့တွေ့ခဲ့တာကိုး။

"ပြောစမ်း၊ မင်းတို့ချစ်ခဲ့ကြတယ် မဟုတ်လား"

သူက ထား ပခုံးကို ဆွဲကိုင်လှုပ်ကာ မေးသည်။

"အို... မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ၊ မင်းဆီလိုက်လာကတည်းက ငါရိပ်မိတယ်"

အတင်းရှုပ်စွဲနေသော သူ့ကို ထား စိုက်ကြည့်လိုက်သည်။

"ရှင် မဟုတ်တာမပြောနဲ့၊ သူနဲ့ကျွန်မ ဘယ်တုန်းကမှ မချစ်ခဲ့ဘူး"

"ဟား ဟား အဲဒီစကားကို ကျုပ်ယုံရမှာလား"

"ရှင် မယုံလဲမတတ်နိုင်ဘူး၊ ကျွန်မကို လွှတ်ပါ"

တင်းကျပ်စွာဆုပ်ကိုင်ထားသော သူ့လက်များကို ဖြေပေမဲ့ မရ။

သူက ရုတ်ခနဲ ထား ကိုယ်လေးကို တင်းကျပ်စွာဆွဲဖက်ကာ မျက်နှာကို ခပ်ကြမ်းကြမ်းနမ်း၏။

"ထား ထား ရယ်၊ ကျုပ်ကိုမထားခဲ့ပါနဲ့၊ ကျုပ် မင်းကို သိပ်ချစ်တယ်"





အရက်နှင့် အချစ်မူးနေသော ဦးဘလှသန်းတင် ကို ထား ဘယ်လိုမှ တွန်းလှန်၍မရတော့။

"ထား ရှင့်ကိုမုန်းတယ်၊ ရှင့်ကိုမုန်းတယ်"

ရှိုက်သံထွက်လျက်ပြောနေသော ထား ၏ အသံလေးမှာ နောက်ဆုံးတွင် တဖြည်းဖြည်းပျောက်ကွယ်သွားကာ တိတ်ဆိတ်သွားရတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"အား ကျွတ် ကျွတ်"

ဦးဘလှသန်းတင် တစ်ယောက် အိပ်ရာမှနိုးလာချိန်တွင် ခေါင်းတစ်ခုလုံး ကိုက်နေ၏။ ပတ်ဝန်းကျင်ကြည့်လိုက်တော့ အလင်းရောင် မသမ်းသေးပေ။ ဘေးကိုကြည့်လိုက်တော့ ပါးပြင်ပေါ်မှာ မခြောက်တတ်သေးသောမျက်ရည်ဖြင့် အိပ်ပျော်နေသော ထား။

ထား မျက်နှာလေးကို စိုက်ကြည့်ကာ သူ့ရင်မှာ ကရုဏာဒေါ[illegible] သွား၏။ ညက သူ ထား အပေါ် ဘာတွေပြောမိပါလိမ့်။ မချော[illegible] လင့်ဘဲ စားသောက်ဆိုင်မှာ ဒေါက်တာမိုးမြတ်နှင့်ဆုံသည်။ ဒေါက်တာ မိုးမြတ် လည်း အရက်လာသောက်ခြင်း ဖြစ်၏။

"ဟာ... ဒေါက်တာပါလား"

သူ့နှုတ်ဆက်သံကြားတော့ ဒေါက်တာက မျက်ခနဲမော့ကြည့် သည်။ အရက်သောက်ထားတာမို့ ဖြူသော ဒေါက်တာမိုးမြတ် [illegible] မျက်နှာမှာ အနည်းငယ်နီနေသည်။





"ဪ ခင်ဗျားကိုး"

ဒေါက်တာမိုးမြတ် ၏အကြည့်က သူ့အပေါ် ရန်သူတစ်ယောက်နှယ်။

"ဘယ်လိုလဲ ဒေါက်တာ၊ အရက်တွေ ဘာတွေ သောက်လို့ပါလား"

ဒေါက်တာနှင့် မျက်နှာချင်းဆိုင်တွင်ဝင်ထိုင်ရင်း သူပြောတော့ ဒေါက်တာ စိုက်ကြည့်၏။

သူ ထမင်းစားတုန်းက အရက်မသောက်ဘူးဟု ပြောခဲ့သော ဒေါက်တာကို ခုလိုမြင်ရတော့ ဦးဘလှသန်းတင် အံ့ဩတာအမှန်။

"ဒါ ဘာဆန်းလဲ ဦးဘလှသန်းတင်၊ အရင်တုန်းက ကျွန်တော့် ရင်ထဲမှာ စိတ်ညစ်စရာ စိတ်ရှုပ်စရာ မရှိဘူး၊ ခုရှိနေတယ်လေ"

"ဪ ဒေါက်တာ စိတ်ညစ်နေတာကိုး၊ ဘာအတွက်များပါလိမ့်၊ ကျုပ် ကူညီနိုင်ရင် ကူညီပါရစေ"

ထိုအခါ ဒေါက်တာမိုးမြတ် က ခပ်မဲ့မဲ့ပြုံး၏။

"ခင်ဗျား မကူညီနိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကျုပ်က ကျုပ်ချစ်တဲ့မိန်းကလေးကို စွန့်လွှတ်လိုက်ရတာကိုး"

"အလို၊ ခင်ဗျား မိန်းကလေးက ဘယ်သူပါလိမ့်"

မသိဟန်ဆောင်ကာ မေးနေသော ဦးဘလှသန်းတင် ကို ဒေါက်တာ မျက်မှောင်ကြုတ်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့ဗျာ"

"မောင်ရင် ဘာကိုဆိုလိုတာလဲ၊ ဩော် ဒါနဲ့ မောင်ရင်ကို ပြောရဦးမယ်၊ ကျုပ်နဲ့ ထား လက်ထပ်ပြီးပြီ"

ထိုစကားကြောင့် ဒေါက်တာမျက်နှာ ရဲခနဲဖြစ်ကာ သူ့ကို စိုက်ကြည့်၏။ ထို့နောက် ခြောက်ကပ်စွာ ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"ချီးကျူးပါတယ်ဗျာ၊ မိန်းကလေးတစ်ယောက်ရဲ့ အချစ်မပါဘဲ ခင်ဗျား လက်ထပ်နိုင်တာကိုး"

"ဘာ... ထား ကျုပ်ကိုမချစ်ဘူးလို့ ခင်ဗျား ဆိုလိုတာလား"

"ဒါကို ခင်ဗျားပိုသိပါတယ် ဦးဘလှသန်းတင်"

"တော်စမ်း၊ ကျုပ်ကို ထား မချစ်ဘူးဆိုရအောင် ထား ဘယ် သူ့ကို ချစ်ခဲ့တယ်ဆိုတာ ဒေါက်တာ ပြောနိုင်လို့လား"

သူ နေရာမှ ဝုန်းခနဲထကာမေးတော့ ဒေါက်တာကလည်း ဆတ်ခနဲမတ်တတ်ရပ်၏။

"ဒါလဲ ကျုပ် ခင်ဗျားကို ပြောစရာမလိုဘူး၊ ဒါပေမဲ့ ထားကို ခင်ဗျားကောင်ကောင်းစောင့်ရှောက်ပါ၊ မဟုတ်ရင် ခင်ဗျားနဲ့ကျုပ် တွေ့မယ်"

ထို့နောက် ဒေါက်တာမိုးမြတ် က နေရာမှထွက်သွား၏။ ဦးဘလှသန်းတင် အံတင်းတင်းကြိတ်ကာ ကျန်ခဲ့သည်။ သူ့ရင်ထဲ





ယနေ့ညနေမှာတွေ့ရသော ထားနှင့် ဒေါက်တာမိုးမြတ် တို့၏ မူပျက်နေမှုကို သံသယဝင်လာသည်။ သူ့နောက်ကွယ်မှာ သူတို့တွေ့ခဲ့ကြသလား။ သူ စိတ်ညစ်ညစ်ဖြင့် အရက်သောက်နေရင်း မိုး ဘယ်လို ချုပ်သွားမှန်းမသိ။ အရက်ဝင်လာတော့ ထား အပေါ် မသင်္ကာစိတ်တွေ ပို၍များလာ၏။

ထား... ထား... ထား ကသာ သူ့ကိုစွန့်လွှတ်ခဲ့လျှင် ထိုအတွေးက သူ့ကို ခြောက်လှန့်ကာ ရင်ကိုပူလောင်စေသည်။

အိမ်ပြန်ရောက်လို့ ထား ကိုတွေ့တာနှင့် သူ၏ သံသယစိတ်တို့ ပိုကဲလာ၏။ ထို့ကြောင့် ထား ကို စွပ်စွဲစကားတွေ ပြောမိသည်။ ပြီးတော့ သူ့ကိုမထားခဲ့ဖို့။

"ဩော် ထားရယ်"

မျက်ရည်များကြားမှ ထား မျက်နှာလေးကို သူ အသနားနမ်းမိ၏။ ထား တစ်ချက်လူးလွန့်ကာ မျက်ဝန်းတွေ ဖျတ်ခနဲပွင့်လာသည်။

"ထား နိုးပြီလား၊ ညက အစ်ကိုကြီး အရက်သောက်တာ များသွားတယ်၊ ထား ခွင့်လွှတ်နော်"

ထား သူ့ကိုမကြည့်ဘဲ မျက်ဝန်းများကို အသာမှိတ်လိုက်၏။ သူက ထား မျက်ခွံလေးများကို နှုတ်ခမ်းဖြင့် ဖိကပ်ကာနမ်းသည်။

"ထား ထားရယ်၊ အစ်ကိုကြီးကို စိတ်မဆိုးပါနဲ့"

ထား ကိုယ်လေးကို ရင်ခွင်ထဲသွင်းကာ ညင်သာစွာနမ်းလျက် သူပြော၏။ ထားက တစ်ချက်လူးလွန့်ရုန်းသည်။ သူ လွှတ်မပေးဘဲ ပို၍တင်းကျပ်စွာ ဖက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထား ကို ဟောဒီလို ရင်ခွင်ထဲမှာပဲ တစ်သက်လုံး ထားချင်တယ်ကွယ်"

သူ၏တီးတိုးစကားကို ထား မကြားဟန်ပြုကာ တိတ်နေသည်။

ထား၏ ဒီလိုခပ်စိမ်းစိမ်းအပြုအမူကြောင့် သူ့ရင်ထဲ ဆစ်ခနဲနာသွား၏။ ထို့ကြောင့် ထား ရင်ခွင်မှာ မျက်နှာအပ်ကာ တိုးဖွဖွမိသည်။

"ထား ထား အစ်ကိုကြီးကို ခွင့်မလွှတ်တော့ဘူးလား"

"ထားကို စွပ်စွဲတဲ့လူကို မုန်းတယ်"

"ထား ရယ်၊ မုန်းတယ်ဆိုတဲ့စကား ဟောဒီ နှုတ်ခမ်းလေးက ဘယ်တော့မှ မပြောစမ်းပါနဲ့ကွယ်၊ အစ်ကိုကြီး မကြားရဲလို့ပါ"

"ထား၏ နည့်အိသက်သော နှုတ်ခမ်းလေးကို သူ နှုတ်ခမ်းဖြင့် ဖိကပ်ကာပိတ်လိုက်သည်။ ထား အသက်ရှူမွန်းကျပ်သွားရ၏။

"ဖယ်ပါ ထား အိပ်ရာထမလို့"

ထားက သူ့ရင်ခွင်မှရုန်းကာ ပြောသည်။

"နေပါဦးကွယ် အစောကြီးရှိသေးတာ အစ်ကိုကြီး အိပ်ချင်သေးတယ်"

"အို"

သူ၏ သန်မာသောလက်များကြားမှ ထား ရုန်းမရဘဲ မွန်းကျပ်သောအတွေ့အထိများကြောင့် ထား မျက်ဝန်းများ တဖြည်းဖြည်းမှိတ်ကာ သူ့ရင်ခွင်တွင် ပြန်လည်အိပ်ပျော်သွားရတော့၏။

* * *





"ထား ကို အစ်ကိုကြီးလိုက်ပို့မယ်"

"ဟင်..."

မှန်တင်ခုံရှေ့မှာ ရေချိုးပြီး အလှပြင်နေသော ထား ကို့ သူ ပြုံ့ကာ ပြောလိုက်သည်။

"အစ်ကိုကြီး အားလို့လား"

ထား အမေးကို သူပြုံး... နေရာမှထလာသည်။ ထို့နောက် ...ား ကို နောက်မှသိုင်းဖက်ကာ နား...လေးများကို နမ်းလိုက်၏။

"အစ်ကိုကြီးက ဒီမှာ အလုပ်မရှိဘူးလေ၊ ရှိတဲ့အလုပ်ကလဲ ...စ်ကိုကြီး ဖုန်းနဲ့ပြောရုံပါပဲ...

"ဘာလဲ အစ်ကိုကြီးလိုက်ပို့မှာ ထား မကြိုက်ဘူးလား"

ထား မျက်ဝန်းများကို မှန်ထဲမှကြည့်ကာ သူမေးသည်။ ...ို့နောက် မော့မော့လေးဖြစ်နေသော လည်တိုင်လေးကို နှုတ်ခမ်းဖြင့် ...သောဖိကပ်ရှိုက်နမ်းလိုက်၏။

"အို... ကျောင်းသွားတော့မှာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလည်စည်းလေး စည်းသွားလေ"

သူက အနီရောင်ပိုးလည်စည်းလေးကို ထုတ်ပေးသည်။ သာ မျက်စောင်းထိုးတော့ သူပြုံးကာ ထပ်နမ်း၏။

"အစ်ကိုကြီး လိုက်ပို့မှာကို ထား သဘောတူပါတယ်နော်"

"အစ်ကိုကြီး သဘောပါ"

"အဟွန်း ဒီလိုမှပေါ့ကွယ်"

သူ ထား ကိုယ်လေးကို တစ်ချက်ဖျစ်ညှစ်ကာ အသာလွှတ်လိုက် ၏။ ထိုနောက် အဝတ်ဗီရိုကို ဆွဲဖွင့်သည်။

"ထား ရဲ့ငယ်ရွယ်ချောမောမှုနဲ့လိုက်အောင် အစ်ကိုကြီး ဝတ် မှပဲ"

တကယ်တော့ သူသည် အရွယ်တင်သူတစ်ဦးပါ။ အသက် လေးဆယ်ဆိုပေမဲ့ နပျိုမှုကြောင့် သုံးဆယ်ကျော်အရွယ်လောက် ထင်ရသူ။ အရပ်မြင့်မားကာ ဖြောင့်တန်းကျစ်လျစ်သော ကိုယ်ခန္ဓာ လူငယ်တစ်ယောက်၏ဟန်။

"အစ်ကိုကြီးအတွက် ထား အဝတ်အစား မရွေးပေးတော့ဘူး လား"

အမှန်တော့ သူ့အတွက် အဝတ်အစားကို ထား ရွေးပေးနေကျ ပါ။ သို့သော် ဒီတစ်ခါ စိတ်ဆိုးသလိုရှိတာမို့ မသိချင်ယောင်ဆောင်နေ လိုက်၏။





"ထား မအားဘူး၊ အစ်ကိုကြီးဘာသာယူဝတ်လိုက်ပါ"

"အင်းလေ၊ ဒါဆိုပြီးတာပဲ"

သူက နက်ပြာရောင် ဘက္ကလပ်ဘောင်းဘီရှည်ကို အဖြူပေါ်မှာ နက်ပြာစင်းကျဲကျဲများပါသော စပို့ရှပ်လက်တိုနှင့်တွဲဝတ်၏။ ထိုနောက် ဆံပင်ကို သေသပ်စွာဖြီးသည်။

"ဘယ်နှယ့်လဲ ထား၊ အစ်ကိုကြီး သိပ်မအိုသေးပါဘူးနော်"

သူ့ကို ဖျတ်ခနဲကြည့်မိတော့ ယောကျ်ားတစ်ယောက်၏ အစွမ်းကုန် ခန့်ညားချောမောသောအချိန်မို့ ကြည့်ကောင်းတာအမှန်။

"ဒါတော့ ကိုယ့်ကိုယ်ကိုသိမှာပေါ့"

"သိပါတယ်ဗျာ၊ ဒါကြောင့် နနငယ်ငယ်ချောလှတဲ့ ဟောဒီ ထားလေး ပစ်မသွားဖို့ နပျိုအောင်နေရတာပေါ့"

ထား ၏မေးစေ့ချွန်ချွန်လေးကို တစ်ချက်ဖျစ်ညှစ်ကာ သူ့ အပြောကြောင့် ထား မျက်စောင်းထိုးမိ၏။

ထား က ပိုးသားပျော့အနက်ပေါ်မှာ အနီရောင်ပွင့်များပါသော လက်ပြတ်ဝမ်းဆက်ဝတ်လျက် ဆံပင်ရှည်များကို ဖြန့်ချထားသည်။ လည်တိုင်ကြော့ကြော့မှာတော့ သူပေးထားသည့် လည်စီးအနီရောင် လေး စည်းလျက်။

သူက ထား ကိုစူးစိုက်ကြည့်သည်။

"ထား က သိပ်လှနေတာပါလား၊ ထား ကျောင်းကို ဒီလိုပုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်းသွားတာလား"

"ဒီလိုပုံနဲ့မသွားလို့ ထား က ဘယ်လိုသွားရမှာလဲ"

"အင်း ဒါဆို ကိုယ့်ထားတော့ ကျောင်းမှာပိုးတဲ့လူတွေ [illegible] နေမှာပဲ"

"ရှင်နော်"

ဒေါသဖြစ်ချင်သွားသော ထား ကို သူအမြန်ချော့လိုက်[illegible]

"ဟဲ ဟဲ အစ်ကိုကြီးက စတာပါကွယ်၊ ကဲ သွားစို့"

ကားကို ကိုယ်တိုင်မောင်းလျက် သူလိုက်ပို့၏။ ထား [illegible] တစ်လမ်းလုံး ဘာစကားမှမပြော။

"ဟောဗျာ၊ ဘယ်လိုလဲ တစ်လမ်းလုံးငြိမ်လှချည်လား၊ [illegible] လိုက်ပို့လို့ စိတ်ကောက်နေတာတော့ မဟုတ်ပါဘူးနော်"

"ရှင်နော်၊ ဒါ ဘာစကားလဲ၊ ဘယ်သူလိုက်ပို့ပို့ ထား [illegible] ကျောင်းရောက်ရင်ပြီးတာပဲ"

"ဒါဖြင့် ဘာလို့စကားမပြောတာလဲ"

"အို ထား က ဘာကိုပြောရမှာလဲ"

"ဩော် ကိုယ့်ယောကျ်ားတစ်ယောက်လုံးနဲ့ စကားပြော[illegible] ထား မှာ စကားလုံးမရှိဘူးပေါ့နော်"

သူ၏ ရွဲ့သလိုအမေးကြောင့် ထား မျက်နှာတင်းခနဲဖြစ်သွား[illegible] သည်။





"ရှင် ထား ကိုရွဲ့စရာမလိုဘူး"

"ဩော် ကျုပ်က ရွဲ့တယ်လား၊ ကောင်းပြီလေ၊ ကျုပ် ထား ကို မရွဲ့တော့ပါဘူး"

သူဘာမှမပြောဘဲ ငြိမ်သက်စွာကားမောင်းလေသည်။ ကျောင်းရောက်တဲ့အထိ နှစ်ယောက်သား တိတ်ဆိတ်နေ၏။

"ကဲ ကျုပ်ဘယ်အချိန်လာကြိုရမလဲ"

ကျောင်းရောက်တော့ သူ ကားရပ်ပေးရင်း မေး၏။

"သုံးနာရီ"

ထား ကားတံခါးပြန်ပိတ်ပေးလိုက်တာနှင့် သူ ဝေါကနဲ မောင်းထွက်သွား၏။ ထား လည်း ကျောင်းထဲဝင်ခဲ့သည်။

"ဟော့ စောစောက ယူ့ကိုလိုက်ပို့တာ ဘယ်သူလဲ"

အရေးထဲ အတန်းဖော်တစ်ယောက်နှင့်တွေ့ကာ မေးနေတာကြောင့် စိတ်မပါစွာ ပြန်ဖြေလိုက်၏။

"တို့ အမျိုးသား"

"အို... ထား အမျိုးသားက ခန့်ချောကြီးပါလား၊ တို့နဲ့လဲ မိတ်ဆက်ပေးပါဦး"

"အင်း၊ နောက်ကြုံတော့ မိတ်ဆက်ပေးမှာပေါ့"

ထား ပြောရင်း ကျောခိုင်းလျှောက်ခဲ့သည်။ ထား နားထဲမှာတော့ ဦးဘလှသန်းတင် ကို ခန့်ချောကြီးဟူသောစကား [illegible]ားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဦးဘလှသန်းတင် ၏ အသက်အရွယ်နှင့် ခန့်ညားမှု၊ ပစ္စည်းဥစ္စာပြည့်စုံမှုတို့က မိန်းကလေးများအတွက် စိတ်ဝင်စားစရာပင်။ သို့သော် ထိုအထဲမှာ ထား မပါ။

နေ့ခင်းဘက်ကြတော့ သူငယ်ချင်းနှင့် ဗိုလ်ချုပ်ဈေးဘက်ထွက်ခဲ့၏။ ကလပ်စ်နှစ်ချိန်မရှိတာကြောင့် အချိန်ဖြုန်းဖို့ပါ။

"ဟင်..."

"ဘာလဲ ထား"

ဗိုလ်ချုပ်ဈေးရောက်ဖို့ လမ်းမကိုဖြတ်ဖို့ မီးပွိုင့်စောင့်နေစဉ် ဦးဘလှသန်းတင် ၏ ကားကိုတွေ့လိုက်ရသည်။ ကားပေါ်မှာ ချောမော၍ ခေတ်မီလှသော အမျိုးသမီးတစ်ယောက်၊ ဦးဘလှသန်းတင် က ထား ကို မမြင်ဘဲ ထိုအမျိုးသမီးနှင့် ရယ်မောကာ စကားပြောရင်း ကားမောင်းသွား၏။

သူငယ်ချင်းအမေးကို ထား ခေါင်းခါယမ်းလိုက်သည်။ ဗိုလ်ချုပ်ဈေးရောက်ပေမဲ့ ထား ဘာကိုမှစိတ်မဝင်စား။ ဦးဘလှသန်းတင်တို့ပုံရိပ်ကိုသာ မြင်နေသည်။

ထိုနေ့က သူ့ကိုမစောင့်ဘဲ ထား အိမ်ပြန်ခဲ့၏။

"ဟင်... ထား ကို မောင်ဘလှသန်းတင် လာမကြိုဘူးလား"

တစ်ယောက်တည်းပြန်လာသော ထား ကို ကြီးမြမေး၏။

"ထား ကလပ်စ်စောပြီးလို့ပါ"





"ဩော်"

ထား အခန်းထဲဝင်ကာ ခုတင်ပေါ်လှဲရင်း ဦးဘလှသန်းတင်အကြောင်းများ တွေးနေမိ၏။

ခဏကြာတော့ တံခါးဖွင့်သံနှင့်အတူ သူဝင်လာသည်။

"ထား နေမကောင်းဘူးလား၊ ဘာဖြစ်လို့ အစ်ကိုကြီးကို မစောင့်တာလဲ"

တွေ့လိုက်လျှင် ထား အပေါ် သူ့အပြင်ဂရုစိုက်တာမရှိ။ သူက လက်ထဲမှစီးကရက်ကို ပြတင်းပေါက်မှတောက်ထုတ်ကာ ထား ဘေးလာထိုင်၏။ ထား သူ့ကို ခပ်စူးစူးကြည့်လိုက်သည်။

"ရှင့်ကား မစီးချင်လို့"

"ဘာ... ဘာပြောတယ် ထား"

ထား လှဲနေရာမှ ဆတ်ခနဲထထိုင်လိုက်တာကြောင့် သူနှင့် မျက်နှာချင်း ဆိုင်သွား၏။

"ဟင်း... မိန်းမတကာတင်စီးနေတဲ့ကားကို ကျွန်မ မစီးနိုင်တာ မဆန်းပါဘူးနော်"

နှုတ်ခမ်းလေးမဲ့ကာ ထား အပြောကြောင့် သူ မျက်ခုံးများ တွန့်ခနဲဖြစ်လျက် ထား ကို နားမလည်စွာကြည့်သည်။

"ထား ဘာကိုဆိုလိုတာလဲ"

"အို ခုမှ မသိချင်ယောင်ဆောင်မနေပါနဲ့၊ နေ့လယ်က ရှင့်



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကို သယ်သူတင်စီးလဲ"

သူ မျက်မှောင်တွန့်ခနဲဖြင့် စဉ်းစားဟန်ပြုပြီးမှ–

"မာလာလေ၊ မာလာဆိုတာ ကျုပ်မိတ်ဆွေ၊ သူနဲ့ အလုပ်ကိစ္စရှိလို့ အတူသွားကြတာ"

"ဩော် ရှင့်မိတ်ဆွေကမိန်းမကိုး၊ အလုပ်ကိစ္စ သိပ်စိတ်ဝင်စားနေလို့ထင်ပါရဲ့၊ ရပ်နေတဲ့ ကိုယ့်မိန်းမတောင် မမြင်နိုင်တာ"

ထား တည့်တည့်ပြောမှ သူသဘောပေါက်တော့၏။ ထား သူ့အပေါ် ဝန်တိုနေတာပါလား။ ဒီလို သဝန်တိုတာ ချစ်လို့လားဟု မေးလျှင် ထား ဘယ်တော့မှမဖြေ။

"ဆောရီးကွယ်၊ ထား ကို ကျုပ်မတွေ့လိုက်မိဘူး"

"ဘယ်တွေ့မှာလဲ၊ ရှင်က အဲဒီအမျိုးသမီးနဲ့ အကြည်စိုက်နေတာကိုး"

"ထား အစ်ကိုကြီးကို ဒီလိုမပြောနဲ့၊ အစ်ကိုကြီးဟာ ထား နဲ့ လက်မထပ်ခင်အချိန်ထိ ပွေ့ချင်ပွေ့၊ ရှုပ်ကောင်းရှုပ်မိလိမ့်မယ်၊ ဒါပေမဲ့ ထား နဲ့လက်ထပ်ပြီးချိန်ကစပြီး အစ်ကိုကြီးရင်ထဲမှာ ထား ကလွဲပြီး ဘယ်သူမှမရှိဘူး"

ထား ၏ လက်မောင်းသားပြည့်ပြည့်လေးနှစ်ဖက်ကို တင်းကျပ်စွာဆုပ်ကိုင်ကာ သူပြောသည်။

ထိုနောက် ထား ကိုယ်လေးကို တင်းကျပ်စွာပွေ့ဖက်ကာ





မျက်နှာလေးကို တစ်ရှိုက်မက်မက်နမ်းလိုက်ရင်း–

"ထား ထား ရယ်၊ မင်း ကျုပ်အပေါ် သဝန်တိုနေတာလား၊ အဲဒီအတွက် အစ်ကိုကြီး ဝမ်းသာရမှာလား"

သည်လိုဆိုတော့ ထား နှုတ်ဆိတ်နေပြန်၏။ သူ့ကို ဘာကြောင့် သဝန်တိုမိမှန်း ထား မစဉ်းစားချင်တော့။

ထို့ကြောင့် သူ့ရင်ခွင်မှ ရုန်းထွက်လိုက်၏။

"ထား ရေချိုးတော့မယ်"

ရေချိုးခန်းထဲဝင်သွားသော ထား နောက်ကျောပြင်လေးကြည့်ကာ သူ သက်ပြင်းတစ်ချက်ချလိုက်မိတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဒေါက်တာ"

"ထားပါလား"

မမျှော်လင့်ဘဲ ဒီနေ့မှ သူနှင့်အတူ မြို့ထဲထွက်လာသော ထား တို့မှာ ဒေါက်တာမိုးမြတ် နှင့်တွေ့တာကြောင့် မျက်နှာချင်းဆိုင်မိသွား၏။

"ထား နေကောင်းတယ်နော်"

မိတ်ဆွေတစ်ယောက်နှင့်စကားပြောနေသော ဦးဘလှသန်းတင် က သူတို့ကို ရုတ်တရက်မမြင်။

"ထား တစ်ယောက်တည်းလား"

"ဟင့်အင်း၊ ဟိုမှာ သူပါတယ်"

"ဩော်"

သည်တော့မှ ဒေါက်တာမိုးမြတ် ဦးဘလှသန်းတင် ကိုမြင်တော့၏။ ဦးဘလှသန်းတင် ကလည်း မြင်သွားပုံပင်။





"ဟော ဒေါက်တာပါလား၊ ဘယ်လိုလဲ ဒေါက်တာ တစ်ယောက်တည်းလား"

"ဦးဘလှသန်းတင် က ကျွန်တော့်ကို ဘယ်နှစ်ယောက်မြင်ဖူးလို့လဲ"

"ကဲ ကဲ၊ ဒါဆို ကျုပ်တို့မိတ်ဆွေ ဒေါက်တာကြီးအတွက် ထားရေ အဖော်လေး ဘာလေး ရှာပေးပါဦး"

"အို... အစ်ကိုကြီးကလဲ"

ထား က ဒေါက်တာကို အားနာသွားသည်။ ဒေါက်တာမိုးမြတ် နှုတ်ခမ်းတွန့်ပြုံးကာ–

"မလိုပါဘူးလေ၊ ရင်ထဲကမေတ္တာမပါဘဲ အဖော်ရရင်ပြီးရော ဆိုတဲ့ အစားထဲမှာ ကျွန်တော်မပါဘူး ဦးဘလှသန်းတင်၊ ဘဝရဲ့ လက်တွဲဖော်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် အပေးအယူတည့်မှ ဗျ"

ထိုစကားကြောင့် ဦးဘလှသန်းတင် မျက်နှာမည်းခနဲဖြစ်သွား၏။ ဒါ သူ့ကိုပြောလိုက်တာပဲ။ ထား ကို လက်ထပ်ပေမဲ့ ထား အချစ်ကို သူခုထိမရသေး။

"ဘာပဲဖြစ်ဖြစ်လေ၊ လောကမှာ ကိုယ်လိုချင်တာရဖို့က အဓိကမဟုတ်လား...

"ကဲပါလေ၊ ဒေါက်တာ့ကို ကျုပ်တို့နဲ့အတူ မုန့်တစ်စာ စားဖို့



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ခေါ်ပါတယ်"

"ကျေးဇူးပဲ ဦးဘလှသန်းတင်၊ ကျွန်တော် ဂျူတီဝင်ရဦးမှာမို့ နောက်ကြုံမှပဲ. . .

"ကဲ ထား ကိုယ့်ကိုခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ဒေါက်တာမိုးမြတ် ထွက်သွားတာနှင့် ဦးဘလှသန်းတင် ၏ မျက်နှာကြီး တည်သွားသည်။ ထား ကိုလည်း မယုံသင်္ကာစိတ်ဖြင့် ကြည့်ကာ–

"ဒါ မင်းတို့ တမင်ချိန်းထားတာတော့ မဟုတ်ပါဘူးနော်"

"ဘာပြောတယ် အစ်ကိုကြီး"

ထား ကလည်း မဟုတ်တာစွပ်စွဲခံရတာကြောင့် ဒေါသကြောင့် ဖြူနုသောမျက်နှာလေး နီမြန်းသွား၏။

"ဟင်း ဒီမှာမင်းရှိနေရင် ဒီလိုပဲတွေ့နေကြတာမို့လား"

"အစ်ကိုကြီးနော်၊ ထား ကို လာမစွပ်စွဲနဲ့၊ ဒါ တမင်တိုက်ဆိုင်တာ"

"ဘယ်လိုပဲဖြစ်ဖြစ် ဒေါက်တာက မင်းနဲ့ပတ်သက်ဖူးလို့သာ ကျုပ်အပေါ် အမြင်စောင်းနေတာပေါ့"

"အို ဒါ သူ့ဘက်ကတစ်ဖက်သတ်ပဲ၊ ထား သူ့ကို ပြန်မချစ်ခဲ့ဘူး"





"ကျုပ် မယုံဘူး၊ မင်းမျက်လုံးတွေက သူနဲ့တွေ့ရင် အမြဲ အရောင်ပြောင်းတယ်"

ခက်ပါလား။ အပျိုဘဝတုန်းကတော့ သူမ ဒေါက်တာအပေါ် စိတ်လှုပ်ရှားကောင်း လှုပ်ရှားမည်။ ဒါပေမဲ့ ယခုချိန်မှာ ထား ဟာ အိမ်ထောင်သည်တစ်ယောက်ဖြစ်တယ်ဆိုတာ ဘယ်တော့မှမမေ့။

"အိမ်ပြန်မယ်"

သူက ကားကို ဒေါသတကြီးမောင်းထွက်၏။ ထား လည်း မတား။ မျက်ဝန်းများပိတ်ကာ ပါလာသည်။ ဒေါက်တာမိုးမြတ်နှင့် တွေ့လိုက်တာကြောင့် မနက်စာ စားဖို့အစီအစဉ် ပျက်သွား၏။

"ဟဲ့ ထား တို့ပြန်လာတာမြန်လှချည်လား၊ အတော်ပဲ ကြီးမြ လဲ ဟိုဘက်ခန်းကို သတင်းသွားမေးစရာရှိတာနဲ့"

ကြီးမြ ထွက်သွားတာနှင့် နှစ်ယောက်သား မျိုသိပ်ထားမှု ပေါက်ကွဲတော့၏။

"မင်းပြောလိုက်ရင် ဒေါက်တာမိုးမြတ်နဲ့ ဘယ်လိုမှ မပတ်သက် ပါဘူးနဲ့ ခုဘယ်လိုဖြစ်တာလဲ"

အဝတ်အစားလဲပြီး ခုတင်ပေါ်လှဲနေသော ထား ကို အလကား နေ သူရန်လုပ်မိ၏။ ထား သည်းမခံနိုင်တာကြောင့် မျက်ဝန်းများ ဝွင့်လာ၏။

"ရှင့်ကို ကျွန်မဘယ်နှစ်ကြိမ် ပြောရမှာလဲဟင်၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှားတာ ပဲ၊ အစကတည်းက ဒေါက်တာမိုးမြတ် အချစ်ကိုလက်ခံ မိရင် ခုလိုခံစားရမှာ မဟုတ်ဘူး"

"ဟင် မင်း မင်း ကဲကွာ"

"ဖျန်း"

"အမေ့"

ဦးဘလှသန်းတင် ရိုက်ချက်ကြောင့် ထား ကြမ်းပြင်ပေါ်သို့ ပုံခနဲလဲကျသွား၏။

ဦးဘလှသန်းတင် က သူမကို စိုက်ကြည့်နေသည်။ ထား သည် နာကျင်သွားသောပါးပြင်ကို လက်တစ်ဖက်ဖြင့် အုပ်ကိုင်လျက် သူ့ ကို နာကြည်းစွာမော့ကြည့်မိသည်။

ထား ၏မျက်ဝန်းများကို မြင်ရတော့ သူထိတ်လန့်သွား၏၊

"ထား ထား"

သူ ဒူးထောက်ကာ ထားနား ထိုင်ချလိုက်သည်။ ထိုနောက် ထား ကိုယ်လေးကို ပွေ့မည်အပြု ထား ဆတ်ခနဲရှောင်ဖယ်လိုက်၏၊

"ရှင့်ကို မုန်းတယ်၊ ရှင့်ကို မုန်းတယ်"

ထား သည် နေရာမှဆတ်ခနဲထကာ အခန်းထဲပြေးဝင်လျက် တံခါးကို ချက်ချလိုက်တော့သည်။

"ထား ထား"

ထား က ပြန်မထူးဘဲ တံခါးမှာကျောပြင်ရပ်လျက် ပါးပြင်





ပေါ်သို့ မျက်ရည်များ အဆက်မပြတ်စီးကျလာတော့၏။

ပါးစပ်ကပြောတော့ ထား အပေါ် ချစ်လှပါရဲ့ဆိုတဲ့လူ လက် တွေ့မှာတော့ ထား အပေါ် ရက်စက်တဲ့ယောကျ်ား။

"မုန်းတယ် မုန်းတယ်"

အခန်းထဲမှ ရှိုက်သံသဲ့သဲ့ကြားတော့ သူကိုယ့်လက်ကို ပြန်ကြည့် ၏။

ထား ထား သူသိပ်ချစ်တဲ့ ထား ကို ဘာကြောင့်ရိုက်မိတာလဲ။

"ကဲကွာ၊ ဒီလက် ဒီလက် ရိုက်ဦး"

"ခွမ်း"

အပြင်ဘက်မှာ တစ်စုံတစ်ရာပေါက်ကွဲသံကြားပေမဲ့ ထား က်မကြည့်မိ။

"အို မောင်ဘလှသန်းတင် လက်မှာသွေးတွေနဲ့၊ မုန်တွေလဲ လို့ ဘယ်လိုဖြစ်တာလဲ၊ ထား ထားကော"

တစ်ဖက်ခန်းမှ ပြန်လာသော ကြီးမြက ဦးဘလှသန်းတင် ကို ည့်ကာ ထိတ်လန့်တကြားပြော၏။

"ထား အခန်းထဲမှာရှိတယ် ဒေါ်ဒေါ်မြ၊ ထား ကိုကြည့်ထား ပ်ပါ"

ထိုနောက် သူ ကားဖြင့် အပြင်သို့ထွက်ခဲ့သည်။ ထား တ က်ကတော့ အခန်းထဲမှာ တစ်ယောက်တည်း ဝမ်းနည်းဖို့ရှိက်



www.burmeseclassic.com

www.burmeseclassic.com



မိတော့၏။ သူပြန်လာတော့ ထား တံခါးမဖွင့်ပေး။

"ထား ထား အစ်ကိုကြီးကို တံခါးဖွင့်ပေးပါဦး"

ကြီးမြကတော့ သူတို့အဖြစ်ကို မသိချင်ယောင်ဆောင်က

ကိုယ့်အခန်းထဲမှာပဲ ကိုယ်အိပ်နေလိုက်၏။

ခပ်တိုးတိုးခေါ်သံနှင့် တံခါးခေါက်သံကြားပေမဲ့ ထား မကြား

ချင်ယောင်ဆောင်နေလိုက်၏။ သည်နေ့တော့ ထား သူ့ကို ဘယ်လို

တံခါးမဖွင့်ပေးတော့ဘူးဆိုတာ ဦးဘလှသန်းတင် သိလိုက်သည်

ထို့ကြောင့် သက်ပြင်းတစ်ချက်ချကာ–

"ထား ရယ်၊ ထား ကိုရိုက်မိတဲ့ အစ်ကိုကြီးကို ခွင့်လွှတ်ပ

ထား ကိုရိုက်မိတဲ့ အစ်ကိုကြီးလက်ကိုလဲ အပြစ်ပေးထားပါပြီ၊ ထ

ကျေနပ်ပါတော့ကွယ်"

အိပ်မပျော်သေးသော ထား မှာ သူပြောသမျှ မကြားချင်တာ

နားအစုံကို လက်နှစ်ဖက်ဖြင့် ပိတ်ထားလိုက်၏။

ထား ကိုရိုက်မိတဲ့အတွက် ကိုယ့်ကိုယ်ကို အပြစ်ပေးလိုက်သ

တဲ့။

သူ ဘာကိုဆိုလိုတာလဲ။

ထား မှာ အသားနာကျင်တာထက် သူ့အပေါ် ချစ်လှပါရည်

တဖွဖွဆိုသော သူက ခုလိုရိုက်တာကို ပို၍အသည်းနာရ၏။

ခဏကြာတော့ သူ အသံပျောက်သွားသည်။ ထား ကို





မနှောင့်ယှက်တာမို့ စိတ်ချမ်းသာသွားရသည်။

သူ ဘယ်မှာအိပ်မလဲ။ အိပ်ခန်းဟူ၍ နှစ်ခန်းသာပါတာမို့ သူ့အတွက်ပူပန်စိတ်က ဘာကြောင့် လှစ်ခနဲပေါ်လာတာလဲ။ သူ့ ဘာသာ ဘယ်မှာအိပ် အိပ်ပေါ့။

သို့သော် မကြာခင်မှာ ကြီးမြ အသံပေါ်လာသည်။

"အို မောင်ဘလှသန်းတင်၊ ဘယ်နှယ့် အပြင်ဘက်ကြီးမှာ အိပ်နေရတာလဲ၊ ထား ထားရေ တံခါးဖွင့်စမ်း"

ကြီးမြကိုယ်တိုင် တံခါးဖွင့်ခိုင်းနေတာမို့ ထား မနေသာတော့ ပေ။ အိပ်ရာမှ ဖြည်းလေးစွာထကာ တံခါးဖွင့်ပေးလိုက်၏။

"ထား ရယ်၊ နေရာတကာ ကလေးမဆန်ချင်ပါနဲ့၊ အပြင်ဘက် မှာ ဒီလောက်ခြင်တွေကိုက်နေတာ၊ ကဲ ကဲ မောင်ဘလှသန်းတင် အထဲဝင်အိပ်"

ညနေကအဖြစ်ကို ဘာမှမသိသော ကြီးမြကတော့ ထား ကို သာ အပြစ်တင်နေ၏။ ထား ကလည်း ကြီးမြ စိတ်ဆင်းရဲမည်စိုး၍ ဘာမှမရှင်းပြမိ။ ဦးဘလှသန်းတင် က ထား ကို ခွင့်တောင်းသလို တစ်ချက်ကြည့်ပြီး အခန်းထဲဝင်လာသည်။

သူ့လက်မှာ ပတ်တီးစည်းထားတာ ထား မြင်လိုက်၏။

"ထား အစ်ကိုကြီးကို သိပ်စိတ်ဆိုးနေလားကွယ်"

သူ့ကို ကျောခိုင်းထားသော ထား ပခုံးလေးကို ဆွဲလှည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



မေးသည်။ ထားဘာမှမပြောဘဲ မျက်လွှာလေးချကာ ခပ်တောင့်တောင့်လေး ရပ်နေ၏။

"ကျုပ်အပြုအမူဟာ ထား အပေါ်လွန်သွားတယ်ဆိုတာ သိပါတယ်. . .

"ဒါပေမဲ့ ထား နဲ့ပတ်သက်ပြီး ကျုပ်မှာ ခံနိုင်ရည်မရှိဘူး၊ ကျုပ် ထား ကို လက်လွှတ်လိုက်ရမှာ သိပ်စိုးရိမ်တယ်. . .

"ဟောဒီမှာကြည့်ပါဦး ထား၊ ထား ကိုရိုက်မိတဲ့လက်ကို အပြစ်ပေးလိုက်တာလေ"

ပတ်တီးစည်းထားသောလက်ကို သူပြ၏။ သွေးစတို့ မခြောက်သေးသော သူ့လက်ကိုကြည့်ကာ ထား ခေါင်းထဲ မိုက်ခနဲဖြစ်သွားရသည်။

"ထား"

သူက သူမကိုယ်လေးကို အမြန်ဆွဲထိန်းလိုက်၏။ ထား က သူ့လက်များကိုပုတ်ချကာ ခုတင်ပေါ်မှာ ဖြည်းညှင်းစွာ ဝင်ထိုင်လိုက်သည်။

"ထား အိပ်တော့နော်၊ အစ်ကိုကြီး ထား ကိုအနှောင့်အယှက် မပေးပါဘူး"

ထား ဘာမှမပြောဘဲ သူ့ကိုကျောခိုင်းကာ ခုတင်ပေါ်လှဲလိုက်၏။ ထိုညက သူ့ကတိအတိုင်း ထား ကို ဘာအနှောင့်အယှက်မှ





မပေး။ ကျောခိုင်းအိပ်နေသော ထား ကိုကြည့်ကာ ဦးဘလှသန်းတင် မကြာခဏ သက်ပြင်းချမိတော့သည်။

ပြော်မိန်းမတစ်ယောက်ကိုချစ်ရလို့ သူ့ဘဝမှာ ဘယ်တုန်းကမှ ဒီလောက်ရင်မောရလိမ့်မည်ဟု မထင်ခဲ့ပါလား။

* * *

www.burmeseclassic.com

"အစ်ကိုကြီး ပြန်တော့မယ်"

"ဟင် ဘယ်လိုဖြစ်တာလဲ မောင်ဘလှသန်းတင်၊ အရင်ကတော့ ဟိုမှာအလုပ်မရှိလို့ ဒီမှာကြာကြာနေမယ်ဆို. . .

"ထား စာမေးပွဲပြီးမှ အတူပြန်မယ်လို့ ပြောခဲ့တယ် မဟုတ်လား"

ထား ကိုကြည့်လိုက်တော့ ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ထိုင်နေ၏။ ဒေါ်စောမြမှာ မနေသာဘဲ ကြားကမေးလိုက်ခြင်း ဖြစ်သည်။

ဦးဘလှသန်းတင် က ပင့်သက်တစ်ချက်ကို ကျိတ်ချလျက် ထား ကို စူးစူးစိုက်စိုက်ကြည့်သည်။

"အစတုန်းကတော့ ဟုတ်ပါတယ် ဒေါ်ဒေါ်မြ၊ ဒါပေမဲ့ ခုတော့ ကျွန်တော်ရှိနေရင် ထား စိတ်အနှောင့်အယှက်ဖြစ်နေပါ့မယ်"

"အို မဟုတ်တာ၊ ထား က ဘာကြောင့် အနှောင့်အယှက် ဖြစ်ရမှာလဲ"





ကြီးမြက ပြောရင်း တူမဖြစ်သူကို အားမလိုအားမရစွာကြည့်၏။ တကယ်ဆို ဦးဘလှသန်းတင်လို လူတစ်ယောက်အနေဖြင့် ထား အပေါ် အဘက်ဘက်ပြည့်စုံသည်ထက် ပိုကဲကာ ထားသလို ဂရုစိုက်တာ၊ ကြင်နာမှုရှိတာတွေက ပိုလွန်း၏။ ဒေါ်စောမြမှာ တူမဖြစ်သူ ဒီလို စိတ်အေးချမ်းသာစွာနေရတာကို ဝိတ်ဖြစ်ကာ ဦးဘလှသန်းတင်ကို ကျေးဇူးတင်မိသည်သာ။

သူ့ဘက်ကကောင်းသလို ထား ဘက်မှလည်း ပြန်လည်ကောင်းစေချင်၊ ဂရုစိုက်စေချင်သည်။ တကယ်တော့ လောကမှာ အချစ်ဆိုတာ တစ်ခုတည်းနဲ့မပြည့်စုံဆိုတာ ငယ်ရွယ်သေးသော ထား သိနားလည်ပုံ မရ။

ထား က ပင့်သက်လေးရှိုက်ကာ ဦးဘလှသန်းတင် ကိုကြည့်၏။ ရိုဝေသော သူ့မျက်လုံးများနှင့်ဆုံတော့ ထား မျက်လွှာလေးချမိသည်။ သူဟာ ထား လက်ထပ်ခဲ့သော ခင်ပွန်းဖြစ်နေပြီမို့ ဒီတစ်သက် သူ့ကိုသာလျှင် ထား အားကိုးတွယ်တာရမည် မဟုတ်လား။ ထို့ကြောင့်

"ထား အတွက်ကြောင့်ဆိုရင်တော့ မပြန်ပါနဲ့ရှင်"

"ဘာပြောလိုက်တယ် ထား"

ထား နှုတ်ဖျားမှ သူ့ကို ဒီလိုတားဆီးတာ မယုံနိုင်သလိုဖြစ်သွားရ၏။ ထား သည် သူ့ကို အကြီးအကျယ် စိတ်ကောက်နေတယ်ဟုသာ များလည်ထားခဲ့သည်။ ယခုတော့ ထား က မပြန်ပါနှင့်တဲ့။

www.burmeseclassic.com



"ထား"

သူက သူမလက်လေးတစ်ဖက်ကို ဆွဲညှစ်ဆုပ်ကိုင်လိုက်၏။ ပြေလည်မှုရရှိသွားသော သူတို့လင်မယားကိုကြည့်ကာ ဒေါ်စော ပြုံးပြုံးကြီးလုပ်၍ အနားမှထွက်သွားသည်။

"ထား ထား အစ်ကိုကြီးကို စိတ်မဆိုးတော့ဘူးပေါ့နော်"

ထား နှုတ်ခမ်းလေးဖိကိုက်ကာ ငြိမ်နေသည်။ ထိုအပြုအမူ ကြောင့် သူရင်ထဲနာသွားရ၏။

"ထား ရယ်၊ ထား ခွင့်မလွှတ်နိုင်မှန်း အစ်ကိုကြီး သိပါတယ်။ ထား ကိုရိုက်မိတဲ့ ဟောဒီလက်ကိုလည်း အစ်ကိုကြီး ခွင့်မလွှတ်နိုင်ဘူး ကွဲ"

"အို အစ်ကိုကြီး"

နံရံကို လက်နှင့်လွှဲရိုက်ရန် ရွယ်လိုက်သောသူ့ကို ထား အမြန်ဆွဲလိုက်သည်။

"ဖယ်ပါ ထား၊ ထား အသားကိုနာအောင်လုပ်တဲ့ အစ်ကိုကြီး ဟာ ဒီထက်မက နာသင့်ပါတယ်"

"တော်ပါ အစ်ကိုကြီးရယ်၊ ဒီလိုလုပ်တာ ဘာမှအဓိပ္ပာယ်မရှိပါ ဘူး"

သူက ထား မျက်နှာကိုစိုက်ကြည့်၏။

"ဒါဆို အစ်ကိုကြီးကို ထား ခွင့်လွှတ်ရဲ့လား"





ထား က သူ့မျက်ဝန်းကို ဆုံကြည့်သည်။ ထိုနောက် ဖြည်း လေးစွာ ခေါင်းညိတ်ပြ၏။

"ထား ထားရယ်"

သူ ထား ကိုယ်လေးကို တင်းတင်းဖက်ကာ ထား ပခုံးပေါ် မျက်နှာအပ်လိုက်သည်။

"အစ်ကိုကြီးဘဝမှာ ထား ဟာအချစ်ဆုံးပါ၊ အစ်ကိုကြီးဟာ မိန်းမတစ်ယောက်ကို ဒီလောက် ရူးရူးမူးမူးချစ်သွားလိမ့်မယ်လို့ ဘယ်တုန်းက မမျှော်လင့်ခဲ့ဘူး၊ ထား နဲ့ကျမှ အစ်ကိုကြီးရဲ့ မာ ကျောလှတဲ့နှလုံးသားတွေက ပျော့ပျောင်းနူးညံ့ခဲ့ရတာပါကွယ်"

သူပြောသမျှ ထား က ငြိမ်သက်စွာနားထောင်နေ၏။ ထား ဘဝမှာ အချစ်ဆိုတာ ဘယ်လိုအရာမျိုးလဲဟု ပြန်လည်စဉ်းစားရမည်။

"ဒီမှာကြည့်ပါဦး ထား ရယ်၊ မနေ့က အစ်ကိုကြီး လက်ကို အပြစ်ပေးတာလေ"

ဒဏ်ရာရထားသော သူ့လက်ကို ပြ၏။

"ဘာဖြစ်လို့ အဲဒီလို အဓိပ္ပာယ်မရှိတာတွေ လုပ်တာလဲ"

ထား က သူ့လက်ကို ဖွဖွဆုပ်ကိုင်ကာ မေးသည်။ သူပြုံးသည်။ သို့သော် ထိုအပြုံးက မချိပြုံးဖြစ်၏။

"အစ်ကိုကြီး အသက်လောက်ချစ်တဲ့ ထား ကို ရိုက်မိခဲ့တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ အစ်ကိုကြီး၊ ဒီစကား နောက်တစ်ခါမပြောနဲ့တော့ ထား မေ့ပစ်လိုက်ပြီ"

ထား က သူ့ပါးစပ်ကို လက်ဖဝါးနုနုဖြင့် ပိတ်၏။ ထား ၏ သဘောထားကြီးမှုကိုတွေ့ရတော့ သူနောင်တရသွားသည်။ တကယ်ဆို ထား ကို သူဒီလို ကြမ်းတမ်းစွာ မဆက်ဆံသင့်ပေ။

သို့သော် ဒေါက်တာမိုးမြတ် နှင့်ပတ်သက်လာလျှင် ထား အပေါ် သူ၏ဝန်တိုစိတ်တွေက တားမရ။ ဒါ ထား ကိုသိပ်ချစ်လို့ဟု သူ့ကိုယ်သူ ယုံကြည်ထား၏။

"ထား ဒီနေ့ကျောင်းသွားမှာလား"

"မသွားဘူး၊ စာမေးပွဲနီးလို့ လက်ချာချိန်တွေ မရှိတော့ဘူး၊ ပရက်တီကယ်လောက်ပဲ သွားမယ်"

"ဟုတ်တယ်နော်၊ ထား တို့စာမေးပွဲတွေ နီးပြီ၊ စာမေးပွဲပြီးတာနဲ့ ကိုယ်တို့ပြန်ကြရအောင်နော် ထား"

ထား ခေါင်းညိတ်လိုက်သည်။ မွေးရပ်မြေမှာ ဘယ်သူမှ မရှိတော့ပေမဲ့ မိဘနှစ်ပါး ခေါင်းချသွားရာအရပ်မို့ ထား မခွဲနိုင်ပါ။ ပြီးတော့ ထား ၏ဘဝကို ထိုမြို့လေးမှာပဲ မြှုပ်နှံရပါမည်။ ထား ၏ခင်ပွန်းက ထား ဘဝကို ပိုင်ဆိုင်နေပြီမဟုတ်လား။

* * *





ထား စာမေးပွဲရက်များတွင် ဦးဘလှသန်းတင် က ကားဖြင့် ကျောင်းကြို ကျောင်းပို့လုပ်ကာ အထူးဂရုစိုက်၏။ ထား စာကျက်နေချိန်များကအစ လက်ဖက်ရည်၊ ကော်ဖီ၊ လက်ဖက်သုပ် မပြတ်စေရ။

သူကိုယ်တိုင်လည်း ထား ကို စာဖတ်ရင်းစောင့်၏။ စာများနှင့် အလုပ်ရှုပ်နေသော ထား ကို ရေချိုးဖို့ကအစ သတိပေးသလို ထား အတွက် အဝတ်အစားကအစ သူကိုယ်တိုင်ရွေးချယ်ပေးသည်။

စာမေးပွဲခန်းထဲက ထွက်လာတိုင်း သူပြုံး၍–

"ထား ဖြေနိုင်တယ်မဟုတ်လား"ဟု မေးတတ်၏။ ထား ခေါင်းညိတ်ပြလျှင် သူ့မျက်နှာဝင်းလက်သွားကာ "ကိုယ့်ထားက အစကတည်းက တော်ပြီးသားပါ"ဟု သူ့ဘာသာပြောလေ့ရှိသည်။ စာမေးပွဲကာလများမှာ ထားနှင့်အတူ သူပင်ပန်းရသည်။

"အစ်ကိုကြီး ထား ကိုမစောင့်ဘဲ အိပ်ပါ"

"ဘယ်ဟုတ်မလဲ၊ ထား တစ်ယောက်တည်း အဖော်မရှိဘဲ စာကျက်ရတော့ အိပ်ချင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ယခုလိုကြတော့လည်း သူက စိတ်ရှည်အလိုလိုက်တတ်တာမို့ ထား ကျေးဇူးတင်ရပါ၏။ စာမေးပွဲပြီးချိန်မှာတော့ ထားနှင့်အတူ သူလွတ်လပ်ပေါ့ပါးစွာ ပျော်ရလေသည်။

"ကဲ ကဲ ဒီနေ့ညနေတော့ စာမေးပွဲပြီးတဲ့အထိမ်းအမှတ်နဲ့ ဟိုတယ်မှာ အစ်ကိုကြီးတို့မိသားစု ပျော်ပျော်ပါးပါးသွားစားစို့"

"ကောင်းတယ် အစ်ကိုကြီး"

ကြီးကြီးမြ ကိုပါခေါ်ကာ သူတို့ မြို့ထဲထွက်ခဲ့ကြသည်။ ညစာကို ပျော်ပျော်ပါးပါးစားကာ မြို့ထဲသို့ လေညှင်းခံရင်း ကားတစ်ပတ် ပတ်စီးကြ၏။ ယခုမှပဲ ထား၏ဦးနှောက်မှာ ကြည်လင်သွားလျက် လှပသောပတ်ဝန်းကျင်ကို သတိထားမိတော့သည်။

စတိုးဆိုင်ကြီးများသို့ဝင်ကာ လျှောက်ကြည့်ပြီး လိုချင်သော ပစ္စည်းတွေဝယ်၏။ ထား ဝယ်သမျှ အပြီးမပျက် ပိုက်ဆံရှင်းပေးတာက ဦးဘလှသန်းတင်။ သူ့ရှာထားသမျှ ထား အတွက်သာမို့ ထား ပျော်လျှင် သူပျော်သည်သာ။

"ထား ဟိုမှာကြည့်စမ်း"

"ဘာလဲ အစ်ကိုကြီး"

"ဟိုမှာလေ"

"အို..."

ဦးဘလှသန်းတင် က ဖြူဖြူကစ်ကစ်ကလေးပုံပေါ်ရှိလ်ကို





လက်ညှိုးထိုးပြတာကြောင့် ထား မျက်နှာလေး ပန်းနုရောင်သမ်းသွား၏။

"အဲဒီလိုသားလေးတစ်ယောက် အစ်ကိုကြီးလိုချင်တယ် ထား"

ထား က မသိချင်ယောင်ဆောင်ကာ သူ့အနားမှထွက်ခဲ့၏။ ဦးဘလှသန်းတင် ကလည်း မလျှော့ပါ။ ထိုပုံလေးကို ရအောင်ဝယ်လာခဲ့သည်။ အိမ်ရောက်လို့ ခဏနားပြီး အိပ်ရာအသီးသီးဝင်တော့ ဦးဘလှသန်းတင် က ထိုပုံလေးကို နံရံမှာသွားချိတ်ဆွဲလိုက်၏။

ကလေးငယ်က ရယ်ပြုံးကာ သူတို့ကိုကြည့်နေသည်။ ထားင် ထိုကလေးပုံကိုကြည့်ကာ စိတ်လှုပ်ရှားမိရ၏။

"ထား"

ဦးဘလှသန်းတင် က အဖြူရောင်ညဝတ်အင်္ကျီလှလှလေးဖြင့် ပိုကယိုနှင့် ချစ်စရာကောင်းနေသော ထား ကိုယ်လေးကို ရင်ခွင်ထဲ ယူကာ တင်းတင်းဖက်ရင်း ခေါ်သည်။

ထား က မျက်တောင်ကော့များပင့်ကြည့်တော့ သူနှင့် အကြည့်င်းဆုံ၏။

"ထား ကော သားလေးတစ်ယောက်လောက် မလိုချင်ဘူးလား င်"

"အို... မသိဘူး"

ထား မျက်နှာလေးနီသွားလျက် သူ့ရင်ခွင်တွင် ပုန်းသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ထား ကျောပြင်လေးကို ဖွဖွပွတ်သပ်၏။

"ထားရယ်၊ ဒါရှက်စရာမှ မဟုတ်တာ၊ ထားသာ ကို့အတွက် သားလေးတစ်ယောက်မွေးပေးမယ်ဆိုရင်လေ ကို့လောက် ဝမ်းသာတဲ့လူ ကမ္ဘာမှာရှိမှာမဟုတ်ဘူး"

သူ့အသံက လေးနက်တောင့်တလွန်းလှတာကို ထား သတိပြုမိ၏။

"ဟင် ထား၊ ကိုယ့်အတွက် သားလေးတစ်ယောက်လောက် မွေးပေးပါလားကွယ်"

ထား မျက်နှာကို ဖွဖွရှိုက်နမ်းလျက် သူပြော၏။ ထားက မျက်ဝန်းလေးတွေမှိတ်ကာ–

"ဟင့်အင်း၊ ထား အိပ်ချင်တယ်"

သူ သက်ပြင်းရှိုက်လိုက်သည်။ စာမေးပွဲကာလမှာ အိပ်ရေးပျက်ခဲ့သော ထားကို သူအနှောင့်အယှက်မပေးလိုတာကြောင့် ဘာမှဆက်မပြောတော့။

"အင်း၊ ထား အိပ်တော့နော်"

သူပြောရင်း အခန်းမီးကို ဖျတ်ခနဲဆွဲပိတ်လိုက်တော့သည်။ မကြာခင် ထားကော သူပါ အိပ်ပျော်သွားတော့၏။ စာမေးပွဲဖြေတုန်းက ထား ပင်ပန်းသလို သူလည်းပင်ပန်းခဲ့တာ မဟုတ်လား။

ဘယ်လောက်ထိ သူတို့နှစ်ခြိုက်စွာအိပ်ပျော်သွားတယ် မသိ။





မနက်မိုးစင်စင်လင်းမှပင် အိပ်ရာကနိုးကြသည်။

သူတို့နိုးတော့ ကြီးမြက အထုပ်အပိုးတွေနှင့် အဆင်သင့်။

"တကတည်း လင်မယားနှစ်ယောက် အိပ်လိုက်ကြတာ နေကိုမြင့်တော့တာပဲ"

"အို ကြီးမြကလဲ၊ စာမေးပွဲရက်တွေတုန်းက ထားတို့ အိပ်ရေးပျက်ထားတာကိုး"

ထား မျက်နှာနီလေးဖြင့်ပြောတော့ သူပြုံးကာကြည့်မိသည်။ ထား သည် အိမ်ထောင်သည်တစ်ယောက်ဖြစ်ပေမဲ့ နေရာတကာမှာ အရှက်အကြောက်ကြီးသူပင်။

သည်နေ့ သူတို့အားလုံး ပြန်ကြမည်ဖြစ်၏။ အထုပ်အပိုးတွေကို မနေ့က အဆင်သင့်ပြင်ထားတာမို့ အသင့်ဖြစ်နေပြီ။

"ကဲ မင်းတို့နှစ်ယောက် ကော်ဖီသောက်လိုက်ဦး၊ ကြီးမြ အသင့်ဖျော်ထားတယ်"

"ဟုတ်ကဲ့"

သူတို့ ကော်ဖီသောက်ပြီးတာနှင့် တိုက်ခန်းတံခါးပိတ်ကာ ထွက်ခဲ့ကြ၏။

"ထားကော ထား သူငယ်ချင်းတွေ နှုတ်ဆက်ဦးမလား"

"ဟင့်အင်း"

ဦးဘလှသန်းတင်ကတော့ သူနှင့်အတူ ထား ပြန်လိုက်ပါလာ



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် အထူးပျော်နေ၏။ သူ့အနားက ထားကို ဘယ်မှခွဲသွားစရာ မလိုတော့။

သူပျော်နေသလောက် ထားက ငြိမ်နေရှာမို့ ဒေါက်တာမိုးမြတ်ကိုများ သတိရနေလားဟု သံသယဖြစ်မိရ၏။

"ထား ငြိမ်လှချည်လား"

ထားက သူ့ကို ချွေးမြည့်သောမျက်လုံးတွေဖြင့် ကြည့်သည်။

"ဒက်ဒီတို့ကို သတိရလို့ပါ"

"ဪ ထားရယ်"

သည်လိုကြတော့လည်း ထားကို သူသနားသွားရ၏။ မိဘမဲ့သော ထား တစ်ကောင်ကြွက် ထားကို သူပိုသနား၍ချစ်ရပါသည်။ ထို့ကြောင့် ထား လက်လေးကို ဖွဖွဆုပ်ယူလိုက်၏။

"အားမငယ်ပါနဲ့ ထားရယ်၊ ထား ဘေးမှာ အစ်ကိုကြီး တစ်ယောက်လုံးရှိနေပါတယ်ကွယ်"

ထားက သူ့ပခုံးပေါ်မှီနွဲ့စွာ ခေါင်းတင်လာ၏။ ထိုအပြုအမူကပင် သူ့ရင်ကို အတိုင်းမသိကြည်နူးစေသည်။

ထား ထားရယ်။

ထား တစ်သက် ကိုနဲ့ဘယ်တော့မှ မခွဲလိုက်ပါနဲ့ ကလေးရယ်ဟု ရင်မှာကျိတ်ရေရွတ်နေတာကိုဖြင့် ထား ကြားမည်မဟုတ်ပါ။

* * *





ထားအတွက် ဇာတိမြို့လေးရောက်ချိန်၌ အံ့သြထူးဆန်းမှုများဖြင့် ကြိုရပါသည်။ ဒါကတော့ တခြားမဟုတ်ပါ။ ဒက်ဒီရှိစဉ်ကတည်းက မပြုမပြင်ဘဲထားခဲ့သော ထားတို့၏တိုက်ကြီးသည် ယခုတော့ အဖြူရောင်ကြွေပြားများကပ်လျက် အလှမီနီယံတံခါးများဖြင့် ပြင်ဆင်ထားသည်မှာ အလွန်ခေတ်မီလှပနေပါ၏။

ဦးဘလှသန်းတင်က ထားတို့ကား မြို့ထဲစဝင်လာစဉ်မှာပင် ထား ဘက်လှည့်ကြည့်ကာ ပြုံးသည်။

"ထားအတွက် အစ်ကိုကြီးလက်ဆောင်ကို ပြရဦးမယ်"

"ဘာများလဲ"

"ရောက်တော့ ထား သိမှာပေါ့"ဆိုလျက် ထားကို ခေါ်လာခြင်းဖြစ်သည်။ ထားသည် မြင်လိုက်ရသောမြင်ကွင်းကို အံ့သြမှင်သက်လျက် ကြည့်မိ၏။

"အို. . . ဒါ ထား ထားရဲ့တိုက်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အံ့ဩသလိုအမေးကို ဦးဘလှသန်းတင် ပြုံး၍ ခေါင်းညိတ်သည်။

"ဒါပေါ့ ထားရဲ့၊ ဒီတိုက်ကို ထား မြတ်နိုးမှန်းသိလို့ အစ်ကိုကြီး ပြန်ပြီး ပြင်ဆင်မွမ်းမံထားတာလေ၊ လာ အထဲသွားကြည့်ရအောင်"

သူက ထား ၏လက်လေးကို ဆွဲယူခေါ်ကာ တိုက်ထဲခေါ်ခဲ့သည်။ ပါကေးများ ပြောင်လက်နေသော ဧည့်ခန်းကျယ်ကြီးထဲတွင် နီညိုရောင် အီတလီကော်ဇောများခင်းထားလျက် အဖြူရောင် ရေမြှုပ်ဆိုဖာဆက်တီနှစ်စုံကို ချထားသည်။ အဖြူရောင် ပိုးသားလိုက်ကာရှည်ကြီးများပေါ်တွင် အပွင့်ကျဲကျဲပါသော ဇာခန်းဆီးရှည်ကြီးများက လေထဲမှာတလွင့်လွင့်ဖြင့် အခန်း၏ထောင့်တစ်နေရာမှာတော့ သစ်လွင်တောက်ပသော အနက်ရောင် မဟော်ဂနီဖြင့်ပြုလုပ်ထားသော စန္ဒရားတစ်လုံးကို တွေ့ရသည်။

အို... သူမ စန္ဒရားတီးတတ်တာ သူဘယ်လိုသိပါလိမ့်။

တစ်ခန်းလုံးကိုကြည့်ရင်း သူမသည် အိမ်အသစ်တစ်ခုသို့ ရောက်သွားသလို ခံစားရ၏။

ကြီးကြီးမြ ကိုယ်တိုင်လည်း အထူးအံ့ဩကာ ခမ်းနားသော အပြင်အဆင်များကို အံ့ဩနှစ်သက်နေပုံရ၏။

"ဘယ်လိုလဲ ထား၊ အစ်ကိုကြီး ပြင်ဆင်ထားတာတွေအတွက် ဘာလိုသေးလဲ၊ လိုတာရှိရင် ထား စိတ်တိုင်းကျထပ်ပြင်နော်"





သူမ ခေါင်းကို ညင်သာစွာခါယမ်းလိုက်၏။

"ဟင့်အင်း၊ အားလုံးပြည့်စုံနေတာပဲ၊ ဘာမှမလိုပါဘူး"

"လာ၊ ဒါဆို အစ်ကိုကြီးတို့ အပေါ်ထပ်တက်ကြည့်ရအောင်"

သူမလက်ကို မလွှတ်တမ်းဆွဲကာ အပေါ်ထပ်တက်ခဲ့၏။ အပေါ်ထပ်မှာလည်း အောက်ထပ်မှာအတိုင်း သားနားလှပနေသည်။ ဘုရားစင်မှာ ပန်းတွေကလည်း အဖြူရောင်သစ္စာပန်းများဖြင့် ဝေဝေဆာဆာရှိလှ၏။

"ဒါတွေ ဘယ်သူပြင်ဆင်ထားတာလဲ"

သည်လောက်ကောင်းမွန်သောလက်ရာများကို သူမ စိတ်မဝင်စားဘဲ မနေနိုင်တာမို့ မေးမိ၏။

"အစ်ကိုကြီး တစ်ပည့်တစ်ယောက်ကို ဖုန်းဆက်ပြီး ပြင်ခိုင်းထားတာလေ...

လာ အစ်ကိုကြီးတို့အခန်း သွားကြည့်ရအောင်"

ကျယ်ဝန်းလှသော သူမတို့အခန်းကြီးမှာ ကော်ဇောအပြည့်ခင်းထားလျက် ပန်းနုရောင်လွှမ်းနေသော နှစ်ယောက်အိပ်ခုတင်ကြီးက သခင်တွေကို ဆီးကြိုနေသည့်အလား။ စားပွဲပေါ်မှာ ပန်းနုရောင်နှင်းဆီပန်းအိုးကို တွေ့ရ၏။

"ထား"

သူ၏အသံမှာ တိုးလျကာ နူးညံ့နေသည်။ ထား မော့ကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရည်ရွှမ်းလက်နေသော သူ၏မျက်လုံးများကို တွေ့ရသည်။ သူက ထား လက်လေးနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်သည်။

"ထား ရယ်၊ မင်းကိုချစ်ရတာလေ အစ်ကိုကြီးအတွက် ပြောမပြ တတ်အောင်ပါပဲ"

သူ့အသံမှာ စိတ်လှုပ်ရှားမှုပါလျက် သူမမျက်နှာလေးကို ဆွဲယူကာ တစ်ရှိုက်မက်မက်နမ်း၏။

ထိုနောက် သူမတစ်ကိုယ်လုံးကို တင်းတင်းကျပ်ကျပ်ဖက်ကာ သူမကျောပြင်လေးကို ပွတ်သပ်ရင်း–

"ထား ခုချိန်ကစပြီး အစ်ကိုကြီးအနားက ဘယ်မှမသွားရတော့ဘူးနော် ဟုတ်လား"

ဟု ကတိတွေတောင်းနေပြန်၏။ သူ့ကြည့်ရတာ သူမြတ်နိုးသောအရုပ်လေး လက်ထဲပိုင်ပိုင်ပြန်ရ၍ ဝမ်းသာနေပုံပင်။ သူ့ခံစားချက်ကို သူမနားလည်ပါ၏။

"ထား က အစ်ကိုကြီးနေ်းပါ၊ အစ်ကိုကြီးရှိရာမှာ ထား ရှိနေမှာပါ"

"ထား ရယ်"

သူက သူမကိုယ်လေးကို မြှောက်ခနဲပွေ့ချီလိုက်တာကြောင့် မျက်ဝန်းများအသာမှိတ်လိုက်၏။ ထိုနောက် သူ ထား ကို ခုတင်ပေ ညင်သာစွာချပေးသည်။ ထား ကို လှဲလျောင်းစေပြီး သူက အပေါ်မှ





မျက်တောင်မခတ် အုပ်မိုးစိုက်ကြည့်၏။

"သိလား ထား၊ အရင်က အချစ်အကြောင်းပြောတဲ့လူတွေကို အစ်ကိုကြီးက အရူးတွေလို့ထင်ခဲ့မိတယ်၊ တကယ်တော့ ဒါဟာ အစ်ကိုကြီး ဝင်္ဂလည်တာပဲကွယ်၊ ထား နဲ့တွေ့တဲ့အခါမှာ အစ်ကိုကြီး စိတ်တွေ ဘယ်လိုမှထိန်းမရအောင် လှုပ်ရှားလာခဲ့ရတယ်၊ ထား ကို ချစ်တဲ့စိတ်ကြောင့် အစ်ကိုကြီးမှာ အိပ်ရေးပျက်တဲ့ညတွေများရတယ်၊ ပူပန်စိုးရိမ်စိတ်တွေက ရင်နဲ့အပြည့်ဖြစ်ခဲ့ရတယ်...

"ဒီတော့မှ အချစ်ဆိုတဲ့အရာဟာ တကယ်စွမ်းအားကြီးတာပါလားလို့ အစ်ကိုကြီး သိလိုက်ရတယ် ထား"

သူ့ခံစားချက်တွေကို ပြောပြနေစဉ် သူ့မျက်လုံးတွေမှာ နူးညံ့လျက် အရောင်တစ်မျိုးဖြာထွက်နေ၏။

သူက ထား မျက်ဝန်းလေးများကို နှုတ်ခမ်းဖြင့်ဖိကပ်ကာ တစ်ချက်စီနမ်းသည်။ ထိုနောက် ထား ဘေးမှာ အသာဝင်လှဲကာ ထား ကိုယ်လေးကို ဆွဲယူပွေ့သည်။

"ကိုတို့ ခဏအနားယူကြဦးစို့နော် ထား၊ ခရီးပန်းလာတယ် မဟုတ်လား"

တစ်လမ်းလုံး ကားစီးလာရသောဒဏ်ကြောင့် အနည်းငယ် ညောင်းညာပင်ပန်းနေပြီမို့ ထား ခေါင်းညိတ်လိုက်၏။ သူကတော့ ထား အတွက် ဘယ်လိုတွေကြိုးစားထားကြောင်း တတွတ်တွတ်

www.burmeseclassic.com



ပြောပြသည်။ ကြာတော့ ခရီးပန်းလာသောအရှိန်ဖြင့် သူ့ရင်ခွင်မှာထား အိပ်ပျော်သွားရတော့၏။ သူဖန်ဆင်းထားသော ကမ္ဘာထဲမှာ သူမ၏ကမ္ဘာလေးသည် အလွန်လှပသာယာနေတော့သည်။

* * *





ထား ပြန်ရောက်သည့်အတွက် သူက မိတ်ဆွေများကိုဖိတ်ကာ ညစ်ခံပွဲလေး ကျင်းပပေးလေ၏။ သို့သော် မြို့မျက်နှာဖုံးတစ်ဦးဖြစ်သော သူ့အသိတွေကများလှတာမို့ မထင်မှတ်ဘဲ ညစ်ခံပွဲက စည်ကားသွားရသည်။

ဦးဘလှသန်းတင် ၏ဇနီး ဒေါ်ထားယုနွယ် ဟူသောဂုဏ်ပုဒ်ကြောင့်လားမသိ။ သူ့မိတ်ဆွေအားလုံးက သူမကို တလေးတစားနှုတ်ဆက်ကြသည်။

သူကလည်း အဖြူရောင် ဆွစ်ဇာလန်ဇာဝမ်းဆက်ဖြင့် အလှကြီး လှနေသော သူမလက်ကိုဆွဲကာ မိတ်ဆွေတစ်ယောက်မကျန်နှင့် မိတ်ဆက်ပေးလေ၏။

"ဒါ ကျွန်တော့်ဇနီး ထားတဲ့"

ဟု ဂုဏ်ယူပြုံးပြောတာကြောင့် မိတ်ဆွေတွေက သူ့ကိုစကြသည်။

"ဘယ်လိုလဲဗျ ဦးဘလှသန်းတင်၊ အစကတော့ ကျုပ်အတွက် ချစ်စရာမိန်းမဆိုတာ ဒီကမ္ဘာမှာမရှိပါဘူးဆိုဗျ၊ ခုတော့ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရတာလဲ”

“ဟဲ ဟဲ၊ ဒါတော့မပြောနဲ့လေဗျာ၊ ခေါ်ထားယုနွယ် အလှကလဲ အပြောကြီးတဲ့လူကို ကျွတ်အောင်လုပ်နိုင်တာကိုး”

“ဒါပေါ့ဗျာ ဒါပေါ့၊ ထား နဲ့တွေ့မှပဲ ကျုပ်အပြောကြီးမိတာအတွက် နောင်တရမိတယ်ဆိုတာ ဝန်ခံပါတယ်”

သူတို့အချင်းချင်းပြောသမျှ ထား ကတော့ ပန်းနုရောင်မျက်နှာလေးဖြင့် ပြုံး၍သာ နားထောင်နေတတ်၏။

ညွှေ့ခံပွဲမှာဝတ်ရန်အတွက် သူကိုယ်တိုင် ထား ကို စိန်တစ်ဆင်စာဝတ်ပေးသည်။ ထား ၏စိတ်ရင်းအမှန်ကတော့ ဒီလိုဂုဏ်ပကာသနလွှမ်းတဲ့ပွဲမျိုးတွေကို မလုပ်ချင်ပေ။

“ထား ရယ်၊ အစ်ကိုကြီးတို့လက်ထပ်လိုက်ရတာ တကယ့်အကျဉ်းချုံးလုပ်ခဲ့ရတာ မဟုတ်လား၊ ဒီဧည့်ခံပွဲက အစ်ကိုကြီးရဲ့အသိုင်းအဝိုင်းနဲ့ ထား ကို ဝင်ဆံ့စေချင်တာပါ”

သူနားချတာကြောင့် ထား လက်ခံခဲ့၏။ ထား မှာ သူငယ်ချင်းတချို့မှလွဲ၍ အသိမိတ်ဆွေဟူ၍ များများစားစားမရှိပါ။

“ခင်ဗျားကတော့ဗျာ၊ အဘိုးကြီးကို အပိုင်ကိုင်လိုက်တာ အိမ်ရော လူရော တစ်ခါတည်း အပိုင်သိမ်းမိသွားတာပါလား ဦးဘလှသန်းတင်”

“ဟိတ်လူ ဘာတွေလျှောက်ပြောနေတာလဲ၊ ထား ကြားသွားလို့





အထင်လွဲပါ့မယ်”

“ဟဲ ဟဲ၊ ဘာလဲ ကိုယ့်လူက ကြောက်နေလားဗျ”

“ဟာ ကြောက်တာမဟုတ်ဘူး၊ ချစ်တာဗျ ချစ်တာ ဟဲ ဟဲ”

ထား မှာ သူငယ်ချင်းတချို့ကို နှုတ်ဆက်ပြီး ပြန်အလာ သူတို့ပြောသောစကားကို တစ်စွန်းတစ်စသာ ကြားလိုက်ရ၏။

“ဟော ဟိုမှာ ထား လာနေပြီ၊ ဒီအချိန်မှာ ခင်ဗျားပါးစပ်ကြီးပိတ်ထားရင် အကောင်းဆုံးပဲ ကိုယ့်လူ”

ဆိုနောက် သူက ထား ရှိရာလျှောက်သွားကာ ပြုံး၍မေးလိုက်၏။

“သူငယ်ချင်းတွေကို နှုတ်ဆက်ခဲ့ပြီလား ထား”

“ဟုတ်ကဲ့”

ထား သူငယ်ချင်းတွေက သူ့ကို လူချော လူခန့်တစ်ဦးဟု သတ်မှတ်ကြတာကို မသိသလိုနေခဲ့သည်။

ဧည့်ခံပွဲပြီးချိန်မှာတော့ ညည့်နက်ပြီ၊ သူငယ်ချင်းတွေ ဖွတ်တိုက်တာကြောင့် သူ အရက်သောက်ထားသည်။

“ထား ပင်ပန်းနေပြီလား”

ထား နဖူးလေးကိုဖွဖွနမ်းကာ သူမေးသည်။ ထား က မှန်တင်ခုံရှေ့တွင်ထိုင်ကာ ပစ္စည်းများကိုဖြုတ်နေ၏။ သူ့ကို မှန်ထဲမှတစ်ဆင့် လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပွဲက ထားပွဲပဲ၊ လူတိုင်းက ထားကိုသိပ်လှတယ်လို့ ချီးကျူးနေကြတယ်"

သူ့မျက်နှာမှာ ဂုဏ်ယူကျေနပ်ပြုံးကို တွေ့ရသည်။

"ထားတော့ ဒီညှိခံပွဲတက်လာသူအားလုံး ဟန်ဆောင်မှုတွေ ဖုံးလွှမ်းတယ်လို့ထင်တာပဲ"

"အဟွန်း၊ ထားရယ် ဒါတွေက လောကသဘာဝပဲ"

ထား နှာခေါင်းလေးရှုံ့လိုက်သည်။

"ဟွန်း ထားတော့ ဒီပွဲမျိုးတွေ တကယ်ဝါသနာမပါဘူး"

"ကျုပ်ကတော့ ဒီပွဲမျိုးတွေ မကြာခဏကျင်းပဖို့ စဉ်းစားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မိန်းမလှလှလေးကို ကြွားရအောင်လို့လေ"

"တော်ပါ အစ်ကိုကြီးရယ်၊ ကိုယ့်ဘာသာ အေးအေးဆေးဆေး နေပါရစေ"

ထား အပြောကို သူသဘောကျဟန်ဖြင့် ရယ်သည်။

"အဟွန်း... ဟွန်း၊ အစ်ကိုကြီး ထားက သိပ်ရိုးတာကိုး"

သူက ထားကိုယ်လေးကို ပွေ့ဖက်ကာ ရှိုက်နမ်း၏။ ထားက အသာရုန်းသည်။

"ကဲ အစ်ကိုကြီး အဝတ်အစားလဲမယ် မဟုတ်လား"

"အင်း"

ထားက သူ့အပေါ်အင်္ကျီကို ကူချွတ်ပေး၏။ ထားသည် သူ့





အပေါ် မယားတွေရားကျေပွန်တာမို့ ကြည်နူးရတာအမှန်။

"ထားက သိပ်လိမ္မာတာပဲကွယ်"

မီးရောင်ဖျော့ဖျော့အောက်မှာ ထား မျက်နှာလေးကို စိုက်ကြည့်လျက် သူပြော၏။

"ထား"

"အစ်ကိုကြီး"

"အစ်ကိုကြီးအတွက် သားလေးတစ်ယောက်လောက် မွေးပေးပါလား"

"အို..."

ထား မျက်နှာလေး ပန်းနုရောင်သမ်းတော့ သူပြုံးသည်။ ထားကိုယ်လေးကို တင်းတင်းဖက်ကာ တစ်ရှိုက်မက်မက်နမ်း၏။

"ဒီနေ့ ထား"

"အို... ဟင့်အင်း"

ထား၏ နူးညံ့သောနှုတ်ခမ်းလေးများသည် အချိန်အတော်ကြာ တိတ်ဆိတ်သွားရ၏။ ဦးဘလှသန်းတင်၏ လှိုက်ဖြာသောအနမ်းများကြားတွင် ညှိခံပွဲမှာ ပင်ပန်းခဲ့သော ထား တစ်ယောက် မကြာခင် အိပ်ပျော်သွားတော့၏။ အပြင်မှာတော့ ညလေပြေညှင်းသည် အေးမြသာယာလျက်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထား သည် သူ၏ ယုယမှု၊ ဂရုစိုက်မှုများကြားတွင် နေသား တကျရှိလာ၏။ ထား အတွက် လိုအပ်တယ်ဆိုသောအရာမျိုး တစ်ခု လေးမှမရှိအောင် ဦးဘလှသန်းတင် က အစွမ်းကုန်ပြည့်ဆည်းပေးထား သည်။ ထို့ကြောင့် ထား မှာ အလှပဆုံးသော ပန်းလေးတစ်ပွင့်ပမာ ဖြစ်လာ၏။

မကြာခဏ သူနှင့်တွဲကာ ညစ်ခံပွဲများသို့ ထား တက်ရလေ၏။ ထား က မလိုက်ချင်လည်း သူရအောင်ဖွတ်ခေါ်သည်။

"ထား ကို သေချာခေါ်ခဲ့ဖို့ ဟိုလူတွေကပြောထားတာ၊ အားလုံး စုံတွဲတွေချည်းလာမှာ ထား ရယ်၊ တော်ကြာ အစ်ကိုကြီးတစ်ယောက် တည်း လူပုံအလယ်မှာ မျက်နှာငယ်နေမှာပေါ့၊ လိုက်ခဲ့နော် ထား"

သူကိုယ်တိုင် ထား အတွက် အဝတ်အစားရွေးထုတ်ပေးတာမို့ ကြာတော့လည်း သူ့ဇနီးတစ်ယောက်ဖြစ်သော ထား မှာ တာဝန်အရ လိုက်သွားသည်သာ။





"ဟော ဦးဘလှသန်းတင် တို့ ဒေါ်ထားယုနွယ် တို့ လာပါ ခင်ဗျာ၊ ဒီပွဲက ခင်ဗျားတို့မပါရင် ဘယ်လိုမှမစည်တော့ဘူးဗျ"

မြို့မျက်နှာဖုံးဖြစ်သောသူတို့ကို အားလုံးက အမြဲတမ်း လှိုက်လှဲ စွာကြိုဆိုတတ်ကြသည်။ သေချာတာကတော့ သူသည် မိတ်ဆွေ အပေါင်းအသင်းပေါများသူပင်။

"လာရမှာပေါ့ဗျာ၊ ကိုယ့်မိတ်ဆွေပဲ နော် ထား"

ထိုအခါမျိုးတွင် ထား မှာ ဟန်ဆောင်ပြုံးလေးဖြင့် ခေါင်းညိတ် ရ၏။

"ဒေါ်ထားယုနွယ် တို့ကတော့ တစ်နေ့တခြား လှလာတယ် ဗျာ၊ ဦးဘလှသန်းတင် တို့ ဘယ်လိုပြုစုမျိုးထောင်လဲ မသိဘူး"

ထား ၏အလှကို ချီးကျူးသည့်အခါမှာ သူသဘောကျစွာ ရယ် နေတတ်သည်။ သို့သော် သဝန်ကလည်း အလွန်တိုပါသည်။

အမျိုးသားမိတ်ဆွေများက ထား ကို လာနှုတ်လျှင် သူ့မျက်နှာ မကြည်သာပါ။ ရောက်တာနှင့် ပြဿနာလုပ်တော့၏။

"တောက် ဟိုလူတွေကကွာ၊ ထား ကိုများ ကြည့်နေလိုက်တာ၊ ကျုပ်တစ်ယောက်လုံးအနားမှာရှိနေတာကို မေ့များနေသလား မသိဘူး"

ထား က ဘာမှမပြောလျှင် သူ့ဒေါသက ထား ဘက်လှည့်လာ တတ်၏။

"နေပါဦး၊ ခင်ဗျားကတော့ သူတို့လာနှုတ်ဆက်တာကို ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒီလောက်ပြုံးရယ်နေတာလဲ”

“အို မပြုံးလို့ ထားက မဲ့နေရမှာလား၊ နေပါဦး အဲဒီ လာနှုတ်ဆက်တဲ့လူတွေက အစ်ကိုကြီးမိတ်ဆွေတွေပဲ မဟုတ်လား”

“ဒါပေမဲ့ ဒီလူတွေက မိန်းမနဲ့ပတ်သက်လာရင် နာမည်ကောင်းရှိတာမဟုတ်လား”

“ဒါဆို အစကတည်းက ဘာလို့ အဲဒီလူတွေနဲ့ ထားကို မိတ်ဆက်ပေးလဲ”

ထားက ပြန်ပြောလျှင် သူ ဒေါသကြောင့် မျက်နှာနီရဲသွားတော့တ် ၏။

“ဒါက ဝတ်ကျေတန်းကျေ မိတ်ဆက်ပေးတာပဲကွ၊ မင်းကိုယ်က ဒီလောက် လိုက်လိုက်လဲ့လဲ့ နှုတ်ဆက်စရာမလိုဘူး”

“အစ်ကိုကြီးနော်၊ ထားကို အပြစ်မရှာနဲ့၊ တော်ပြီ တော်ပြီ နောက်တစ်ခါ ဘယ်ညစာခံပွဲမှ ထား မလိုက်ဘူး”

ထား စိတ်ဆိုးလာတာမို့ သူ့ကိုကျောခိုင်းကာ ခေါင်းမြီးခြုံအိပ်နေလိုက်၏။ ထိုအခါမျိုးတွင် ဒေါသဖြစ်နေသော ဦးဘလှသန်းတင်ကလည်း ထမင်းစားခန်းထဲဝင်ကာ အရက်တွေထပ်သောက်နေတတ်၏။

ညည့်သန်းခေါင်ကျော်မှ အခန်းထဲဝင်လာတတ်သည်။ ထိုနောက် သူမကိုယ်လေးကို ဖွတ်ပွေ့ယူကာ–





“ထား”ဟု နောင်တရသံကြီးဖြင့် ခေါ်တတ်၏။

“ထား ထား ကျုပ်ကို စိတ်ဆိုးနေလား”

မျက်ဝန်းတင်းတင်းပိတ်ထားသော ထား မျက်နှာကို ဖွတ်ရှိုက်နမ်းတတ်သည်။

“အို ဖယ်ပါ၊ ဒီမှာအိပ်နေတဲ့ဟာကို”

ထားက သူ့ရင်ခွင်မှရုန်းထွက်လျှင် သူ မျက်လုံးများရဲလျက်စိုက်ကြည့်နေတတ်၏။ ထိုနောက် ခပ်မဲ့မဲ့ပြုံးကာ အရက်ထပ်သွားသောက်သည်။ ထားမှာ မကြိုက်ပေမဲ့ သူ့ကို တစ်ချက်မတား။ ဒါကိုလည်း သူက မကျေနပ်။

“ကျုပ်ကို ထားက မချစ်တော့ လျစ်လျူရှုနိုင်တာပေါ့နော်”

ဟု ရိသဲ့သဲ့ပြောတတ်သေးသည်။ ထိုအခါမျိုးတွင် ထားက သူ့ကို အံ့လေးကြိတ်ကာသာ ကြည့်ပြီး ဘာမှပြန်မပြောတော့။

သူ့ကိုမချစ်ပေမဲ့ ခင်ပွန်းတစ်ယောက်အနေဖြင့် စိတ်ပူတတ်တယ်ဆိုတာ သိရဲ့လားဟု မေးလိုက်ချင်၏။

သူအိမ်ပြန်နောက်ကျလျှင် သူမ ဘယ်လောက်ပူပန်ရတယ်ဆိုတာ ကြီးမြပင် သိသည်။ သို့သော် ဘာကြောင့် အိမ်ပြန်နောက်ကျလဲဟု တစ်ခါမှ မမေးမိခဲ့။ ဒါကိုပဲ သူမကျေနပ်ခြင်း ဖြစ်သည်။

သို့သော် သူကတော့ ထား အပြင်ထွက်လျှင် မလာမချင်းစောင့်နေတတ်၏။ များသောအားဖြင့် သူမပါဘဲ ဘယ်မှမသွားတတ်။



www.burmeseclassic.com

www.burmeseclassic.com



သူမအားသောအခါများ ထား အပြင်ထွက်လျှင် မြန်မြန်ပြန်လာဖို့ မှာရတာက အမော။

ထား များ အိမ်ပြန်နောက်ကျလျှင် သူမျက်နှာကြီး ညိုနေတတ်၏။

"ထား ရယ်၊ အိမ်ပြန်နောက်ကျလိုက်တာ ကျုပ်ဖြင့် ထားအတွက် စိတ်ပူနေတာ"

ထား က မသိမသာလေး သက်ပြင်းချလျက် နောက်ကျရခြင်းအကြောင်းကို ရှင်းပြရ၏။

"သူငယ်ချင်းတွေကဆွဲထားလို့၊ သူတို့က ထား တစ်ခါတလေမှ လာလည်တော့ အချိန်ကြာကြာ နေစေချင်ကြတယ်လေ"

"ဒါပေမဲ့ ထား က လွတ်လပ်သူမဟုတ်ဘူးဆိုတာ သူတို့ သိရမှာပေါ့၊ ထား ကကော အစ်ကိုကြီး စိတ်ပူနေမယ်ဆိုတာ မသိဘူးလား"

"သိပါတယ်၊ ဒါကြောင့် ဒီအချိန်ပြန်လာတာပေါ့"

ထား စိတ်ကောက်ချင်လာတာကို ရိပ်မိသောသူက အမြန်ချော့၏။

"ထား ရယ်၊ အစ်ကိုကြီး ထား အတွက် စိတ်ပူတယ်ဆိုတာ ထား ကို ချစ်လွန်းလို့ပါကွယ်"

သိပါ၏။ ချစ်လွန်း၍ ဝန်တိုစိတ်ပူနေတယ်ဆိုတာ။ တစ်ခါ





တစ်ခါမှာတော့ အချစ်ခံရတာလည်း မကောင်းပါလားဟု ထား တွေးမိတတ်သည်။

ယခုလည်း သူ အရက်တွေထပ်သောက်တာကို ထား မကြိုက်ပါ။ မယားတစ်ယောက်အနေဖြင့် တားသင့်သောဝတ္တရားရှိတာ သိပေမယ့် ဥပေက္ခာပြုနေလိုက်၏။

ထား အိပ်ပျော်သွားချိန်ထိ သူအခန်းထဲဝင်မလာ။

"ဟော မောင်ဘလှသန်းတင်၊ ဘယ်နှယ့် ထမင်းစားခန်းကြီးထဲမှာ အိပ်ပျော်နေရတာလဲ"

မနက်စောစော ဆွမ်းထချက်သော ကြီးမြ က အရက်ပုလင်းများ ရှေ့ချလျက် ထမင်းစားပွဲပေါ် ခေါင်းအပ်ကာ အိပ်ပျော်နေသော သူ့ကို တွေ့သွား၏။

"မောင်ဘလှသန်းတင် မောင်ဘလှသန်းတင်"

"ဗျာ၊ ဟင် ဒေါ်ဒေါ်မြ"

အိပ်မှုန်စုံမွှားဖြင့် သူသည် ကြီးမြ ကိုမြင်တော့ အားနာသွားပုံရ၏။

"ဘာလဲ၊ ထား နဲ့ရန်ဖြစ်ကြပြန်ပြီလား၊ သွား သွား အခန်းထဲသွားအိပ်"

"ဟုတ်ကဲ့"

သူ အခန်းထဲဝင်လာတော့ အိပ်ရာကနိုးနေပြီဖြစ်သော ထား ကို



www.burmeseclassic.com

www.burmeseclassic.com



မသိချင်ယောင်ဆောင်နေ၏။ သူက ထားကို တစ်ချက်ကြည့်ပြီး တစ်ဖက်လှည့်ကာ အိပ်ပျော်သွားသည်။ သည်တော့မှ ထား ခုတင်ထက်မှ ဖွဖွဆင်းကာ အခန်းထဲမှ ထွက်ခဲ့တော့၏။ သူကတော့ နှစ်ခြိုက်စွာအိပ်ပျော်လျက်။

* * *





# ချစ်သောဟုန်

သာတဲ့အတွက်

-နိုင်ဟု

"ဟင်... ဒေါက်တာ"

"ထား"

မမျှော်လင့်ဘဲ ဒေါက်တာမိုးမြတ်ကို တွေ့လိုက်ရတာကြောင့် ထား အံ့သြသွား၏။ ဒေါက်တာမိုးမြတ်က တသွေးတမွေးလှပနေသော ထားကိုကြည့်ကာ ခပ်မှုံမှုံပြုံးသည်။

"ဘယ်လိုလဲ ထား၊ ကျွန်တော့်ကိုတွေ့လို့ အံ့သြနေလား"

"ဟုတ်... ဟုတ်တယ် ဒေါက်တာ၊ ဒေါက်တာက ဒီကို"

"ကျွန်တော် တာဝန်နဲ့ပြောင်းလာတာပါ ထား"

"အို..."

ကြည့်စမ်း၊ ဒီအဖြစ်ဟာ ဘယ်လောက်တိုက်ဆိုင်လဲ။ ဒေါက်တာကို တစ်မြို့ထဲမှာ ဒီလိုပြန်တွေ့ရလိမ့်မည်ဟု မထင်ခဲ့။

"ကျွန်တော် ကိုယ်တိုင်လဲ ဒီမြို့ကို တာဝန်ကျတယ်ဆိုတော့ အတော်အံ့သြမိတယ်၊ ကျွန်တော် ပြောင်းလာလို့ ထားအတွက်



www.burmeseclassic.com

www.burmeseclassic.com



မသိချင်ယော့ကာ်မဖြစ်ပါဘူးနော်"
တစ်ဖက်လွှဲ့ မဟုတ်တာ ဒေါက်တာကလဲ"
ထက်မ ယခင်က ဘာပဲဖြစ်ခဲ့ပါစေ ယခုနေခါမှာ ထားသည် အိမ်ရှင်နှင့်စ်၍ ဒေါက်တာမိုးမြတ်က ဒီမြို့၏ဧည့်သည်ဖြစ်နေပြီ။ ထိုကြောင့် အိမ်ရှင်ဝတ္တရားအရ လိုက်လံ့စွာ ကြိုဆိုရမည်ဖြစ်သည်။

ဒေါက်တာမိုးမြတ်က ခပ်လွှန့်လွှန့်ပြုံး၏။

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော်က ကျွန်တော့်အတွက် ထား စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်မိတယ်လေ"

"ဘာကြောင့်ဖြစ်ရမှာလဲ ဒေါက်တာ၊ ထားတို့က မိတ်ဆွေတွေပဲ"

"မိတ်ဆွေတွေ အင်း ဟုတ်ပါတယ်၊ ဒါနဲ့ ထား နေကောင်းတယ်နော်၊ အဟွန်း မေးသာမေးရတာပါဗျာ၊ ထား တစ်ယောက် အရင်ကထက် ပိုလှနေတာပဲ"

"အို့ ဒေါက်တာကလဲ"

ထားက ရှက်သလိုဟန့်တော့ သူပြုံး၏။ သည်လောက်လှသော ထားကို ဒေါက်တာမိုးမြတ် မပိုင်ဆိုင်ခဲ့ရတာကို ရင်နာပါ၏။ သို့သော် ခုနေခါမှာ သူ ထားအပေါ် မိတ်ဆွေတစ်ယောက်လို သဘောထားရမည်။

"ဘာပဲဖြစ်ဖြစ် ထားလိုမိတ်ဆွေတစ်ယောက် ဒီမှာရှိနေသော





ကျွန်တော် ဝမ်းသာရမှာပေါ့နော်"

"ဟုတ်ကဲ့၊ ထားကလဲ ဒေါက်တာ ဒီမြို့ပြောင်းလာတဲ့အတွက် ဝမ်းသာစွာကြိုဆိုပါတယ်ရှင်"

သို့သော် ဦးဘလှသန်းတင် တစ်ယောက်တော့ ဝမ်းမသာနိုင်ဟု နှစ်ယောက်လုံးသိနေကြ၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

"ဒေါက်တာ အားတဲ့အခါကြရင် ထားတို့အိမ်လာပါဦးနော်၊ ထား ဒေါက်တာကို ထမင်းစားဖိတ်ပါရစေ"

"ဦးဘလှသန်းတင်က ခွင့်ပြုရင် ထား ဖိတ်ခေါ်တာကို ကျွန်တော် လက်ခံပါတယ်ဗျာ"

ထား မျက်နှာတစ်ချက်ပျက်သွားပြီးမှ ချက်ချင်းပြုံး၏။

"အစ်ကိုကြီးက လူမှုရေးသိတတ်မှာပါ ဒေါက်တာ၊ ဒေါက်တာနဲ့ အစ်ကိုကြီးလဲ မိတ်ဆွေတွေဖြစ်ခဲ့ဖူးတာပဲ၊ ကဲ ထားကိုခွင့်ပြုပါဦး ဒေါက်တာ"

"ကောင်းပါပြီဗျာ"

ထားက အသင့်စောင့်နေသောကားပေါ် တက်သွား၏။ ဈေးသို့ အလာ မမျှော်လင့်ဘဲ ဒေါက်တာမိုးမြတ်ကိုတွေ့ရတာ ထားအတွက် အတိုက်ကို သတိရစေပါ၏။ သို့သော် လက်ရှိဘဝမှာ ထားသည် ဦးဘလှသန်းတင်၏ ဇနီးတစ်ယောက်အဖြစ် ဘယ်သောအခါမှ



www.burmeseclassic.com

www.burmeseclassic.com



မေ့လိမ့်မည်မဟုတ်။

ညနေစာထမင်းဝိုင်းမှာ ဦးဘလှသန်းတင်နှင့် ထား နှစ်ယောက်တည်း ဖြစ်သည်။ ကြီးမြ က လူကြီးမို့ စောစောစားထားတတ်၏။ ထုံးစံအတိုင်း ဦးဘလှသန်းတင်က ထားပန်းကန်ထဲ ဟင်းများ ဂရုတစိုက်ထည့်ပေးသည်။

"ထား တိတ်လှချည်လား"

အလျှင်တုန်းကဆို ဘာရယ်မဟုတ် သူနှင့်ထား စကားပြောရင်း ထမင်းဝိုင်းကို စိုပြည်စေသည်။ သည်နေ့ ထား အထူးတိတ်နေတာကို သူသတိပြုမိသွားပုံပင်။

"အစ်ကိုကြီးကို ပြောစရာရှိလို့"

"ဘာလဲ ထား"

ထားက ခက်ရင်းနှင့်ဇွန်းကို အသာချကာ သူ့ကိုကြည့်၏။

"ဒေါက်တာမိုးမြတ် ဒီမြို့ကိုပြောင်းလာရတယ် အစ်ကိုကြီး"

"ဟင်..."

ရုတ်တရက် ဒေါက်တာမိုးမြတ် ရောက်လာတယ်ဆိုတာကြောင့် ဦးဘလှသန်းတင် ရင်ထဲ စိုးရိမ်သလိုဖြစ်သွား၏။

"ထား ဘယ်တုန်းကတွေ့တာလဲ"

"မနက်က ဈေးသွားရင်းတွေ့တာပါ အစ်ကိုကြီး"

"ထားနဲ့ ဘာတွေပြောခဲ့ကြတာလဲ"





ဦးဘလှသန်းတင်၏ မျက်နှာမှာ သံသယရိပ်တွေ စွန်းထင်လာသည်။

"အထွေအထူး မဟုတ်ပါဘူး၊ ဒေါက်တာပြောင်းလာတာကို ထားက အိမ်ရှင်တစ်ယောက်အနေနဲ့ ဝမ်းသာကြောင်းပြောတာပါ၊ အဲဒါ အစ်ကိုကြီး... ထား ဒေါက်တာကို ထမင်းစားဖိတ်ချင်တယ်၊ အစ်ကိုကြီး ခွင့်ပြုတယ် မဟုတ်လား"

ဦးဘလှသန်းတင်သည် ခဏတော့ တိတ်ဆိတ်သွား၏။ သူ ကန့်ကွက်လျှင် ဝန်တိုရာကျမည်။ လူကြီးမပီသရာရောက်မည်။

"ကောင်းပြီလေ၊ ဒေါက်တာကို အစ်ကိုကြီးတို့ ဖိတ်တာပေါ့၊ သူအားမယ့်တစ်ရက်ကို အစ်ကိုကြီးတို့ကိုယ်တိုင် သွားဖိတ်တာပေါ့ ထား"

ဦးဘလှသန်းတင်က ကြည်ဖြူစွာခွင့်ပြုသဖြင့် ထား ဝမ်းသာသွားရ၏။ တကယ်တော့ ဦးဘလှသန်းတင်သည် ထားထင်သလောက် မဆိုးသေးပါလားဟု အောင်းမေ့မိ၏။

"ကျေးဇူးပဲ အစ်ကိုကြီး"

ဦးဘလှသန်းတင် မျက်နှာတည်ခနဲဖြစ်လျက် ထား ကိုကြည့်သည်။

"ဘာအတွက်ပြောတာလဲ ထား၊ ဒေါက်တာမိုးမြတ်ဟာ အစ်ကိုကြီးနဲ့ ထားတို့ရဲ့မိတ်ဆွေပဲ၊ မိတ်ဆွေတစ်ယောက်ကို ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားတာ အစ်ကိုကြီးကို ကျေးဇူးတင်စရာမလိုပါဘူး"

သည့်တော့မှ ထား စကားများသွားမှန်းသိကာ မျက်လွှာလေးချလိုက်၏။ ထမင်းစားပွဲမှာ တိတ်ဆိတ်စွာ ပြီးစီးသွားလေသည်။

ထိုညမှာ ဦးဘလှသန်းတင်သည် တော်တော်နှင့်အိပ်မပျော်ဘဲ လေသာဆောင်ထွက်ကာ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သောက်နေလေ၏။ ဆောင်းညချမ်းပေမဲ့ အေးမြသောလေ၏ အထိအတွေ့ကိုပင် သူမခံစားနိုင်။ သူ့စိတ်ထဲမှာ ဒေါက်တာမိုးမြတ် ဒီမြို့ပြောင်းလာရခြင်းအကြောင်းကိုသာ စဉ်းစားနေမိသည်။

မှန်တာပြောရလျှင် ဒေါက်တာမိုးမြတ် ဒီမြို့ပြောင်းလာတာကို ဦးဘလှသန်းတင် မနှစ်မြို့ပါ။ ထားရှိသောမြို့ကို ဒေါက်တာ ဘာကြောင့်ပြောင်းလာရတာလဲ။ သူ့လက်ထဲကများ ထားကို လုယူချင်၍လား။ ထိုအတွေးက သူ့ရင်ကို ပူလောင်စေပါ၏။

"အစ်ကိုကြီး၊ ညည့်နက်ပြီ မအိပ်သေးဘူးလား"

ယုန်မွေးဆွယ်တာအနီလေးဖြင့် ဖြူဖွေးသောအသားအရေနှင့် လိုက်ဖက်လှပလွန်းနေသည့် ထားကို သူခပ်ငေးငေးစိုက်ကြည့်မိ၏။

သိပ်လှတဲ့ ထား။

ချစ်စရာကောင်းလွန်းတဲ့ ထားကို သူဘယ်လိုမှ မစွန့်လွှတ်နိုင်ပါ။

"ထားကော မအိပ်သေးဘူးလား"





သူ လက်ကျန်စီးကရက်ကို တောက်ထုတ်ကာ နေရာမှထလိုက်၏။

"အိပ်တော့မလို့လဲ၊ အစ်ကိုကြီး လေသာဆောင်မှာ အကြာကြီးထွက်ထိုင်ရင် အအေးပတ်နေမှာစိုးလို့"

"ထား ရယ်"

သူ ထားကိုယ်လေးကို တင်းတင်းပွေ့ဖက်ကာ မျက်နှာလှလှလေးကို စိုက်ကြည့်လိုက်၏။

"ထား အစ်ကိုကြီးကို ဘာကြောင့်စိုးရိမ်တာလဲဟင်"

ထားက မဖြေဘဲ သူ့ရင်ခွင်မှကြယ်သီးများကို ဆော့ကစားနေ၏။ ထိုမေးခွန်းကို ထား ဘယ်တော့မှမပြောတာမို့ သူအမြဲမကျေနပ်ခဲ့ရသည်။

"အစ်ကိုကြီးမေးတာကို ပြောစမ်းပါ ထား"

"ဟင့်အင်း ထား မသိဘူး"

ဖြူနုသောမျက်နှာလေးထက်မှာ ဆံပင်ရှည်လေးများ ဖွာကျနေ၏။ သူ သူမဆံပင်လေးများကို အသာဖွဖွသပ်တင်ပေးလိုက်သည်။

"ထား ထား မသိပေမဲ့ အစ်ကိုကြီးသိတယ်၊ အစ်ကိုကြီးကို ထား ချစ်နေပြီ မဟုတ်လား"

"အင် ဟင့်အင်း"

ထား၏ သေးကျဉ်းသောခါးလေးကို တစ်ချက်ဖျစ်ညှစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် ရင်လေးကော့ကာ ခေါင်းလေးမော့လာရ၏။ သူက ထား မျက်နှာကိုအုပ်မိုးကာ နမ်းရှိုက်လိုက်သည်။ နူးညံ့သော ထား၏ နှုတ်ခမ်းလေးများသည် သူ့အတွက် ချိုမြိန်လွန်းပါ၏။

စောစောက သာနေသောလမင်းကြီးသည် ခုတော့ တိမ်ကြားတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။

ထား ကိုယ်လေးကို ခွေ့ခနဲပွေ့ချီကာ ဦးဘလှသန်းတင် အိပ်ခန်းထဲဝင်လာချိန်မှာတော့ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်ကာ တိတ်ဆိတ်ငြိမ်သက်နေပြီ ဖြစ်သည်။

* * *





ဒေါက်တာမိုးမြတ်ကို ထမင်းဖိတ်ကျွေးသည့်နေ့မှာတော့ ထား စိတ်လှုပ်ရှားနေရ၏။ သူမကိုယ်တိုင် မီးဖိုထဲဝင်ကာ ချက်ပြုတ်သည်။ ဒေါက်တာမိုးမြတ် အတွက် ညနေစာကိုဖိတ်ထားခြင်းဖြစ်၏။ ဦးဘလှသန်းတင်က အလုပ်သွားတာကြောင့် ညနေမှ ပြန်ရောက်မည် ဖြစ်သည်။

အားလုံးချက်ပြုတ်ပြီးတာနှင့် ထား ရေချိုးလိုက်သည်။ ထို့နောက် ခရမ်းရောင်ဇာလက်ပြတ်ဝမ်းဆက်ကို ဝတ်လိုက်၏။ ခေါင်းလျှော်ထားသော ဆံပင်ရှည်များကို ဖြန့်ချထားတာကြောင့် သူမ၏အလှက နုပျိုလန်းဆန်းနေသည်။

မကြာခင်မှာပဲ ဦးဘလှသန်းတင် ပြန်ရောက်လာ၏။ ထား အပြေးလေးထွက်ကြိုလိုက်သည်။

“ဟော အစ်ကိုကြီးလာပြီ”

ကားပေါ်မှဆင်းလာသော ဦးဘလှသန်းတင် လက်ထဲမှ လက်ဆွဲအိတ်ကို ထား လှမ်းယူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘလှသန်းတင်က ထားကို ခပ်ပြုံးပြုံးစိုက်ကြည့်၏။

"ဒီနေ့ ထားပိုလှနေပါလား"

"အို အစ်ကိုကြီးကလဲ"

ဦးဘလှသန်းတင် ပြောသောစကားက ဘယ်လိုအဓိပ္ပာယ် ဆောင်နေတယ်ဆိုတာ ထား ရိပ်မိပါသည်။ ဒေါက်တာမိုးမြတ် လာမည်ဆို၍ ထားက အလှပိုပြင်ထားသလိုလို။

ဦးဘလှသန်းတင်က ထား ပခုံးကိုဖက်ကာ အိမ်ထဲဝင်ခဲ့သည်။

"ဟာ တစ်အိမ်လုံးလည်း အပျံစားပြင်ထားပါလား၊ အင်း ဒါပေါ့လေ လူကြီးလူကောင်းဧည့်သည်လာမှာကိုး"

ထားက ဦးဘလှသန်းတင် မျက်နှာကို ဆတ်ခနဲကြည့်လိုက်၏။

"ဒီနေ့ အစ်ကိုကြီး ဘယ်လိုဖြစ်နေတာလဲ၊ စကားကောင်းကောင်းမပြောချင်ဘူး"

"ဟောဗျာ အစ်ကိုကြီးပြောတဲ့စကားတွေ ဒီထက်ကောင်းရဦးမလား"

သူက ထား၏ ပါးနနကို ဖွဖွဆွဲလိမ်ကာ ပြုံး၍ပြောသည်။ ထားမှာ ဒေါက်တာမိုးမြတ်ကို ထမင်းစားဖိတ်တာ မှားလားဟု တွေးမိ၏။

"ကဲ. . . လာ အစ်ကိုကြီးကို အဝတ်အစားလဲပေးဦး"

ထားတို့နှစ်ယောက် အပေါ်ထပ်တက်ခဲ့သည်။ အခန်းထဲရောက်





တော့ အပေါ်အင်္ကျီကို ကူချွတ်ပေးလိုက်၏။

"အစ်ကိုကြီး ခဏနားလိုက်ပြီးမှ ရေချိုးလေ၊ ထား သံပရာရည်သွားယူလိုက်ဦးမယ်"

"အင်း ကောင်းသားပဲ"

ထား ထွက်သွားတော့ ဦးဘလှသန်းတင်က ပြတင်းပေါက်မှာ သွားရပ်ကာ စီးကရက်သောက်နေ၏။

သူ့မျက်နှာသည် စောစောကနှင့်မတူ တည်ငြိမ်နေ၏။ ထား ပြန်ဝင်လာသံကြားမှ လှည့်ကြည့်သည်။

"သံပရာရည်အေးအေးလေး သောက်လိုက်ဦး အစ်ကိုကြီး"

ထား ပေးသောဖန်ခွက်ကိုယူကာ သူ စားပွဲပေါ်ချထားလိုက်၏။

"လာပါဦး ထားရယ်၊ သိပ်လှနေတဲ့ ထားကို ဂုဏ်မပြုရသေးဘူး"

"အို..."

သူက ထားကိုယ်လေးကို ရုတ်တရက် တင်းတင်းဆွဲဖက်ကာ မျက်နှာလေးကို ကြမ်းကြမ်းနမ်းလိုက်၏။ ထို့နောက် နှုတ်ခမ်းနနလေးကို အချိန်အကြာကြီး ဆွဲကာဖိကပ်နမ်းလိုက်သည်။

အတော်ကြီးကြာမှ ထားက သူ့ရင်ခွင်မှ ဆတ်ခနဲရုန်းထွက်၏။

"ကြည့်စမ်း၊ အစ်ကိုကြီးမကောင်းဘူး၊ ထား အလှပြင်ထားတာတွေ ပျက်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘလှသန်းတင်က ဆတ်ခနဲ ပခုံးတွန့်လျက် ထားးကို ခပ်စိုက်စိုက်ကြည့်၏။

"အဲဒီအလှတွေက ဘယ်သူ့အတွက်ပြင်ထားတာလဲ ထားး"

"ဟင်..."

မထင်မှတ်သောမေးခွန်းကြောင့် ထားး မျက်နှာလေး ရဲခနဲဖြစ်သွား၏။

"အစ်ကိုကြီး ဘာမေးလိုက်တာလဲ"

"ရှင်းပါတယ် ထားး၊ ထားး အလှတွေဟာ အစ်ကိုကြီးအတွက်ပြင်ထားတာဆိုရင်တော့ မလိုပါဘူးလေ၊ အစ်ကိုကြီးမျက်စိထဲမှာ ထားးဟာ အမြဲလှပြီးသားပါ"

ထားးက အံ့လေးကြိတ်ကာ သူ့ကိုကြည့်သည်။

"ဒီမှာ အစ်ကိုကြီး၊ ထားးကို ရွဲ့တာတွေ ခနဲ့တာတွေ လုပ်မနေပါနဲ့၊ ဒေါက်တာမိုးမြတ်ကို ထမင်းစားဖိတ်တာ အစ်ကိုကြီးမကြိုက်ဘူးဆိုရင် စောစောက ကန့်ကွက်ဖို့ကောင်းတယ်"

"ဟောဗျာ၊ အစ်ကိုကြီး မကြိုက်ဘူးလို့ မပြောရပါလား၊ ထားးစိတ်ထဲမှာ ဒေါက်တာမိုးမြတ်နဲ့ ပတ်သက်ပြီး အစ်ကိုကြီးအပေါ် အထင်လွဲနေသလား"

"အစ်ကိုကြီးနော်"

သူက တစ်ပြန်စွပ်စွဲနေတာကြောင့် ထားး ဒေါသဖြစ်သွားရ၏။





တစ်ခဏမှာပဲ ထားး သိလိုက်သည်။ အစ်ကိုကြီးစိတ်ထဲမှာ သူမနှင့် ဒေါက်တာကို သဝန်တိုနေတယ်ဟု၍ပင်။

"ကဲ ထားးရယ်၊ ဒေါသဖြစ်မနေပါနဲ့၊ ဒေါက်တာမိုးမြတ်လဲ လာခါနီးပြီ၊ အစ်ကိုကြီး ရေချိုးလိုက်မယ် ဟုတ်လား"

သူ ရေချိုးခန်းထဲဝင်သွားမှ ထားး မှန်တင်ခုံရှေ့ထိုင်လိုက်သည်။ နီရဲနေသော မျက်နှာလေးကို ကြည့်ကာ–

"တော်တော်ဆိုးတဲ့ အစ်ကိုကြီး"ဟု စိတ်ထဲမှ ကျိတ်ကာ အပြစ်တင်လိုက်၏။

ထို့နောက် မိတ်ကပ်ပါးပါးထပ်ရိုက်ကာ နှုတ်ခမ်းနီပြန်ဆိုးလိုက်သည်။ မှန်ထဲမှာတော့ ဦးဘလှသန်းတင် ပြောသလို ထားးသည် သိပ်လှနေပါ၏။

ဒေါက်တာမိုးမြတ် ရောက်လာတော့ ညနေခြောက်နာရီ ရှိပြီ။

"ကြွပါ ဒေါက်တာ ကြွပါ၊ ကျုပ်တို့ ဒေါက်တာကို စောင့်နေကြတာပါ"

ဦးဘလှသန်းတင်သည် ဒေါက်တာမိုးမြတ်ကို တွေ့သောအခါမှာ တကယ့်လူကြီးလူကောင်းတစ်ဦးလို ဆက်ဆံ၏။

"ဦးဘလှသန်းတင်နဲ့ ထားးတို့ ကျွန်တော့်ကို ထမင်းစားဖိတ်တဲ့အတွက် အလုပ်များသွားပြီ ထင်တယ်"

"အို မဟုတ်တာ ဒေါက်တာရယ်၊ ထားးတို့အတွက် ကျေးဇူးတက



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များသွားတယ်ဆိုတာ မရှိပါဘူး၊ ထားတို့ ဖိတ်ကြားတာကို ခုလို ဒေါက်တာလာရောက်ချီးမြှင့်တာကိုပဲ ကျေးဇူးတင်နေရတာပါ ရှင်၊ နော် အစ်ကိုကြီး"

"ဟုတ်ပါတယ် ဒေါက်တာ၊ ကျုပ်တို့က အိမ်ရှင်တွေဆိုတော့ ကိုယ့်မြို့ကိုပြောင်းလာတဲ့ ဒေါက်တာကို လှိုက်လှဲစွာကြိုဆိုရမှာပေါ့ ခင်ဗျာ"

"ဒါဆိုလဲ ကျေးဇူးပါပဲဗျာ"

အပေါ်ယံကြည့်လျှင်တော့ ဦးဘလှသန်းတင်နှင့် ဒေါက်တာမိုးမြတ် ကြား ဘာအငြိုးအာဃာတမှ မရှိသယောင်။ နှစ်ယောက်စလုံး ဂုဏ်သရေရှိ လူကြီးလူကောင်းများဘွဲ့ကို ခံယူထားတာမို့ ဟန်ဆောင်ကောင်းနေသည်။

ထားကတော့ ဒီလို အေးဆေးစွာတွေ့ရမှပဲ သက်ပြင်းချနိုင်တော့၏။

"ကဲ ထားရေ၊ ဒေါက်တာ ထမင်းမသုံးဆောင်ခင် အစ်ကိုကြီးတို့ နည်းနည်းပါးပါး သောက်လိုက်ဦးမယ်၊ ဒေါက်တာ သောက်မယ် မဟုတ်လား"

ဒေါက်တာမိုးမြတ်က ခေါင်းခါယမ်း၏။

"ဆောရီးပဲ ဦးဘလှသန်းတင်၊ ကျွန်တော် အချိုရည်ပဲသောက်မယ်"





"ဟဲ ဟဲ ဒေါက်တာက ထားကို အားနာလို့ထင်တယ်၊ ရပါတယ် ဒေါက်တာရဲ့ ထားက နားလည်မှုရှိပါတယ်၊ ဟုတ်တယ်နော် ထား"

ဒေါက်တာမိုးမြတ်က ထားကိုလှမ်းကြည့်၏။ ထား မျက်နှာလေး နီသွားရသည်။ တကယ်ဆို ဘယ်မိန်းမကမှ ကိုယ့်ယောကျ်ား အရက်သောက်တာကို မကြိုက်ပါ။ သို့သော် ထား ဘယ်တုန်းကမှ မတားခဲ့တာမို့ ခုလည်း ခေါင်းကို ခပ်လေးလေးညိတ်လိုက်၏။

"ရပါတယ် ဒေါက်တာ၊ ထားကို အားမနာပါနဲ့"

"ဟဲ ဟဲ၊ တွေ့လား ဒေါက်တာ ထားက ဒီလိုနားလည်မှုရှိတဲ့ မိန်းကလေးပါ၊ ကဲ ဒေါက်တာ ဘာသောက်မလဲ"

"ထား ခွင့်ပြုတာကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် အရက်မသောက်တာ ကြာပြီ၊ ဒါကြောင့် အချိုရည်ပဲ ယောက်ပါရစေ"

ဦးဘလှသန်းတင် စိတ်ထဲမှာတော့ ဒေါက်တာမိုးမြတ်ဟာ ထားရှေ့မှာ အမှတ်ယူနေတယ်ဟု ထင်၏။

"ဒါဆိုလဲ ရပါတယ်လေ၊ ဒေါက်တာ သဘောပေါ့၊ ကျုပ်ကိုတော့ ခွင့်ပြုနော်၊ ထမင်းစားကောင်းအောင် နည်းနည်းသောက်တတ်တယ်"

"ရပါတယ် ဦးဘလှသန်းတင် လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထား က အသင့်ပြင်ထားသော အမြည်းပွဲများကို ဦးဘလှ သန်းတင် ရှေ့ချပေးလိုက်၏။ ဒေါက်တာမိုးမြတ်ကတော့ ထိုမြင်ကွင်းကို မနှစ်သက်ပေမဲ့ မသိချင်ယောင်ဆောင်နေလိုက်၏။

“ထား ကော တစ်ခုခုသောက်ပါလား”

ဒေါက်တာမိုးမြတ် ကပြောတော့ ထား ခေါင်းညိတ်ကာ အရိုးရည်သောက်၏။ ဦးဘလှသန်းတင် က အရက်ကိုစပ်ရင်း-

“ကျုပ်တော့ ဒီမြို့ကို ဒေါက်တာပြောင်းလာတယ်ကြားတော့ ရုတ်တရက် အံ့သြမိတယ်ဗျ”

“ဘာအံ့သြစရာရှိလဲ ဦးဘလှသန်းတင်၊ ကျွန်တော်တို့ ဝန်ထမ်းတွေဆိုတာ စေရာသွားရတာပဲ မဟုတ်လား”

“ဒါဆို ဒေါက်တာက ဒီမြို့ကို တမင်တောင်းယူတာ မဟုတ်ဘူးပေါ့”

ထိုမေးခွန်းကြောင့် ဒေါက်တာမိုးမြတ် က ဦးဘလှသန်းတင် ကို စူးစူးစိုက်စိုက်ကြည့်၏။

“ဦးဘလှသန်းတင် က ဘယ်လိုထင်လို့လဲ”

“ဟဲ ဟဲ၊ ကျုပ်ထင်တာက ဒီမြို့ကို ထား နဲ့ပတ်သက်ပြီး သံယောဇဉ်တွယ်နေသလားလို့”

“အို အစ်ကိုကြီးကလဲ”

ထား မှာ ဒေါက်တာမိုးမြတ် ကို အားနာသွားရ၏။ ဒေါက်တာ





မိုးမြတ် က ခပ်မဲ့မဲ့ပြုံးသည်။

“အေးဗျာ၊ ထား နဲ့ပတ်သက်ပြီး ဒီမြို့လေးကို ကျွန်တော် တစ်ခေါက်သာရောက်ဖူးပေမဲ့ စိတ်ထဲက မှတ်မှတ်ရရဖြစ်နေတယ်၊ ဒီမြို့လေးက သာယာတယ်မဟုတ်လား”

မြို့လေးသာယာတင်ပဲလားဟု ဦးဘလှသန်းတင် မေးလိုက်ချင်ပါ၏။ ထား ၏မျက်နှာကိုကြည့်တော့ မသိမသာတင်းနေသည်။

“ကျွန်တော် ဒီမြို့ကို ပို့စတင်ကျတယ်ဆိုတော့ တိုက်ဆိုင်လွန်းတာကြောင့် ဦးဘလှသန်းတင် လိုပဲ ရုတ်တရက်အံ့သြမိတယ်၊ နောက်စဉ်းစားကြည့်တော့ ဒီမြို့လေးနဲ့ ကျွန်တော် ရေစက်ရှိလို့ပဲဖြစ်ရမယ်လို့ ယူဆခဲ့တယ်”

ဦးဘလှသန်းတင် က ခေါင်းညိတ်၏။ ဒေါက်တာ ပြောပုံအရ ဆိုရင် ဒီမြို့ကို သူတမင်တောင်းယူတာ မဟုတ်ဘူးပေါ့၊ အင်း ဒီလိုပဲဖြစ်ပါစေ။

“ဒါပေါ့ဗျာ၊ ရေစက်ရှိလို့ ကျုပ်တို့တစ်တွေဆုံရတယ်၊ အင်း ဒေါက်တာကို ခုလိုထမင်းစားဖိတ်တော့ ကျုပ်က ပထမအကြိမ် ထမင်းစားပွဲကို အမှတ်ရမိတယ်”

သည်တော့ ဒေါက်တာမိုးမြတ်နှင့် ထား တို့ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်မိ၏။ ထိုစဉ်အခါက သူတို့သုံးယောက်သည် တစ်ယောက်ကိုတစ်ယောက် မသက်ဆိုင်ဘဲ တစ်ဦးကိုတစ်ဦး အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



နေသောကာလ။ ထား ရင်ထဲကမေတ္တာကို တစ်နေ့ သူရလိမ့်မည်ဟု ဒေါက်တာမိုးမြင့် မျှော်လင့်ခဲ့၏။ ယခုတော့ သူ့မျှော်လင့်ချက်နှင့် ခြားကာ ထား ဆိုသောမိန်းမချောလေးကို ဦးဘလှသန်းတင် ပိုင်ဆိုင်သွားလေပြီ။ အတိတ်ကို သတိရမိတော့ ဒေါက်တာမိုးမြင့် ရင်ထဲ နာကျင်မိတာမဆန်း။

ထား မှာလည်း ထိုအကြောင်းကိုသတိရကာ ဒေါက်တာမိုးမြင့် အပေါ် အားနာသွားမိ၏။

"အဲဒီတုန်းက ဒေါက်တာနဲ့ထား က ကျုပ်ရဲ့ညှဲ့သည်နော်၊ အပွန်း ခုတော့ ကျုပ်နဲ့ထား တ အိမ်ရှင်၊ ဒေါက်တာက ဧည့်သည်ဖြစ်နေပြီ၊ ဒီတော့ အိမ်ရှင်ဝတ္တရားအတိုင်းပြောပါရစေ၊ ဒီမြို့မှာ လိုအပ်တဲ့ အကူအညီရှိရင် ကျုပ်အချိန်မရွေးကူညီနိုင်ပါတယ် ဒေါက်တာ"

"ကျေးဇူးပါပဲ ဦးဘလှသန်းတင်၊ လောလောဆယ်တော့ ကျွန်တော့်အတွက် ဘာအကူအညီမှ မလိုသေးပါဘူး"

"ကဲ အစ်ကိုကြီး တော်တော့နော်၊ ဒေါက်တာ ထမင်းစားချိန် နောက်ကျနေလိမ့်မယ်"

"အိုကေ အိုကေ၊ အစ်ကိုကြီးတို့လည်း အဆင်သင့်ဖြစ်ပါပြီ၊ ကဲ ကြွပါ ဒေါက်တာ"

ထား ပြင်ဆင်ထားသော ထမင်းပွဲကြီးမှာ အထူးခမ်းနားလှပါ၏။ ဟင်းတွေကလည်း စုံလှတာမို့ လူဆယ်ယောက်လောက်





စားနိုင်သည်။

"ဟာ ဟင်းတွေကစုံလှပါလား"

ဦးဘလှသန်းတင် က ထမင်းစားပွဲကိုကြည့်ကာ ပြောသည်။

"ဒါတွေအားလုံး ထား လက်ရာချည်းပဲ ဒေါက်တာ၊ ဒေါက်တာ ကြိုက်မယ်ထင်ပါတယ်"

ဦးဘလှသန်းတင် က နှုတ်ခမ်းတွန့်ကာ ပြုံးရင်းပြော၏။ ဒေါက်တာနှင့် ထား တစ်ယောက်ကိုတစ်ယောက် အကြည့်ချင်းဆုံသည်။ ထိုနောက် ဒေါက်တာကပြုံးကာ–

"ထား လက်ရာကို ကျွန်တော်စားခဲ့ဖူးတာဆိုတော့ မမေ့နိုင်အောင်ပါပဲဗျာ၊ ကျွန်တော် စားဖူးသမျှထဲမှာတော့ ထား လက်ရာ အကောင်းဆုံးပါပဲ"

"ဟား ဟား၊ ဒီနေရာမှာလည်း ဒေါက်တာနဲ့ကျုပ် ထား လက်ရာကို ကြိုက်တာချင်းတူသွားပြီ . . .

"ကဲ ဒေါက်တာကြိုက်တဲ့ ထား လက်ရာကို အားပါးတရသာ စားဗျာ"

ထား က ထမင်းများကို ကိုယ်တိုင်ခူးခပ်ထည့်ပေး၏။ ဦးဘလှသန်းတင် က ဒေါက်တာမိုးမြင့် ပန်းကန်ထဲ ဟင်းတွေထည့်ပေးသည်။

ထား က သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ဝင်စားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ အားမနာနဲ့နော်"

မျက်လွှာလေးပင့်ကာ ထား ပြောသည်။ တကယ်တော့ ဒေါက်တာပန်းကန်ထဲ ထား ကိုယ်တိုင် ဟင်းခပ်ထည့်ပေးချင်ပါ၏။ သို့သော် သဝန်တိုသော ဦးဘလှသန်းတင် ကို ရှေ့ထားကာ မလုပ်ချင်။ ဒါကို ဒေါက်တာလည်း နားလည်ပုံပါပဲ။

ဒေါက်တာမိုးမြင့်က ပြုံး၍ ခေါင်းညိတ်၏။ ဦးဘလှသန်းတင် က ထား ပန်းကန်ထဲကို ဟင်းခပ်ထည့်ပေးသည်။ အသည်းဖတ်။

ထား က မလုံမလဲဖြင့် ဒေါက်တာကိုကြည့်တော့ သူ မသိချင်ယောင်ဆောင်နေသည်။ ထမင်းစားပွဲမှာ တိတ်ဆိတ်စွာပြီးသွား၏။

"စားကောင်းရဲ့လား ဒေါက်တာ"

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ် ဦးဘလှသန်းတင်၊ ခုလို ကျွန်တော့်ကို ထမင်းဖိတ်ကျွေးတဲ့ ဦးဘလှသန်းတင်နဲ့ ထားကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဗျာ၊ ကျုပ်တို့က မိတ်ဆွေတွေပဲ"

ဒေါက်တာမိုးမြင့် ပြန်သွားချိန်မှာတော့ မိုးချုပ်ပြီ။ သူတို့ အိပ်ခန်းထဲဝင်လာတော့ ဦးဘလှသန်းတင် က အပေါ်အင်္ကျီကိုချွတ်ရင်း ထား ကိုကြည့်၏။

"ဘယ်လိုလဲ ထား၊ ဒေါက်တာကို ထမင်းစားဖိတ်လိုက်တဲ့အတွက် ကျေနပ်ပါတယ်နော်"





ထား က ဦးဘလှသန်းတင် ကို ဆတ်ခနဲကြည့်လိုက်၏။

"ထား ကျေနပ်ဖို့ ဒေါက်တာကိုဖိတ်တာမဟုတ်ဘူး အစ်ကိုကြီး၊ မိတ်ဆွေတစ်ယောက်အနေနဲ့ ဝတ္တရားကျေပွန်စွာ ဖိတ်တာ"

"ဪ ဒီလိုလား"

ဦးဘလှသန်းတင် က ပြုံးပြုံးကြီးခေါင်းညိတ်ကာ ထား ကို အကဲခတ်ကြည့်၏။ ထား က မသိချင်ယောင်ဆောင်ကာ ညဝတ်အင်္ကျီလဲသည်။ ဦးဘလှသန်းတင် က ထား ကို နောက်မှသိုင်းဖက်လိုက်၏။

"ထား ထား က အစ်ကိုကြီးမျက်စိထဲမှာ တစ်နေ့တခြား ပိုလှလာတယ် သိလား"

ထား ၏ ကုပ်သားနုနုလေးများကိုနမ်းရှိုက်ကာ သူပြောသည်။

"ဒီလိုပဲ ထား အလှကို တခြားလူတွေမြင်မှာ အစ်ကိုကြီး စိုးရိမ်တယ်ကွယ်"

ထား က ဆတ်ခနဲအလှည့်မှာ ဦးဘလှသန်းတင်နှင့် ရင်ချင်းအပ်မိသွား၏။ ထား က ဦးဘလှသန်းတင် ကို ခပ်စူးစူးကြည့်သည်။

"အစ်ကိုကြီးဟာ ကိုယ့်ဘာသာ တမင်အပူရှာတာပဲ"

"ဘယ်လိုပြောလိုက်တာလဲ ထား၊ အစ်ကိုကြီးဟာ ထားကို ချစ်လွန်းလို့ စိုးရိမ်နေတယ်ဆိုတာ နားလည်စမ်းပါကွယ်"

ပြောရင်း သူ ထား မျက်နှာလေးကို ဆွဲမော့ကာ ရှိုက်နမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



ထား သူ့ရင်ခွင်မှ ရုန်းထွက်လိုက်သည်။

"ထား အိပ်ချင်ပြီ အစ်ကိုကြီး"

ထား ခုတင်ဆီလျှောက်လာလိုက်၏။ ဦးဘလှသန်းတင်က သူမကိုကျောခိုင်းလျက် ပြတင်းပေါက်မှာရပ်နေ၏။ သူ ဘာတွေ စဉ်းစားနေလဲဆိုတာ ထား မသိ။ မကြာခင် ထား အိပ်ပျော်သွားရတော့သည်။

* * *





ထမင်းစားဖိတ်ပြီးနောက်ပိုင်း ဒေါက်တာမိုးမြတ်နှင့် မတွေ့ဖြစ်တော့ပါ။ များသောအားဖြင့် ထား အိမ်မှာပဲနေတာကြောင့်လည်း ဖြစ်၏။

ထား အပြင်မထွက်လေ ဦးဘလှသန်းတင် အကြိုက်မို့ ဝမ်းသာနေသည်။ အိမ်ကို ထမင်းစားမှန်မှန်ပြန်တတ်ကာ ထားနှင့်အတူ လက်ဆုံစား၏။

"ထား မပျင်းအောင် အစ်ကိုကြီး ဒီလထုတ်မဂ္ဂဇင်းတွေ ဝယ်လာတယ်၊ စီဒီအခွေသစ်ထွက်လို့လဲ ဝယ်လာတယ်"

ဦးဘလှသန်းတင် ပြန်လာတိုင်း ထားအတွက် တစ်မျိုးမဟုတ် တစ်မျိုးပါလာ၏။ အဝတ်အစားကအစ နောက်ဆုံးပေါ် အဆင်ဆန်းများကို ရန်ကုန်မှ တကူးတကမှာပေး၏။

တစ်ခါတစ်ရံမှာတော့ ထားကို စန္ဒရားတီးစေကာ သူ နားထောင်တတ်သည်။ ညနေဘက်များမှာတော့ လေညှင်းခံဖို့အတွက် ထားကို ခေါ်ထွက်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်ရက်ပိုင်းများမှာ ထား တို့အိမ်ထောင်ရေး သာယာနေတယ်ဟု ထင်ချင်စရာ။

"ဒေါက်တာမိုးမြတ် နဲ့တောင် တစ်နေ့က မြို့ထဲမှာတွေ့ကြသေးတယ်၊ သူက ထား နေကောင်းလားလို့ မေးလိုက်တယ်"

"ဪ"

ဒေါက်တာကို တစ်မြို့တည်းရှိနေတာသိပေမဲ့ သူမနှင့် ဘယ်လိုမှ မသက်ဆိုင်တော့ပြီမို့ တမင်မေ့ထားလိုက်၏။ ဦးဘလှသန်းတင်က အစဖော်တော့ ဒေါက်တာကို အမှတ်ရမိသည်။

"အစ်ကိုကြီးတောင် အိမ်လာလည်ပါဦးလို့ ဖိတ်ခဲ့သေးတယ်"

ဒေါက်တာမိုးမြတ်နှင့် ပတ်သက်လျှင် အမြဲသဝန်တိုတတ်သော ဦးဘလှသန်းတင် သည် ဒါတမင်သဘောထားကြီးချင်ယောင်ဆောင်ဘာဟု သူမထင်၏။

"ထား တောင် ဒေါက်တာ ဒီမြို့မှာရှိနေတယ်ဆိုတာ မေ့နေတယ်"

"ဟဲ ဟဲ ဒါဆို အစ်ကိုကြီး အစဖော်သလိုဖြစ်သွားရင် ခွင့်လွှတ်နော်"

ဦးဘလှသန်းတင် ခနဲ့မှုကို ထား မသိချင်ယောင်ဆောင်နေလိုက်ပည်။ သို့သော် ကံကြမ္မာသည် ထား ဘက်မှာမရှိပါ။

ဒေါက်တာမိုးမြတ် ရောက်လာသည့်ညနေပိုင်းမှာ ဦးဘလှ





သန်းတင် မရှိပါ။ ထား ရေချိုးပြီး ခြံထဲဆင်းကာ လမ်းလျှောက်နေ၏။

"ဟော ဒေါက်တာ"

ဆိုင်ကယ်ပေါ်မှဆင်းလာသော ဒေါက်တာက ထား ကိုပြုံးပြသည်။

"ထား နေကောင်းတယ်နော်"

"ဟုတ်ကဲ့ ဒေါက်တာ၊ ဒေါက်တာလဲ ခုမှပေါ်လာတော့တယ်နော်"

"အဟွန်း၊ အပြစ်တင်ရင်လဲ ခံရမှာပဲ ထား၊ ကျွန်တော် ကျန်းမာရေးနယ်လှည့်အဖွဲ့နဲ့ ပါသွားတယ်လေ"

"ဪ"

ဒါကြောင့် ဒေါက်တာပျောက်နေတာပါလားဟု ထား သိလိုက်၏။ ဒေါက်တာက သူမထံလျှောက်လာသည်။

"ဒေါက်တာ အသားတွေညိုသွားတယ်"

"တောဘက်ဆင်းရတာကို ထား ရဲ့"

"ထား ကတော့ အသားတွေ ပိုဖြူပြီးလှလာတယ်"

"အဟင်း၊ ကျေးဇူးတင်ပါတယ် ဒေါက်တာ"

မထင်မှတ်ဘဲ သူတို့ ခြံထဲလမ်းလျှောက်ဖြစ်ကြ၏။ နှင်းဆီပန်းများမှာ အရောင်အသွေးစုံလင်စွာဖြင့်လှပနေသည်။

"ဒါနဲ့ ဦးဘလှသန်းတင် ကော မမြင်ပါလား ထား"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မလာသေးဘူး ဒေါက်တာ၊ ခဏနေပြန်ရောက်လာမယ် ထင်တယ်"

ထားက ပြောရင်း အနီးမှာရှိသော နှင်းဆီတစ်ပွင့်ကို ခူးယူလိုက်၏။

"အား"

"ဟင်... ထား ဘာဖြစ်တာလဲ"

"ဆူးစူးသွားတယ်"

"ပြစမ်း၊ ဟင်... သွေးထွက်လာပြီ"

"အို..."

ဖျတ်ခနဲ ထား၏လက်လေးကို ယူကာ ဒေါက်တာပါးစပ်ထဲ ငုံ့ထားလိုက်သည်။ ထားမှာ မမျှော်လင့်သောအပြုအမူကြောင့် အံ့အားသင့်တုန်လှုပ်သွားစဉ် ခြံထဲသို့ဝင်လာသော ကားပေါ်မှ ဦးဘလှသန်းတင်က ထိုမြင်ကွင်းကို စူးစူးစိုက်စိုက်ကြည့်နေတာ သူတို့ သတိမထားမိ။

"ဒါက ဘယ်လိုဖြစ်ကြတာလဲ"

"ဟင်... အစ်ကိုကြီး"

"ဪ ဦးဘလှသန်းတင်"

ထားက သူ့မလက်လေးကို ဆတ်ခနဲရုတ်သိမ်းလိုက်၏။ ဦးဘလှသန်းတင် မျက်နှာက သဝန်တိုစိတ်ကြောင့် နီရဲနေပြီ။





"ဘာ အစ်ကိုကြီးလဲ ဟင် မိန်းမယုတ်"

"ဖျန်း"

"ဟာ ဦးဘလှသန်းတင် ဘယ်လိုလုပ်လိုက်တာလဲ"

"ဪ မင်းလဲ သူများမယား ကြာခိုချင်တဲ့ကောင်"

"ခွပ်"

ဦးဘလှသန်းတင်၏ မထင်မှတ်သော လက်သီးချက်ကို ဒေါက်တာမိုးမြတ် ရှောင်ချိန်မရလိုက်။ ကိုယ်ယိမ်းခနဲဖြစ်ကာ နှတ်ခမ်းနှတ်ခမ်းစမှ သွေးတွေထွက်လာ၏။

"ခင်ဗျား... ခင်ဗျား တောက် ထားမျက်နှာနဲ့မို့ပေါ့၊ ဟင် ထား ထား"

သည်တော့မှ ဦးဘလှသန်းတင် ထားကိုကြည့်မိ၏။ ထားသည် နေရာမှာခွေလဲကာ သတိလစ်နေပြီ။

"ထား"

ဦးဘလှသန်းတင် မျက်လုံးပြာခနဲဖြစ်ကာ ထားဆီပြေးသွားပေမဲ့ နောက်ကျပြီ။ ဒေါက်တာမိုးမြတ်က ထားကို ပွေ့ချီကာ စိုးရိမ်စွာခေါ်နေသည်။

"ထား ထား"

"ထား... ထား ဘာဖြစ်တာလဲ ဒေါက်တာ"

ဦးဘလှသန်းတင် မျက်နှာမှာ စိုးရိမ်တုန်လှုပ်စိတ်များက တားမရ။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ စမ်းကြည့်ရမယ်"

ထိုနောက် ထား ကို အိမ်ပေါ်ခေါ်ခဲ့ကြ၏။ ဒေါက်တာမိုးမြတ်မှာ ဆေးအိတ်ပါလာတာကြောင့် အသင့်ဖြစ်သွား၏။

ထား ကို စမ်းသပ်စစ်ဆေးနေစဉ်အတွင်း ဦးဘလှသန်းတင် စိတ်လှုပ်ရှားတာ ဝှားမရ။ သတိလစ်နေသော ထား၏လက်လေးကို ဆုပ်ကိုင်ကာ နောင်တရသံဖြင့်–

"ထား ထား"ဟု ခေါ်နေသည်။

အတော်ကြာ စမ်းသပ်ပြီးချိန်မှာတော့ ဒေါက်တာမိုးမြတ် သက်ပြင်းချလိုက်၏။

"ဟင်း တော်သေးတာပေါ့၊ ထား အားနည်းပြီး သတိလစ်သွားတာပါ၊ ခင်ဗျား ဘာမှစိုးရိမ်မနေနဲ့"

"ဒေါက်တာ ဒေါက်တာ ကျုပ်"

"ဒီမှာ ဦးဘလှသန်းတင် ထားဟာ အင်မတန်မှ သစ္စာရှိတဲ့ မိန်းကလေးပါ၊ သူ ခင်ဗျားကို မချစ်နှစ်သက်ဘဲ လက်ထပ်ခဲ့ပေမဲ့ ဘယ်တော့မှ သစ္စာဖောက်ဖို့ မကြိုးစားဘူး၊ ရှင်းရှင်းပြောမယ်ဗျာ၊ ထားသာပြန်လာရင် ကျွန်တော် အချိန်မရွေးကြိုဆိုမယ်လို့ ပြောခဲ့တာတောင် ထား တစ်ချက်ခေါင်းမညိတ်ဘူး၊ ဒါဟာ ခင်ပွန်းတစ်ယောက်ဖြစ်တဲ့ ခင်ဗျားအပေါ် သစ္စာရှိတာပဲ၊ စောစောက ထား လက်နှင်းဆီစူးသွားလို့ ကျုပ်ပါးစပ်ထဲငုံပေးမိတာပဲ၊ ဒါကို ခင်ဗျားတစ်မျိုးမြင်တာ





ကျွန်တော် စိတ်မကောင်းဘူး"

ဦးဘလှသန်းတင်က နောင်တရစွာဖြင့် ဒေါက်တာမိုးမြတ်ကို ကြည့်၏။

"ကျုပ်မှားသွားပြီ ဒေါက်တာ"

"ခင်ဗျား ပိုမှားသွားတာက ကိုယ်ဝန်ရှိနေတဲ့ ထားကို ဒီလို အထင်လွဲပြီး ရက်ရက်စက်စက် ရိုက်လိုက်တာပဲ"

"ဗျာ... ထား ထားမှာ ကိုယ်ဝန်ရှိနေပြီ"

ဒေါက်တာမိုးမြတ် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူ့ကို ခင်ဗျားဂရုစိုက်ပါ၊ ကဲ ကျွန်တော်သွားပြီ၊ ဪ ထား နိုးလာရင် ကျွန်တော်နှုတ်ဆက်ခဲ့တယ်လို့ ပြောလိုက်ပါ၊ မကြာခင် ကျွန်တော် ရန်ကုန်ပြန်ပြီး မိဘသဘောတူတဲ့မိန်းကလေးနဲ့ လက်ထပ်တော့မှာမို့ နှုတ်ဆက်သွားတယ်လို့"

"ဟင်..."

ဦးဘလှသန်းတင်မှာ အကြီးအကျယ်နောင်တရသွားပါပြီ။ ဒေါက်တာမိုးမြတ်နှင့် ထားအပေါ် သူ ရက်ရက်စက်စက် အထင်လွဲခဲ့တာပါလား။

သို့သော် ဒေါက်တာမိုးမြတ်ကတော့ သူ့ကို ကျောခိုင်းသွားလေပြီ။ သူ ထားမျက်နှာလေးကို စူးစိုက်ငုံ့ကြည့်မိသည်။

ဆံစလေးတွေ ခြောက်သွေ့ကာ မျက်ကွင်းလေးတွေညိုနေသော



www.burmeseclassic.com

www.burmeseclassic.com



ထား မျက်နှာကို ဘာကြောင့် သတိမပြုမိခဲ့ပါလိမ့်။ ထား ထား ရယ်၊ အစ်ကိုကြီးကို ခွင့်လွှတ်ပါ ကလေးရယ်။

ပျော့ပျောင်းသော ထား ၏ လက်လေးများကို ဆုပ်ကိုင်ကာ သူ တိုးတိတ်စွာ တောင်းပန်မိသည်။

ထား မှာ သူ့ ရင်သွေးလေးရှိနေပြီဆိုတဲ့အသိက ဦးဘလှ သန်းတင် ရင်ထဲ တလှိုက်လှိုက်ကြည်နူးစေ၏။

သို့သော် သူ၏ အထင်လွဲမှုကြောင့် ထား ခွင့်မလွှတ်လေဖြင့်–

အို ထား ရယ်၊ အဲဒီအတွက် အစ်ကိုကြီး မင်းကို ဘယ်လိုပဲ တောင်းပန်ရပါစေကွယ်။ မင်းခွင့်လွှတ်ဖို့ အစ်ကိုကြီး ကြိုးစားပါရစေ။

တစ်ခုပဲ တောင်းပန်ပါရစေ။ အစ်ကိုကြီးတို့ မိသားစုလေးကို တော့ ထား မဖြိုခွဲလိုက်ပါနဲ့။ ထား သနားမှ အစ်ကိုကြီးဘဝဟာ သာယာစိုပြည်မယ်ဆိုတာ မင်းသိပါကလေးရယ်။

သူသည် ထား မျက်ဝန်းတွေ ဖွင့်လာမည့်အချိန်ကို ရင်တထိတ် ထိတ်စောင့်လျက် . . .

ဆုအဥ္မလီ

www.burmeseclassic.com